# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၁၃ ရက်၊ စနေနေ့ အတွဲ (၅၉)၊ အမှတ် (၂၅၄)


## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး

အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၂ ရက်)

Coronavirus Disease 2019 (COVID–19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးသည့် ကိစ္စရပ်များမပါ) အား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ တစ်ပိုင်တစ်နိုင် ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အင်းစိန်ပြည်သူ့ဆေးရုံကြီး ဆေးပညာဌာန ပါမောက္ခ၊ Fever Clinic များ ဖွင့်လှစ်ဆောင်ရွက်သူ ဒေါက်တာမာမာကြည်၊ COVID–19 ကာကွယ်၊ ထိန်းချုပ်ရေးတွင် Social Cohesion ဆောင်ရွက်နေသူ ဦးအောင်ကျော်မိုးနှင့် အဝတ် Mask များ တစ်ပိုင်တစ်နိုင်ချုပ်လုပ်ရောင်းချသူ ဒေါ်နန်းဇင်ဟန်ဦးတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

နေပြည်တော် ဇွန် ၁၂

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အင်းစိန်ပြည်သူ့ဆေးရုံကြီး ဆေးပညာဌာန ပါမောက္ခ၊ Fever Clinic များ ဖွင့်လှစ်ဆောင်ရွက်သူ ဒေါက်တာမာမာကြည်၊ COVID–19 ကာကွယ်၊ ထိန်းချုပ်ရေးတွင် Social Cohesion ဆောင်ရွက်နေသူ ဦးအောင်ကျော်မိုးနှင့် အဝတ် Mask များ တစ်ပိုင်တစ်နိုင် ချုပ်လုပ်ရောင်းချသူ ဒေါ်နန်းဇင်ဟန်ဦးတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး အပြန်အလှန်ဆွေးနွေးသည်။


စာမျက်နှာ ၄ ကော်လံ ၁ ❍





မြန်မာ့အလင်း

# နယူးနော်မယ်နှင့် ရင်သွေးငယ်

လာမည့် ဇူလိုင်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ပုံမှန်စာသင်နှစ်များထက် ရက်သတ္တ ခုနစ်ပတ်ခန့် နောက်ကျဖွင့်လှစ်ရမည့် စာသင်နှစ်အတွက် ကျောင်းသားမိဘများအတွင်း စိုးရိမ်ကြောင့်ကြမှုတို့လည်း ရှိနေသည်။ အထူးသဖြင့် ယခုနှစ်မှစ၍ ကျောင်းထားကြရမည့် ကလေးငယ်များနှင့် စပ်လျဉ်း၍ မိဘတို့ ပူပန်နေကြရခြင်းဖြစ်သည်။

အခြေခံပညာကျောင်းများ ပြန်လည် ဖွင့်လှစ်ရာတွင် အထက်တန်းအဆင့်ကို ဦးစွာဖွင့်လှစ်ပြီး တွေ့ကြုံရမည့် အားနည်းချက်၊ လိုအပ်ချက်များကို ပြင်ဆင်ကာ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်များကို တစ်ဆင့်ချင်းစီ ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားထားသည်။ ထို့ပြင် ယင်းသို့ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန် အရေးကြီးကြောင်းဖြင့်လည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

၂၀၂၀ -၂၀၂၁ ပညာသင်နှစ် COVID-19 ကာကွယ်၊ ထိန်းချုပ် ၊ တားဆီးနိုင်ရေးနှင့် ပတ်သက်၍ ကျောင်းသို့မလာမီနှင့် ကျောင်းပို့ချိန်၊ ကျောင်းချိန်အတွင်း မုန့်/ ထမင်းစားနားချိန်၊ ကျောင်းဆင်းချိန်တို့တွင် မိဘ၊ ဆရာနှင့် ကျောင်းသားများ လိုက်နာရမည့် အချက်များ (Version 1.1) ကို ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ (၂-၆-၂၀၂၀)ရက်စွဲဖြင့် ထုတ်ပြန်ထားရာ သတင်းစာများတွင် ဖော်ပြအသိပေးလျက်ရှိသည်။ ကျောင်းဖွင့်ချိန်တွင် နေ့စဉ်ကျင့်သုံးကြရတော့မည့် အနေအထိုင်၊ အပြုအမူများနှင့် ပတ်သက်၍ မိဘများက မိမိတို့၏ ရင်သွေးကျောင်းသား၊ ကျောင်းသူများကို ယခုကပင်စ၍ အသိပညာပေး လေ့ကျင့်ထားကြရမည့် အချက်များလည်း ပါရှိနေရာ မိဘများကိုယ်တိုင် ကျေကျေညက်ညက် လေ့လာ၍ သားငယ် သမီးငယ်တို့ကို ကြိုတင်သင်ကြားပေးထားကြရန် တိုက်တွန်းလိုသည်။ ထို့အပြင် မိဘ၊ ဆရာများ ပူးပေါင်း၍လည်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေး စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်၊ အိမ်နှင့် ကျောင်း၊ ကျောင်းနှင့်အိမ်အကြား ကွင်းဆက်မပြတ် ဆောင်ရွက်ရန်လည်း လိုအပ်မည်ဟု ရှုမြင်မိသည်။

ကိုဗစ်-၁၉ သည် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့်အတွက် နိုင်ငံတကာတို့တွင်လည်း ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းသား ကျောင်းသူများ ရောဂါကူးစက်မှုအန္တရာယ်မှ ဘေးကင်းလုံခြုံစွာ ပညာသင်ယူမှုရရှိရေးအတွက် အစီအမံများကို ချမှတ်ဆောင်ရွက်ကြရသည်။ ကျောင်းများ အန္တရာယ်ကင်းဘေးရှင်းဖွင့်လှစ်နိုင်ရေးအတွက် တစ်နိုင်ငံနှင့်တစ်နိုင်ငံ နည်းလမ်းများ အပြန်အလှန် လေ့လာကြရသည်။ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ရောဂါကူးစက်ပြန့်ပွားမှုများ မြင့်တက်လာမှုကြောင့် ပြန်ပိတ်ကြရသည့် နိုင်ငံများရှိသလို ရောဂါကာကွယ်ဆေး မတွေ့မချင်း ကျောင်းများကို ပြန်မဖွင့်ဟူ၍ ယတိပြတ်ဆုံးဖြတ်ထားသည့် နိုင်ငံမျိုးလည်း ရှိနေသည်။

ကိုဗစ်-၁၉ ကပ်ရောဂါက အချိန်ကြာကြာရှိနေဦးမည်ဖြစ်ရာ မိမိတို့၏ နေ့စဉ်ဘဝများကို ပုံစံအသစ် (New Normal) ဖြင့် ဖြတ်သန်းကြရန် ပြင်ဆင်နေကြရပြီဖြစ်သည်။ ကနဦးတွင် အသားမကျသေးသည့်တိုင်အောင် မဖြစ်မနေ ကျင့်သုံးကြရမည်သာဖြစ်သည်။ မိမိတို့ကိုယ်တိုင်သာမက ပညာသင်ယူရေးအတွက် ကျောင်းတက်ကြရတော့မည့် မိမိတို့၏ ရင်နှစ်သည်းချာ သားသမီးရတနာတို့ကိုလည်း ကူးစက်ရောဂါမှ ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်ရေး လေ့ကျင့်သင်ကြားပေးခြင်းဖြင့် မကြာမီစတင်တော့မည့် ကျောင်းဖွင့်ရာသီတွင် ကျန်းမာပျော်ရွှင်စွာ စာသင်ခန်းသို့ ဝင်ရောက်နိုင်ကြမည် ဖြစ်ပါကြောင်း။ ။

# Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID-19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့် အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် (၂၀၂၀)ပြည့်နှစ်၊ ဇွန်လ (၁၂) ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် -

**COVID-19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၁၂-၆-၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ခရိုင်နှင့် မြို့နယ် ဘဏ်ခွဲများ)မှ ဝန်ထမ်းများ (ဒုတိယအကြိမ် လှူဒါန်း) | 137.78 |
| ၂။ | ASA Microfinance (Myanmar) Limited | 70.00 |
| ၃။ | ဆရာမကြီး ဒေါ်ခေမာစာရီ(ဝင်ဒါမီယာ) အား အမှူးထား၍ Upland Co.,Ltd နှင့် R.V Thurgau Exotic မိသားစု | 54.00 |
| ၄။ | VisionFund Myanmar Co.,Ltd | 50.00 |
| ၅။ | MT.Royal Peridot (2020),Norstar Ship Management Pte ltd မှ သင်္ဘောသားများ | 45.33 |
| ၆။ | အဖြူရောင်လက်များအဖွဲ့မှကြီးမှူး၍ စာပေမြတ်နိုးသူများ | 35.18 |
| ၇။ | DSA 10th Intake | 30.00 |
| ၈။ | Oldmen Seventy Group | 30.00 |
| ၉။ | ဦးမောင်မောင်အေး+ဒေါ်ခင်ဝင်းမြင့် ၊ ဒေါ်ညွန့်ညွန့်၊ ဒေါ်နုနု မိသားစု | 30.00 |
| ၁၀။ | လူမှုကွန်ယက်မှ အများပြည်သူကောင်းမှု | 27.00 |
| ၁၁။ | ၁၉၉၄ (အကြီးတန်း) စိုက်ပျိုးရေးတက္ကသိုလ်၊ ကျောင်းသား/သူဟောင်းများ | 25.30 |
| ၁၂။ | ဦးဘဟန်+ဒေါ်ခင်အေး သား/သမီး မြေး၊ မြစ် မိသားစု၊ ရန်ကင်း | 15.00 |
| ၁၃။ | ညောင်လေးပင်မြို့နယ်သူ/သားများ(ရန်ကုန်) | 12.50 |
| ၁၄။ | ဝန်ထမ်းအဖွဲ့အစည်းဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၃/၂၀၁၉) ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) | 11.00 |
| ၁၅။ | ဦးကိုကိုကြည်+ဒေါ်သန်းမြတ်ဝင်း၊ ပွင့်သစ်စရတနာမော်တော်ယာဉ်၊ ရန်ကုန် | 10.00 |
| ၁၆။ | မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုသဆရာဝန်များအသင်း (ဗဟို)(၂၀၁၉-၂၀၂၁) | 10.00 |
| ၁၇။ | နယ်ဖြစ်ဒုရဲအုပ်လောင်းသင်တန်း(၉/၈၄) လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ | 10.00 |
| ၁၈။ | ဒေါ်တိုး၊ (၆၉)နှစ်ပြည့် မွေးနေ့အလှူ | 5.00 |
| ၁၉။ | The Golden Lotus Co.,Ltd | 3.00 |
| ၂၀။ | ဒေါ်တင်အေးချို၊ ကညန၊ နေပြည်တော် | 1.00 |
| | **စုစုပေါင်း** | **612.09** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေးထုတ်ပြန်သွားမည် ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ**

# အသိုက်အဝန်းနှင့် အဖွဲ့အစည်းရေးရာ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်ရာထူးနေရာအတွက် မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ နိုင်ငံသားများထံမှ လျှောက်လွှာခေါ်ယူခြင်း

**နေပြည်တော် ဇွန် ၁၂**

အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အသိုက်အဝန်းနှင့် အဖွဲ့အစည်းရေးရာ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ် ရာထူးနေရာအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ နိုင်ငံသားများထံမှ လျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။ လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများ အပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ Website ဖြစ်သည့် https://asean.org /opportunities/vacancies-asec/တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဖျော်ဖြေရေးဆပ်ကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၁၂**



မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဖျော်ဖြေရေး ဆပ်ကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

ဖျော်ဖြေရေး ဆပ်ကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်နှင့် ဆပ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများက ရုပ်ရှင်နှစ်(၁၀၀) ပြည့်ပွဲတော်နှင့် ပတ်သက်၍ ရုပ်ရှင်တေးသီချင်းများနှင့် ခေတ်ပေါ် တေးသီချင်းများ၊ တေးသရုပ်ဖော်၊ တစ်ခန်းရပ်ပြဇာတ် ၊ ပြဇာတ်ကြီး၊ အလှပြကားဖျော်ဖြေရေး အစီအစဉ်၊ ရုပ်ရှင်အနုပညာရှင် သရုပ်ဆောင်များ၏ ရုပ်ပုံတူများနှင့် အမှတ်တရဓာတ်ပုံ ရိုက်ကူးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရုပ်ရှင်နှစ် (၁၀၀) ပြည့် ပွဲတော်နှင့် ပတ်သက်၍ ငွေရတု၊ ရွှေရတု၊ စိန်ရတု ခေတ်အဆက်ဆက် တေးသီချင်းများ သရုပ်ဖော်နိုင်မည့် အစီအစဉ်၊ ကျင်းပနိုင်မည့်နေရာ၊ ရုပ်သံလိုင်းများတွင် ရိုက်ကူးပြသဖျော်ဖြေနိုင်မည့် အစီအစဉ်များ၊ 3D ရုပ်လုံးကြွ အမှတ်တရဓာတ်ပုံ ရိုက်ကူးနိုင်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

**ဥမ္မာ၊ ရီရီ**

# ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့် ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၁/၂၀၂၀**
**၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၂ ရက်)**
**ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်**

လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ COVID-19 ကြောင့် ထိခိုက်မှုဖြစ်ပွားခဲ့သည့် လုပ်ငန်းများ၏ စီးပွားရေးသက်ရောက်မှုများအပေါ် "အားလုံးတစ်ပေါင်းတည်း ကျော်လွှားခြင်း COVID-19 စီးပွားရေးကုစားမှုအစီအစဉ် (COVID-19 Economic Relief Plan)" နှင့်အညီ အကောင်အထည်ဖော် ကုစားပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၃၂ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ဤအမိန့်ကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်ဟု ခေါ်တွင်စေရမည်။

၂။ ဤအမိန့်သည် ၂၀၂၀-၂၀၂၁ စည်းကြပ်နှစ်အတွက် အကျိုးသက်ရောက်စေရမည်။

၃။ ဤအမိန့်တွင်ပါရှိသော စကားရပ်များသည် ဝင်ငွေခွန်ဥပဒေနှင့် ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့တွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

၄။ အားလုံးတစ်ပေါင်းတည်းကျော်လွှားခြင်း COVID-19 စီးပွားရေးကုစားမှုအစီအစဉ် (COVID-19 Economic Relief Plan)၏ ပန်းတိုင်(၂)၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းများအား တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍအပေါ် သက်ရောက်မှုကို ဖြေလျှော့ပေးခြင်း ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် အောက်ဖော်ပြပါ အခွန်သက်သာခွင့်များကို ခံစားခွင့်ပြုလိုက်သည် -

(က) ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွင်း ထပ်တိုးပေးချေရသည့်လုပ်ခ၊ လစာစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို ပြန်အမ်းငွေ ရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် (non-refundable tax credit) အဖြစ် ခံစားခွင့်၊

( ခ ) ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွင်း ထပ်တိုးပေးချေခဲ့ရသည့်လုပ်ခ၊ လစာစုစုပေါင်းပေးချေမှု၏ ၁၂၅ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို အသုံးစရိတ်အဖြစ် ဝင်ငွေမှနုတ်ပယ်ခွင့်၊

( ဂ ) ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွင်း သတ်မှတ်မတည်အပိုင်ပစ္စည်းများ ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် တိုးချဲ့သုံးစွဲခဲ့သည့် မတည်ပစ္စည်းတန်ဖိုးစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် (non-refundable tax credit) အဖြစ် ခံစားခွင့်၊

(ဃ) ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွက် ရရှိမည့် ထပ်တိုးသတ်မှတ် မတည်အပိုင်ပစ္စည်းတန်ဖိုးလျော့စရိတ်၏ ၁၂၅ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို တစ်ကြိမ်တည်းတိုးမြှင့်ခံစားခွင့် (one time depreciation)။

၅။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် အပိုဒ် ၄ ပါ အခွန်သက်သာခွင့်များဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ခံစားခွင့်ရှိသည့် စီးပွားရေးလုပ်ငန်းများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး သရုပ်ပြမဲရုံ ခင်းကျင်းပြသ

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်နေ့၌ မဲဆန္ဒရှင်ပြည်သူများ မဲရုံတွင် မဲစာရင်းကြည့်ရှုခြင်း၊ မဲပေးခြင်းများ ဆောင်ရွက်စဉ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ဆန္ဒမဲပေးခြင်းဆိုင်ရာ လက်တွေ့သရုပ်ပြခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပသည်။

အဆိုပါ သရုပ်ပြပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် International Foundation for Electoral Systems (IFES) အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် (ရွေးကောက်ပွဲဆိုင်ရာ) က သရုပ်ပြမဲရုံ ဆောင်ရွက်ရခြင်းကို ရှင်းလင်းတင်ပြပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မဲပေးခြင်း လုပ်ငန်းစဉ်များကို ကော်မရှင်ရုံးမှ ဝန်ထမ်းများက သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## သမဝါယမဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

သမဝါယမဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ညှိနှိုင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သမဝါယမတက္ကသိုလ် (သန်လျင်နှင့် စစ်ကိုင်း) တို့မှ ပါမောက္ခချုပ်များ၊ သမဝါယမကောလိပ် (မန္တလေးနှင့် ဖောင်ကြီး) တို့မှ ကျောင်းအုပ်ကြီးများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် သမဝါယမတက္ကသိုလ်/ကောလိပ်များ၏ စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာအရည်အချင်း သတ်မှတ်ချက်ဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်ဝင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းမှုအား လက်ခံ

**နေပြည်တော် ဇွန် ၁၂**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အလှူရှင်များက အလှူငွေနှင့် ဆေးပစ္စည်းများကို နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ယနေ့ မွန်းလွဲပိုင်းတွင် လာရောက်လှူဒါန်းရာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး (၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံသည်။**(အောက်ပုံ)**

ရှေးဦးစွာ အလှူရှင်များကိုယ်စား Novartis Pharma Services မှ ကိုယ်စားလှယ်တစ်ဦးက လှူဒါန်းရသည့် အကြောင်းရင်းနှင့် စပ်လျဉ်း၍ မိမိတို့နိုင်ငံတွင် လက်ရှိ၌ ကိုဗစ်-၁၉ ကပ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်သည်ကို သိရှိရပါကြောင်း၊ ထိုသို့ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများအားလုံးမှ ပါဝင်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ မိမိတို့ အလှူရှင်များအနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ လက်တွဲကူညီပါဝင်ခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုအချိန်၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့ပေါင်းစုံနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် အတိုင်းအတာတစ်ခုအထိ ရောဂါထိန်းချုပ်ထားနိုင်သော်လည်း ပေါ့ဆ၍မရပါကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုလတ်တလောကာလ၌ တွေ့ရှိရသော ကိုဗစ်-၁၉ လူနာအများစုမှာ ပြည်ပနိုင်ငံများမှ ပြန်လာကြသူများ ဖြစ်ပါကြောင်း၊ ထို့အတွက် အသွားအလာကန့်သတ်ခံရသူများအနေဖြင့် သတ်မှတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်မှာ ယခုအချိန်တွင် အထူးအရေးကြီးပါကြောင်း၊ ယခုကဲ့သို့ အလှူရှင်များ၏ လှူဒါန်းမှုသည် ယခု ကိုဗစ်-၁၉ ဖြစ်စဉ်တွင် လူနာများအတွက် အသုံးပြုနိုင်မည်သာမက ရေရှည်တွင် ကျန်းမာရေးစနစ် ပိုမိုကောင်းမွန်စေရေး အရင်းအနှီးများလည်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းနှင့် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်တို့က လှူဒါန်းမှုများကို လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လှူဒါန်းပွဲတွင် Novartis Pharma Services မှ အမေရိကန်ဒေါ်လာ ၂၁၀၀၀၀ တန်ဖိုးရှိ SARS- COV 2 test ၇၈၇၂ ခုနှင့် PPE Full set ၂၄၉၆ စုံ၊ Unilever EAC Myanmar Co.ltd မှ အမေရိကန်ဒေါ်လာ ၅၃၂၈၀ တန်ဖိုးရှိ 2019 nCov Nucleic acid Diagnostic kit ၂၈၈၀၊ ASA microfinance (Myanmar) Limited (မင်္ဂလာဒုံ) မှ ကျပ်သိန်း ၇၀၊ ပြည်သူ့ပါတီမှ PPE Full set ၅၀ နှင့် Mask ၅၀၀၀၊ Tharaphu Soe Myint Co., ltd မှ ကျပ်သိန်း ၅၀ တန်ဖိုးရှိ PPE, N95, Mask, Hand Gel နှင့် Hand Spray များ၊ ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၃/၂၀၁၉) ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တက်ရောက်ခဲ့သူများမှ ကျပ် ၁၁ သိန်း၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (ဗဟို) (၂၀၁၉-၂၀၂၁) မှ ငွေကျပ် ၁၀ သိန်း၊ MT. Royal Peridot (2020), Norstar Ship Management PTE ltd မှ သင်္ဘောသားများမှ ငွေကျပ် ၄၅ ဒသမ ၃၃၃ သိန်း၊ လူမှုကွန်ရက်မှ အများပြည်သူကောင်းမှု ငွေကျပ် ၂၇ သိန်း၊ ညောင်လေးပင်မြို့နယ်သူ မြို့နယ်သားများ (ရန်ကုန်) မှ ကျပ် ၁၂ ဒသမ ၅ သိန်း၊ နယ်ဖြစ်ဒုရဲအုပ်လောင်းသင်တန်း (၉/၈၄) လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့မှ ငွေကျပ် ၁၀ သိန်းနှင့် Myanmar Royal Golden Elephant Co. ltd မှ ငွေကျပ် ၉၆၀၀၀၀ တန်ဖိုးရှိ Mask ၉၆၀၀ တို့အား လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်သူသာလျှင် အဓိက

**ကိုဗစ်- ၁၉ ရောဂါ တစ်ဦးနှင့်တစ်ဦး ကူးစက်ပြန့်ပွားမှု မရှိအောင် ကာကွယ်ခြင်းသည် ပထမဆုံး ဦးစားပေး ဆောင်ရွက်ရမည့် အရေးအကြီးဆုံးကိစ္စဖြစ်၊ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တစ်ယောက်ချင်း တစ်ယောက်ချင်းစီက လိုက်နာဆောင်ရွက်ပါက မည်သည့်ပြဿနာမျှ ရှိမည်မဟုတ်၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ရောဂါလက္ခဏာများကို စောစောစီးစီး ရှာဖွေတွေ့ရှိရန် အရေးကြီး**

○ရွှေဖုံးမှ

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ လုပ်ဆောင်ရသည်မှာ များပြားပါကြောင်း၊ အဘက်ဘက်မှ ဆောင်ရွက်နေရပါကြောင်း၊ တစ်ယောက်ချင်း တစ်ယောက်ချင်းစီက ဆောင်ရွက်မှုသာ အဘက်ဘက်မှ အားလုံးစုပေါင်းအင်အားဖြင့် ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း၊ ယနေ့ တွင် Fever Clinic တစ်ဦး၊ လက်ဆေးရည် ထုတ်လုပ်ဖြန့်ဝေသူတစ်ဦးနှင့် အဝတ် Mask ထုတ်လုပ် နေသူတစ်ဦးတို့နှင့် ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ အဝတ် Mask ထုတ်လုပ်၍ ရောင်းချခြင်းကို သဘောကျပါကြောင်း၊ ယခုအချိန်တွင် စီးပွားရေးအနေဖြင့်လည်း တတ်နိုင်သမျှ လည်ပတ်ရန် လိုအပ်ပါကြောင်း၊ လည်ပတ်သည့် စီးပွားရေးပုံစံသည်လည်း ယခုနိုင်ငံတော်မှ လိုအပ်နေသည့် အခြေအနေနှင့် ကိုက်ညီရမည် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် မလိုအပ်သည့်အရာများ ထုတ်လုပ်နေပါက မည်သူမျှဝယ်မည် မဟုတ်ပါကြောင်း၊ ခြစ်ခြုတ်သုံးနေရသည့် အခြေအနေ ဖြစ်ပါကြောင်း၊ ပိုလျှံနေသည့် ဝင်ငွေမရှိကြပါကြောင်း၊ ထို့ကြောင့် ရှိသည့်ငွေများကို အဓိကကျသည့် ကိစ္စရပ်များတွင်သာ သုံးမည်ဖြစ်သည့်အတွက် ကိုဗစ်ကာလတွင် လိုအပ်သည့် ပစ္စည်းများ ထုတ်လုပ်ခြင်းမှာလည်း များစွာကောင်းမွန်ပါကြောင်း ပြောကြားသည်။

## ပြည်သူလူထု၏ အားကိုးရာဖြစ်လာ

ထို့နောက် အင်းစိန်ပြည်သူ့ဆေးရုံကြီး ဆေးပညာဌာန ပါမောက္ခ၊ Fever Clinic များ ဖွင့်လှစ်ဆောင်ရွက်သူ ဒေါက်တာမာမာကြည်က ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေး အဖျားဆေးခန်း ဖွင့်လှစ်ထားရှိမှုနှင့်စပ်လျဉ်း၍ တတိယမြောက် COVID–19 အတည်ပြုလူနာကို မတ် ၂၅ ရက်တွင် အင်းစိန်ဆေးရုံမှ တွေ့ရှိခဲ့ကြောင်း၊ ထိုအချိန်တွင် ကျန်းမာရေးဝန်ထမ်းများလည်း ရောဂါကူးစက်ခံရမည်ကို ကြောက်ရွံ့ခဲ့ကြောင်း၊ ကာကွယ်ရေးပစ္စည်းများလည်း မရှိ၍ GP ဆေးခန်းများ မဖွင့်သည့်အတွက် လူနာများ အခက်အခဲဖြစ်ကြောင်း၊ ထို့ကြောင့် ဧပြီလ ၂ ရက်တွင် အင်းစိန်မြို့နယ်၌ Fever Clinic စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ လူနာလေးပုံသုံးပုံခန့်မှာ Fever Clinic များသို့ လာရောက်ကြပြီး ကျန်လူနာလေးပုံတစ်ပုံခန့်သာ ဆေးရုံသို့ သွားကြသည့်အတွက် Fever Clinic များ သည် ဆေးရုံ၏ အလုပ်ကို များစွာလျှော့ချပေးနိုင်ကြောင်း၊ သံသယလူနာများကို ကြိုတင်စစ်ဆေး တွေ့ရှိနိုင်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ မူဝါဒနှင့်လည်း ကိုက်ညီကြောင်း၊ Fever Clinic များသည် သံသယလူနာ ၄၀၀ ခန့် ကြည့်ပေးနိုင်ခဲ့ပြီး COVID–19 အတည်ပြုလူနာ Cluster တစ်ခုကိုလည်း တွေ့ရှိခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ၄၅ မြို့နယ်အနက် မြို့နယ် ၂၂ ခုတွင် Fever Clinic များ ဖွင့်လှစ်နိုင်ခဲ့ပြီး ဆရာဝန် ၁၆၂ ဦး၊ သူနာပြု ၆ ဦးနှင့် စေတနာလုပ်အားရှင် ၅၄ ဦး ရှိကြောင်း၊ Fever Clinic များသည် ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် Standard Operating Procedures များ ပြည့်မီပြီး ပြည်သူလူထု၏ အားကိုးရာဖြစ်လာကြောင်း ဆွေးနွေးတင်ပြသည်။

## ဆွေးနွေးတင်ပြ

Social Cohesion ဆောင်ရွက်နေသူ ဦးအောင်ကျော်မိုးက မောင်တောမြို့နယ်အတွင်း Social Cohesion လှုပ်ရှားမှုအနေဖြင့် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ပူပေါင်း၍ အစ္စလာမ်ဘာသာဝင်များ၊ တိုင်းရင်းသားများပါဝင်သည့် ဘောလုံးပွဲများနှင့် အားကစားပြိုင်ပွဲများ၊ သင်တန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လှုပ်ရှားမှုများနှင့် ဆွေးနွေးမှုများကို လူမှုအဖွဲ့အစည်းများ၊ အမျိုးသမီးကွန်ရက် ရခိုင်ပြည်နယ်၊ လူငယ်ကွန်ရက် ရခိုင်ပြည်နယ် စသည့် နှစ်ဖက်အသိုင်းအဝိုင်း ပါဝင်သည့် ပူးပေါင်းကော်မတီနှင့် အမြဲတမ်းချိတ်ဆက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလှုပ်ရှားမှု ဖြစ်လာသည့်အခါ တိုင်းရင်းသား၊ အစ္စလာမ်ဘာသာဝင်များ အားလုံးပါဝင်သည့် Social Cohesion ဆိုင်ရာ လှုပ်ရှားမှုအနေဖြင့် ပူးပေါင်းပြီး လက်သန့်ဆေးရည်ထုတ်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ လက်သန့်ဆေးရည်ထုတ်လုပ်ရန် ကုန်ကြမ်းများကို ရန်ကုန်မြို့မှ မှာယူပြုလုပ်ပြီး မောင်တောဒေသရှိ လူစည်ကားသည့် နေရာများ၊ ဈေးများ၊ အခြားအစ္စလာမ်ဘာသာဝင်များနေထိုင်သည့် ကျေးရွာများနှင့် တိုင်းရင်းသားကျေးရွာများသို့ သွားရောက်၍ လက်သန့်ဆေးရည် စနစ်တကျ အသုံးပြုပုံကို ပညာပေးဆောင်ရွက်ကာ လက်သန့်ဆေးရည်များကို အခမဲ့ဖြန့်ဝေပေးခဲ့ပါကြောင်း၊ ထို့အတူ mask ကို စနစ်တကျ ဝတ်ဆင်အသုံးပြုရန် ပညာပေးခြင်း၊ mask များကို အခမဲ့ဖြန့်ဝေပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် ပညာပေးပိုစတာများကို စုပေါင်းစိုက်ထူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ လက်ကို စနစ်တကျ ဆေးတတ်သည့် အလေ့အထဖြစ်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ အစ္စလာမ်ဘာသာဝင်များ၊ တိုင်းရင်းသားများ စုပေါင်းပြီး ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ call center ကိုလည်း ဖွင့်လှစ်ထားပါကြောင်း၊ တိုင်းရင်းသားများကို သက်ဆိုင်ရာ ဘာသာစကားဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို ဖုန်းဖြင့်ပညာပေးခြင်း၊ သိလိုသည့် မေးခွန်းများအား ပြန်လည်ဖြေကြားပေးခြင်းနှင့် လိုအပ်ပါက သက်ဆိုင်ရာဌာနများသို့ တင်ပြပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိုဘိုင်းဖုန်းများသို့ message ဖြင့် ပေးပို့သည့် ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များကို ၎င်းဒေသရှိ ပြည်သူများက များစွာ စိတ်ဝင်စားပါကြောင်း၊ ဆက်လက်၍လည်း ကိုဗစ်-၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များကို မိုဘိုင်းဖုန်းများသို့ message ဖြင့် ယခုထက် ပိုမိုပေးပို့ပေးစေလိုကြောင်း၊ မောင်တောဒေသတွင် လက်ရှိအချိန်၌ ရိုးရိုး mask ဝတ်ဆင် အသုံးပြုလျက်ရှိပါကြောင်း၊ Social Cohesion လှုပ်ရှားမှုအနေဖြင့် နှစ်ဖက်အသိုင်းအဝိုင်း ပါဝင်သည့် စုပေါင်းအဖွဲ့က အဝတ် mask များ ချုပ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့မှ ကုန်ကြမ်းများလည်း ရောက်ရှိနေပြီဖြစ်ကာ ချုပ်လုပ်ပြီးပါက အခမဲ့ဖြန့်ဝေပေးသွားမည် ဖြစ်ပါကြောင်း၊ မောင်တောဒေသတွင် လက်ရှိအချိန်၌ ရောဂါပိုးတွေ့ရှိမှုသည် နေ့တိုင်းရက်ဆက် ဖြစ်နေသည့်အတွက် ရောဂါကူးစက်မှု မရှိစေရန်အတွက် mask များကို ဝတ်ဆင်ကြပါကြောင်း ဆွေးနွေးတင်ပြသည်။

## အခမဲ့ပေး

အဝတ် Mask များ တစ်ပိုင်တစ်နိုင် ချုပ်လုပ်ရောင်းချသူ ဒေါ်နန်းဇင်ဟန်ဦးက အဝတ် mask များ တစ်ပိုင်တစ်နိုင် ချုပ်လုပ်ရောင်းချမှုနှင့် စပ်လျဉ်း၍ မိသားစုသုံးစွဲရန် Surgical mask သွားဝယ်ရာတွင် ဆိုင်တစ်ဆိုင်၌ ပစ္စည်းပြတ်နေပြီး အခြားဆိုင်သို့ သွားဝယ်သည့်အခါ ယခင် ၂၀၀ ကျပ်တန်ကို ၁၀၀၀ ကျပ် ပေးဝယ်ခဲ့ကြောင်း၊ ၎င်းသည် စက်ချုပ်သည့်အတွက် မိခင်ဖြစ်သူအတွက် အင်္ကျီချုပ်ပေးရာတွင် ပိုသည့်အစဖြင့် mask ချုပ်ပေးခဲ့ကြောင်း၊ ယင်းနောက် အင်တာနက်မှ mask ပုံစံများ ရှာ၍ မိသားစုသုံးနှင့် ၎င်း၏ လက်ဖက်ရည်ဆိုင်ရှိ အလုပ်သမားများတွက် mask များ ချုပ်ပေးခဲ့ကြောင်း၊ ဈေးဝယ်လာသူများက ထို mask များကို တွေ့ရှိ၍ မေးမြန်းမှာကြားကြရာမှ တစ်ပိုင်တစ်နိုင် ချုပ်လုပ်ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ သံဃာတော်များကို mask များ ကပ်လှူသလို ဆင်းရဲနွမ်းပါးသူ အချို့ကိုလည်း အခမဲ့ပေးကြောင်း ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုဗစ်- ၁၉ ရောဂါ တစ်ဦးနှင့်တစ်ဦး ကူးစက်ပြန့်ပွားမှုမရှိအောင် ကာကွယ်ခြင်းသည် ပထမဆုံး ဦးစားပေးဆောင်ရွက်ရမည့် အရေးအကြီးဆုံး ကိစ္စဖြစ်ပါကြောင်း၊ ထုတ်ပြန်ထားသည့် စည်းမျဉ်း စည်းကမ်းများကို တစ်ယောက်ချင်း တစ်ယောက်ချင်းစီက လိုက်နာဆောင်ရွက်ပါက မည်သည့်ပြဿနာမျှ ရှိမည်မဟုတ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ရောဂါလက္ခဏာများကို စောစောစီးစီး ရှာဖွေတွေ့ရှိရန် အရေးကြီးပါကြောင်း၊ စောစောစီးစီး သိရှိပါက အခြားသူများနှင့် ထိတွေ့မှုနည်းအောင် Quarantine ဆောင်ရွက်၍ ရပါကြောင်း။

## ကာကွယ်ဆေးရမှ စိတ်ချရမည်

ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် အကြီးဆုံး စိန်ခေါ်မှုသည် မည်မျှကြာအောင် ရင်ဆိုင်ရမည်ကို ခန့်မှန်း၍ မရခြင်းဖြစ်ပါကြောင်း၊ ယနေ့အထိ ခန့်မှန်းနိုင်ခြင်း မရှိပါကြောင်း၊ ရောဂါကာကွယ်ဆေးရမှ စိတ်ချရမည်ဖြစ်ပါကြောင်း၊ ရောဂါလုံးဝမဖြစ်ပွားအောင် ကာကွယ်ဆေးထိုးပြီး လုပ်နိုင်သည့် အခြေအနေကို ရောက်လာသည့်အချိန်မှ ကိုဗစ်-၁၉ ရောဂါကို နိုင်သွားပြီဟု သတ်မှတ်ရမည်ဖြစ်ပါကြောင်း၊ ယင်းသည် မိမိတို့နိုင်ငံအနေဖြင့် လုပ်ဆောင်နိုင်သည့်ကိစ္စ မဟုတ်ပါကြောင်း၊ သို့သော်လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်တွေ့ကျကျ ပြောရမည်ဆိုပါက မိမိတို့နိုင်ငံထက် သိပ္ပံ၊ နည်းပညာနှင့် ငွေရေးကြေးရေးအရ အရင်းအမြစ်ခိုင်မာသည့် နိုင်ငံကြီးများက ကာကွယ် ကုသနည်းများကို မြန်မြန်တွေ့ရန် အလားအလာ ရှိပါကြောင်း၊ ယင်းကာကွယ်ကုသနည်းများကို မည်မျှကြာမှ တွေ့မည်ကိုလည်း ခန့်မှန်း၍ မရပါကြောင်း၊ သာမန်အားဖြင့် ဆေးတစ်ခုကို စမ်းသပ်ထုတ်လုပ်ရန် နှစ်နှစ်လောက် အချိန်ယူရသည်ဟု သိရှိရပါကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါသည် အလွန်အရေးကြီးသည့်အတွက် စောစောစီးစီးတွေ့ရှိအောင် ကြိုးစားလျက်ရှိပါကြောင်း၊ နည်းနည်းတော့ အချိန်ယူရမည် ဖြစ်ပါကြောင်း။

ယခုအချိန်တွင် စီးပွားရေးယန္တရား ဆက်လက်လည်ပတ်နေရမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးယန္တရား နှေးကွေးသွားပါကြောင်း၊ အချို့နေရာများတွင် ရပ်တန့်သွားပါကြောင်း၊ ယင်းစီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန် နည်းအမျိုးမျိုးဖြင့် အားလုံးက တစ်ပိုင်တစ်နိုင်လုပ်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

## မကူးစက်စေရန် ဂရုစိုက်ရမည်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိဂုံးချုပ်စကား ပြောကြားရာတွင် အားလုံးဝိုင်းဝန်းကူညီကြသည့်အတွက် များစွာအားတက်မိပါကြောင်း၊ ယခုကိစ္စသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်၍ ရသည့် ကိစ္စရပ်မဟုတ်ပါကြောင်း၊ အစိုးရဌာနအားလုံး ပူးပေါင်းဆောင်ရွက်၍လည်း မလုံလောက်ပါကြောင်း၊ နောက်ဆုံးတွင် ပြည်သူများလည်း ပါဝင်ရမည်ကို ထပ်တလဲလဲ ပြောပါကြောင်း၊ ပြည်သူသည်သာ အဓိက ဖြစ်ပါကြောင်း၊ ပြည်သူတစ်ယောက်ချင်း ပါဝင်ရမည် ဖြစ်ပါကြောင်း၊ ရောဂါပိုးသည် တစ်ယောက်ချင်း တစ်ယောက်ချင်းကို ကူးစက်ပါကြောင်း၊ ယင်း တစ်ယောက်ချင်းက အခြားကို ကူးစက်ပျံ့နှံ့ပါကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိကိုယ်တိုင် မကူးစက်စေရန် ဂရုစိုက်ရမည် ဖြစ်ပါကြောင်း။

## လက်ဆေးရန် အရေးကြီး

မိမိကြောင့် တစ်ပါးသူ မကူးစက်စေရန် ဂရုစိုက်မည်ဆိုပါက ကျော်လွှားသွားနိုင်မည် ဖြစ်ပါကြောင်း၊ အလေ့အကျင့် လုပ်ယူရမည်ဖြစ်ပြီး ခက်ခဲမှုလည်းရှိပါကြောင်း၊ အထူးသဖြင့် ခပ်ခွာခွာနေရမည်ဆိုသော်လည်း လူတို့၏ သဘာဝအရ စုစုစည်းစည်း နေချင်သည့်စိတ် ရှိပါကြောင်း၊ ယင်းမှာလည်း ဆိုးရွားသည့်စိတ် မဟုတ်ပါကြောင်း၊ သာမန်အချိန်တွင် စုစုစည်းစည်းနေခြင်း၊ ခင်ခင်မင်မင်နေခြင်း၊ နွေးနွေးထွေးထွေးနေခြင်း၊ ကလေးများ အတူတကွ ကစားခြင်းတို့သည် အားပေးရမည့် ကိစ္စများ ဖြစ်ပါကြောင်း၊ သို့သော် ယခုသည် သာမန်အခြေအနေ မဟုတ်သည့်အတွက် ကလေးများနှင့် ပတ်သက်၍ ဂရုစိုက်ရန် လိုအပ်ပါကြောင်း၊ ထိတွေ့၍ ကစားမည်ဆိုပါက လက်ဆေးရန် အရေးကြီးပါကြောင်း၊ ထိတွေ့ကစားခြင်းကို လုံးဝမတားနိုင်ပါက လက်ကို သန့်ရှင်းစွာထား၍ မျက်နှာဖုံးစွပ်ထားမည်ဆိုပါက ရောဂါပြန့်ပွားခြင်းကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝိုင်းဝန်းကူညီသည့် ပြည်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍ အားလုံးစုစုစည်းစည်းဖြင့် လုပ်ဆောင်စေလိုပါကြောင်း၊ ပြဿနာပေါ်ပေါက်လာပါက ဖြေရှင်းရမည့် နည်းလမ်းများလည်း ရှိပါကြောင်း၊ ယင်းဖြေရှင်းနည်းသာ ရှာဖွေရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မှန်မှန်ကန်ကန် ရှာဖွေသွားမည်ဆိုပါက စုပေါင်းအင်အားဖြင့် ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကျန်းမာအောင် နေထိုင်ကြစေလိုပါကြောင်း၊ ကျန်းမာရန် များစွာအရေးကြီးပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ KOICA မှ ထောက်ပံ့သည့် ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

"မြန်မာ့စိုက်ပျိုးပညာပေးရေး လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း" (Strengthening Agricultural Extension in Myanmar – SAEM) ၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ KOICA မှ ထောက်ပံ့သည့် ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆွမ်းဟွာက ဂုဏ်ပြုအမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက "မြန်မာ့စိုက်ပျိုးပညာပေးရေး လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း" (SAEM Project) နှင့် ပတ်သက်၍ လည်းကောင်း၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ KOICA Myanmar ရုံးမှ Chief Representative Ms. Lee Youn Soo က ပစ္စည်းများ ထောက်ပံ့ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



အခမ်းအနားတွင် KOICA မှ ထောက်ပံ့သည့် ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို KOICA Myanmar ရုံးမှ Chief Representative Ms. Lee Youn Soo က ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် KOICA Myanmar ရုံးမှ Chief Representative တို့က SMU ကျေးရွာ ကိုယ်စားလှယ်များနှင့် AERDTC သင်တန်းကျောင်း တာဝန်ခံများထံ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ပေးအပ်ခဲ့ကြပြီး "မြန်မာ့စိုက်ပျိုးပညာပေးရေး လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း" SAEM ဒါရိုက်တာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ကျေးဇူးတင်စကားပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် "မြန်မာ့စိုက်ပျိုး ပညာပေးရေးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း" ကို ၂၀၂၀ ပြည့်နှစ်မှ စတင်၍ တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးပညာပေးရေးစနစ် ပိုမိုတိုးတက်ကောင်းမွန်စေခြင်းဖြင့် တောင်သူများ၏ ဝင်ငွေနှင့် သီးနှံထုတ်လုပ်မှုစွမ်းအား တိုးတက်လာစေရန်နှင့် ခေတ်မီနည်းပညာများ အသုံးပြု၍ စိုက်ပျိုးပညာပေးရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးတက်စေပြီး စိုက်ပျိုးပညာပေးရေးစနစ်အား အဆင့်မြှင့်တင်ရန် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်၍ သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် များစွာအကျိုးရှိစေမည့် စီမံကိန်းတစ်ခုဖြစ်သည်။

ယနေ့အခမ်းအနားမှ ထောက်ပံ့သည့် ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများသည် စီမံကိန်းမြို့နယ် ၂၇ မြို့နယ်ရှိ ကျေးလက်နေ အိမ်ထောင်စု ၁၅၀၀ စီဖြင့် မျိုးစေ့ (Seed Kit) စုစုပေါင်း ၄၀၅၀၀ ကို ထောက်ပံ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်နေစဉ်ကာလအတွင်း စီမံကိန်းဒေသမှ ကျေးလက်နေပြည်သူများအတွက် စားနပ်ရိက္ခာအထောက်အပံ့ရရှိစေရန်နှင့် အာဟာရပြည့်ဝ၍ ဘေးကင်းလုံခြုံသော ဟင်းသီးဟင်းရွက်များ စားသုံးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူဖြစ်စေရန်၊ မိမိအိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ပြီး မိသားစုစားသုံးမှုမှ ပိုလျှံသောသီးနှံများအား အခြားသူများသို့ မျှဝေနိုင်ခြင်း၊ အပိုဝင်ငွေရရှိနိုင်ခြင်း အကျိုးကျေးဇူးများရရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်-အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှစ်အတွက် အွန်လိုင်းဖွင့်

**နေပြည်တော် ဇွန် ၁၂**

တရုတ်-အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှစ်အတွက် အွန်လိုင်းဖွင့်ပွဲအခမ်းအနား (ASEAN – China Year of Digital Economy Cooperation Virtual Opening Ceremony)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားကို "Combating COVID-19 through Joint Efforts, Embracing Cooperation through ICT and Digital Development" ခေါင်းစဉ်ဖြင့် ကျင်းပပြီး အာဆီယံ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဝန်ကြီးများက မိမိတို့နိုင်ငံအတွင်း ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများ၊ ဒစ်ဂျစ်တယ်စီးပွားရေးဖော်ဆောင်မှု တိုးတက်မှုများနှင့် ကိုဗစ် - ၁၉ ကပ်ရောဂါအား ဒစ်ဂျစ်တယ်ကဏ္ဍမှ ကူညီပံ့ပိုးပေးနိုင်မှုများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ဆွေးနွေးဖလှယ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့သော (၂၂) ကြိမ်မြောက် ASEAN – China Leaders' Meeting တွင် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ခေါင်းဆောင်များက ၂၀၂၀ ပြည့်နှစ်ကို တရုတ်-အာဆီယံ ဒစ်ဂျစ်တယ်ဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှစ် (ASEAN – China Year of Digital Economy Cooperation) အဖြစ် သတ်မှတ်၍ ဒစ်ဂျစ်တယ် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ စတင်ဆောင်ရွက်ကြရန် သဘောတူညီချက်အရ ကျင်းပဆောင်ရွက်ခြင်းဖြစ်သည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်းမှ ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာနှင့် ကြိုဆိုနှုတ်ခွန်းဆက် မိန့်ခွန်းတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မြောင်ဝေက ဖတ်ကြားသည်။ ဆက်လက်၍ ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဖြစ်သော ဗီယက်နမ်နိုင်ငံမှ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုမှ ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Cao Quoc Hung က ဖတ်ကြားပြီး အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေး (ADGMIN) ၏ ဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စာတိုက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ သန်စမိုင်ခွန်မဆစ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အာဆီယံဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဝန်ကြီးများက မိမိတို့နိုင်ငံအတွင်း ဒစ်ဂျစ်တယ်ကဏ္ဍနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် တိုးတက်မှုများအား မျှဝေဆွေးနွေးကြရာတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို စတင်လုပ်ဆောင်ခဲ့ပြီးနောက် ဆက်သွယ်ရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာ ဆောင်ရွက် ပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးနှင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အကျိုးဖြစ်ထွန်းစေရန် ဆက်သွယ်ရေးကဏ္ဍတွင် ထင်ရှားသောတိုးတက်မှုများရှိစေမည့် အစီအမံများ ချမှတ်ဆောင်ရွက်ရန် အရေးကြီးသည်ကို နားလည်ပါကြောင်း၊ အစိုးရအဖွဲ့အစည်း၏ ဝန်ဆောင်မှုလုပ်ငန်းများကို ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းအတွက် အစီအမံများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ (DEDC) က မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာစီမံကိန်းအား ရေးဆွဲပြုစုလျက်ရှိပါကြောင်းနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းသည် အတွေ့အကြုံနည်းပါးသော မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိနိုင်သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် ဆွေးနွေးဖက်နိုင်ငံများ၏ လက်တွဲဆောင်ရွက်မှုနှင့်အတူ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံအနေဖြင့် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါအား ကာကွယ် တိုက်ဖျက်ထိန်းချုပ်ရန် ဆောင်ရွက်ရာတွင် New Normal ဖြစ်သည့် Work from Home ၊ Video Conferencing နှင့် Online Shopping စသောလုပ်ငန်းများ၌ ICT ကို အရေးပါသော နည်းပညာတစ်ခုအဖြစ် အသုံးပြုလျက်ရှိပါကြောင်း၊ ဒစ်ဂျစ်တယ်အပလီကေးရှင်းများဖြင့် ရောဂါနှင့် ဆက်နွှယ်နေသည့် သတင်းအချက်အလက်များအား စောင့်ကြည့်ခြင်းနှင့် သတင်းဖြန့်ဝေ အသိပေးခြင်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကလည်း မိမိတို့၏ နိုင်ငံအတွင်း ဆောင်ရွက်ချက်များအား မျှဝေဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၂-၆-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ - ၅ တွင် ပါရှိသော မြန်မာနိုင်ငံပြန်တမ်း၏ စာပိုဒ် (၁)၊ စာပိုဒ်ခွဲ (က) တွင် ဖော်ပြထားသည့် **ရေနံထွက်ပစ္စည်းကြီးကြပ်ရေးဦးစီးဌာန** (အစား) **ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၁၂**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ထုတ်ဝေသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်၊ စာအုပ်စာတမ်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်များသို့ လှူဒါန်းပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် (ကိုယ်စား) ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်သန်းမြင့်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးတို့ တက်ရောက်ကြသည်။

ကော်မရှင်အဖွဲ့ဝင် ဦးအောင်သန်းမြင့်က ရည်ညွှန်းစာစောင်များ လှူဒါန်းပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရည်ညွှန်းစာစောင် ၉၂ စုံအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အမှတ်တရ အယာဘေး

နေလင်းဦး

**“ဂျပန်မှာ နေ့လယ်တစ်နာရီလို့ ပြောတာဟာ နေ့လယ်တစ်နာရီကိုပြောတာ"လို့ ကျွန်တော်တို့ ဘောဂဗေဒ ဂျပန်ဆရာက ပြုံးစစဖြင့် ရံဖန်ရံခါ ပြောတတ်ပါတယ်။ ကျွန်တော်တို့ အတန်းကလည်း နိုင်ငံစုံက ကျောင်းသားစုံအပြင် လူကလည်းများတော့ တစ်ခါတစ်ရံ အတန်းနောက်ကျတဲ့ ကျောင်းသားတချို့ရှိတယ်။ ဆရာက စာသင်ကောင်းပြီး သဘော ကောင်းတယ်။ ဒါပေမယ့် စည်းကမ်းနဲ့ပတ်သက်ရင်တော့ မသိမသာ သတိပေးတတ်လေ့ရှိတယ်။**



ကောင်းကင်ဘုံကိုထိုးတဲ့တံတားအမည်ရ အမနိုဟရှိဒတဲ (Amanohashidate) ကျွန်းကိုတွေ့ရစဉ်။

### အချိန်ဝလေ့

ကျွန်တော်တို့ ကျောင်းသားအချို့ဟာ ဂျပန်က အချိန်ဝလေ့ကို စာသင်နှစ်အစမှာ အံဝင်ခွင်ကျ သိပ်မဖြစ်ကြဘူး။ ဘတ်စ်ကား၊ ရထား စတာတွေအားလုံးဟာ သတ်မှတ်ထားတဲ့အချိန်အတိုင်း အတိအကျ ဆိုက်ရောက်ထွက်ခွာကြတယ်။ ရုံး၊ ဘဏ်၊ ကျောင်း စတဲ့အဖွဲ့အစည်းတွေကလည်း သူ့အချိန်နဲ့သူ။ လူတွေကလည်း အချိန်အတိကျ သွားလာ၊ တွေ့ဆုံ၊ အလုပ်လုပ်ကြတယ်။ ဒီလိုအချိန်တိကျတဲ့ ဓလေ့ထွန်းကားနေတဲ့ လူ့အဖွဲ့အစည်းမှာ ကိုယ်ကလည်း ဒါကို အလေ့အကျင့်ဖြစ်အောင် လုပ်ယူရတာပေါ့။ မဟုတ်ရင် ကိုယ့်အတွက် အရာရာ ကသီလင်တဖြစ်စရာတွေချည်းပါပဲ။

ဒီလို အချိန်ဝလေ့အကြောင်းကို အယာဘေးမြို့ကို လေ့လာရေးခရီးသွားစဉ် ဘတ်စ်ကားပေါ်မှာ တွေးနေမိတယ်။ အချိန်လေးစားတာဟာ ကိုယ့်ကိုယ်ကိုယ် လေးစားတာပါပဲ။ နောက်ပြီး သူတစ်ပါးကို အလေးထားကြောင်းပြသတဲ့ ယဉ်ကျေးဖွယ် အမူအကျင့်တစ်ခုလည်း ဖြစ်ပါတယ်။ အချိန်တစ်ခုခုမှာ ချိန်းဆိုပြီး အဲဒီအချိန်မှာပဲ ချိန်းထားသူအားလုံးနဲ့ တွေ့ရတာဟာ အပြန်အလှန်လေးစားသမှုကို ပြသတာပါ။ ဒါဟာ စိတ်ချမ်းသာစရာလည်း ဖြစ်ပါတယ်။

ခုလည်း ဘတ်စ်ကားက မွန်းတည့် ၁၂ နာရီမှာ ထွက်မယ် အသိပေးထားပြီး မွန်းတည့် ၁၂ နာရီတိတိမှာ ပဲစထွက်ပါတယ်။ ကျောင်းသူ ကျောင်းသား သုံးဆယ်မှာ ဘယ်ကျောင်းသားမှ နောက်မကျပါ။ အားလုံးစိတ်ချမ်းသာစွာနဲ့ လေ့လာရေးခရီးလေး စဖြစ်ခဲ့ကြပါတယ်။

### အယာဘေးခရီးစဉ်အစ

ကျွန်တော် ဘွဲ့လွန်ပညာဆည်းပူးခွင့်ရခဲ့တဲ့ ကျိုတိုက လီဆုမေခန် (Ritsumeikan) တက္ကသိုလ်မှာ နိုင်ငံတကာဆက်ဆံရေး ကျောင်းသားတွေအတွက် Professional Training အတန်းတစ်တန်းရှိပါတယ်။ ဂျပန်အစိုးရရဲ့ ပညာသင်ဆု ရထားတဲ့ ကျောင်းသားတွေ မဖြစ်မနေယူရတဲ့ အတန်းဖြစ်ပါတယ်။ အတန်းရဲ့ ထူးခြားချက်က သီအိုရီပိုင်းနဲ့ လက်တွေ့ပိုင်းကို ပေါင်းစပ်ထားတာဖြစ်ပြီး ကျောင်းကပါမောက္ခနှစ်ဦးက တာဝန်ယူ ကြီးကြပ်ပါတယ်။ သင်ကြားပို့ချမှုကိုတော့ ပြင်ပအဖွဲ့အစည်းတွေက ပညာရှင်တွေ၊ သုတေသီတွေကို ဖိတ်ခေါ်ဆွေးနွေးပို့ချစေပါတယ်။ ဒါကြောင့် လေ့လာသင်ယူရတဲ့ အကြောင်းအရာတွေ စုံလင်လှပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်နယ်ပယ်တွေနဲ့ဆက်စပ်ပြီး ဂျပန်နိုင်ငံရဲ့ အတွေ့အကြုံကောင်းတွေကိုမျှဝေရင်း ပစ္စုပ္ပန်နဲ့ အနာဂတ်မှာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ဆွေးနွေးကြတာပါ။ ဒါကြောင့် ဒီအတန်းကပေးတဲ့ ပညာအသိနဲ့ စဉ်းစားချင်စရာတွေဟာ လွန်စွာတန်ဖိုးရှိလှပါတယ်။

အယာဘေးလေ့လာရေးခရီးစဉ်ဟာ ဒီအတန်းရဲ့ အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်။ အယာဘေးမြို့ကို သွားရောက်လည်ပတ်ပြီး မြို့ရဲ့ဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ ယဉ်ကျေးမှုကို လေ့လာကြဖို့ဖြစ်ပါတယ်။

### မြို့တော်ဝန်နဲ့ခဏတာ

ကျိုတိုကနေ အယာဘေးကို တစ်နာရီခွဲခန့် ဘတ်စ်ကားစီးရပါတယ်။ နွေဦးနှောင်းပိုင်းဖြစ်ပေမယ့် ပတ်ဝန်းကျင်တစ်ခုလုံးဟာ အုံ့မှိုင်းနေတယ်။ ကားလမ်းဘေးက တောတွေ၊ တောင်တွေဟာ စိမ်းညို့ပြီး သစ်ပင်တွေဟာမြူခိုးတွေနဲ့ စွတ်စို အိညွှတ်ကျနေတယ်လို့ ထင်ရပါတယ်။ ကားမှန်ပြတင်းကနေ အပြင်က ရှုခင်းတွေကို ငေးမောရင်း ရှုမငြီးဖြစ်ရတယ်။

ဂျပန်ဟာ စက်မှုထိပ်တန်းနိုင်ငံ တစ်နိုင်ငံဖြစ်လို့ မရောက်ဖူးခင်ကတော့ အပင်ထူထူထဲထဲနဲ့ သစ်တောရေိယာအများကြီးတွေ့ရမယ် မထင်ခဲ့မိဘူး။ ဒါပေမယ့် ကျိုတိုကို ဥပမာပြရင်တောင် ဒီမြို့ရဲ့ ၇၅ ရာခိုင်နှုန်းဝန်းကျင် မြေဧရိယာဟာ သစ်တောဖြစ်တယ်။ ဒီလောက်ကြီးတဲ့ သစ်တောဧရိယာကြီးကို ရေရှည် ထိန်းသိမ်းဖို့ဆိုတာ စီးပွားရေး၊ လူမှုရေး ရည်မှန်းချက်တွေ အခရာကျသလို ပြည်သူတစ်ဦးချင်းစီရဲ့ စိတ်သန္တာန်ထဲက သစ်တော၊ သစ်ပင် သဘာဝပတ်ဝန်းကျင် ချစ်ခင်စိတ်ကလည်း အဓိကကျမယ်လို့ ထင်မိပါတယ်။

အယာဘေးမြို့လေးဟာလည်း စိမ်းစိုတဲ့တောနဲ့ တောင်တွေဝန်းရံထားတဲ့ ချစ်စရာမြို့လေး ဖြစ်ပါတယ်။ ကျိုတိုစီရင်စုရဲ့ မြောက်ဘက်ပိုင်းမှာတည်ရှိပြီး ၃၄၇ စတုရန်းကီလိုမီတာ ကျယ်ဝန်းပါတယ်။ သမိုင်းဝင်နေရာ၊ သဘာဝအလှအပနဲ့ ရေပူစမ်းတွေကြောင့်လည်း လူသိများလှပါတယ်။ ဒါပေမယ့် ဒီမြို့လေးကို အဓိကစိန်ခေါ်နေတာကတော့ လူဦးရေကျဆင်းလာတာ၊ အထူးသဖြင့် မွေးဖွားနှုန်း ကျဆင်းလာတာနဲ့ အသက်အရွယ်ကြီးသူတွေ တိုးလာနေတာပဲဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ လူဦးရေ ၃၃၈၇၉ ဦးရှိပြီး နှစ်စဉ် လူဦးရေ ၅၀၀ ကျော် ကျဆင်းနေပါတယ် (၂၀၂၀ ပြည့်နှစ်၊ မေလအထိရှိတဲ့ ခန့်မှန်းခြေ လူဦးရေဟာ ၃၁၇၉၇ ဦးဖြစ်ပါတယ်)။ တစ်ချိန်တည်းမှာပဲ အသက်ကြီးသူ (၆၅ နှစ်ကျော်သူ) ဦးရေဟာ နှစ်စဉ်တိုးလျက်ရှိနေပါတယ်။ ခပ်လွယ်လွယ်ပြောရရင် လူ့အဖွဲ့အစည်းတစ်ရပ် ဆက်လက်ရှင်သန်လည်ပတ်နိုင်ဖို့အတွက် အကျပ်အတည်းဆိုက်တာပါပဲ။ လူဦးရေကျလာတာဟာ ထုတ်လုပ်မှုအင်အား ကျလာတာဖြစ်ပြီး မြို့ရဲ့စီးပွားဖွံ့ဖြိုးမှုအတွက်သာမက တိုးလာတဲ့အသက်ကြီးသူဦးရေအတွက် လူမှုဖူလုံရေး၊ ကျန်းမာရေးဝန်ဆောင်မှုလိုဟာမျိုးတွေအတွက်မှာပါ အခက်ကြုံလာရပါတယ်။

ဒီလို အယာဘေးမြို့ရဲ့ လက်ရှိရင်ဆိုင်နေရတဲ့ အဓိကစိန်ခေါ်မှုတွေကို မြို့တော်ခန်းမထဲမှာ အားသွန်ခွန်စိုက် ရှင်းပြနေတာကတော့ မြို့တော်ဝန် ဇန်ယာ ယမဇခီ (Zenya Yamazaki) ပဲဖြစ်ပါတယ်။ သူဟာ ဇဝန ဉာဏ်ရွှင်ပြီး ပြည်ပဘွဲ့ရ စီးပွားရေးပညာရှင်တစ်ဦးဖြစ်လို့ အင်္ဂလိပ်စကားပြောလည်း ကောင်းသူတစ်ယောက်ဖြစ်ပါတယ်။ သူ့မွေးရပ်ဇာတိ အယာဘေးမြို့ ဆက်လက်ရှင်သန်ဝေစည်ဖို့အတွက် သူ့ရဲ့ကြိုးပမ်းမှုတွေအတွက်လည်း ဂုဏ်ယူယုံကြည်မှု အပြည့်နဲ့ပါ။

အခြားဒေသက ရွှေ့ပြောင်းအလုပ်လာလုပ်သူတွေ၊ စီးပွားရေးသမားတွေ၊ စွန့်ဦးတီထွင်သူတွေ ဒီမြို့မှာလာပြီး အခြေချ၊ စီးပွားရေးလုပ်နိုင်ဖို့အတွက် သူ့အစိုးရအဖွဲ့ဟာ အထောက်အပံ့ပေးရေးအစီအစဉ်တွေ လုပ်ပေးပါတယ်။ ပြည်ပနိုင်ငံသားတွေကိုလည်း သူ့မြို့မှာ လာရောက်နေထိုင် အလုပ်လုပ်ကြဖို့ဖိတ်ခေါ်ပါတယ်။ မြို့မှာ နေထိုင်သူတွေ အလုပ်နဲ့ လုပ်ငန်းပြင်ပ ဘဝမျှတစေရေးအတွက်လည်း အလေးထားပါတယ်။ အခုအခါ ဂျပန်တစ်နိုင်ငံလုံးမှာပါ ခေတ်စားလာတဲ့ အယာဘေးမြို့ရဲ့ ဘဝနေမှုပုံစံကို ဂျပန်လို ဟန်နိုဟန် X (Han no Han X) လို့ ခေါ်ပါတယ်။ အဓိပ္ပာယ်က လယ်ယာစိုက်ပျိုးရေးတစ်ဝက်၊ အခြားအလုပ်တစ်ဝက်ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးက ဝမ်းစာဖူလုံဖို့အတွက်ဖြစ်ပြီး အခြားနှစ်သက်ရာတစ်ခုခုကို တွဲလုပ်တာကတော့ လူနေမှုစရိတ်အတွက်ဖြစ်ပါတယ်။ ဒါကြောင့် ကျေးလက်ဒေသမှာ အေးအေးချမ်းချမ်း နေလိုသူတွေဟာ အယာဘေးကို ပြောင်းရွှေ့လာကြပါတယ်။

နောက် ခရီးသွားလုပ်ငန်းကို ပိုမိုတိုးတက်ဖို့နဲ့ နိုင်ငံတကာနဲ့ဝင်ဆံ့ဖို့ ကြိုးပမ်းတာတွေကိုလည်း မြို့တော်ဝန်က ရှင်းပြပါတယ်။ ဒါဟာ ပြည်တွင်း၊ ပြည်ပက ဒီမြို့ကို စိတ်ဝင်စားပြီး လာရောက်လည်ပတ်၊ ရင်းနှီးမြှုပ်နှံမှုတွေလုပ်စေလိုတဲ့ ရည်ရွယ်ချက်လည်းပါပါတယ်။ အယာဘေးမြို့သားတွေဟာ ငြိမ်းချမ်းရေးကို မြတ်နိုးကြတယ်လို့လည်း ဆိုပါတယ်။ ဥပမာ-အစ္စရေးနဲ့ ပါလက်စတိုင်းက ကျောင်းသားလေးတွေကို ဖိတ်ခေါ်ပြီး အချင်းချင်းရင်းနှီးကျွမ်းဝင်စေတာမျိုးတွေနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကို တစ်ထောင့်တစ်နေရာက ပါဝင်ပံ့ပိုးပေးပါတယ်။

မြို့တော်ဝန်က စကားပြောလို့ပြီးတော့ ကျွန်တော်တို့ကိုလည်း သိလိုတာမေးစေပြီး အထူးသဖြင့် အကြံပြုလိုတာရှိရင် အကြံပြုဖို့ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့တွေကလည်း ကျောင်းသားတွေဖြစ်တာမို့ မေးစရာ၊ အကြံပြုစရာ၊ ကိုယ့်နိုင်ငံက အတွေ့အကြုံကို မျှဝေစရာတွေက များလှပါတယ်။ နောက်ပြီး ဒီလိုလူဦးရေဟန်ချက်ပျက်လာတဲ့ကိစ္စဟာ အယာဘေးမြို့တစ်မြို့တည်း၊ ဂျပန်တစ်နိုင်ငံတည်းကိစ္စလည်း မဟုတ်တာကြောင့်လည်း ပါပါတယ်။ ဖွံ့ဖြိုးတဲ့နိုင်ငံအများစုမှာ စတင်ကြုံလာရပြီဖြစ်တဲ့ စိန်ခေါ်မှုလည်းဖြစ်ပါတယ်။ ဒီလိုနဲ့ သူ့ပြဿနာကို ကိုယ့်ပြဿနာ၊ ကိုယ့်ပြဿနာကို သူ့ပြဿနာလို သဘောထားပြီး စာနာနားလည်မှုနဲ့ အပြန်အလှန်ပြောဆိုဆွေးနွေးကြတာတွေဟာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိပြီး ပျော်စရာလည်းကောင်းလှပါတယ်။ မြို့တော်ခန်းမထဲက ပြန်အထွက်မှာ ဝန်ထမ်းတစ်ဦးက ကျွန်တော်တို့ကိုကြည့်ပြီး ကုလသမဂ္ဂအသေးစားလေး (Little United Nations) လို့ ကျွန်တော်တို့ရဲ့ ပါမောက္ခကို မှတ်ချက်ပြုပြောလိုက်တာကို ကြားလိုက်မိတယ်။

### ကျိုစဲလာကော်ပိုရေးရှင်း

ကျိုစဲလာ (Kyocera)ဆိုတဲ့ နာမည်ဟာ ဂျပန်မှာသာမက နိုင်ငံတကာမှာပါ လူသိများထင်ရှားတဲ့ နာမည်တစ်ခုဖြစ်ပါတယ်။ ကနဦးမှာ အရင်းအနှီးနဲ့ နည်းပညာများများစားစားမရှိဘဲ မိတ်ဆွေ ၂၈ ယောက်နဲ့ စခဲ့ရာကနေ အခုအခါမှာ လက်ကိုင်ဖုန်း၊ ကွန်ပျူတာ၊ ကား၊ စက်ရုံ၊ နေစွမ်းအင်စတာတွေအတွက် လျှပ်စစ်ပစ္စည်းတွေထုတ်လုပ်ပေးနေတဲ့ ကော်ပိုရေးရှင်းကြီးတစ်ခုဖြစ်လာပါတယ်။

စက်ရုံထဲမှာ ဓာတုပစ္စည်းမဲ့ ထုပ်ပိုးစရာတွေ ထုတ်လုပ်ပုံကို ကျွန်တော်တို့ လေ့လာခဲ့ကြပါတယ်။ ကုန်ကြမ်းကနေ ကုန်ချောထွက်တဲ့အထိ ထုတ်လုပ်ပုံအဆင့်ဆင့်ကို စက်ရုံကတာဝန်ရှိသူတွေက လိုက်လံပြသကြပါတယ်။ ပြီးနောက် ကျွန်တော်တို့ကို ကျိုစဲလာကော်ပိုရေးရှင်းရဲ့ နောက်ခံသမိုင်း၊ ရည်ရွယ်ချက်၊ အလုပ်ကျင့်ဝတ်နဲ့ စီမံခန့်ခွဲပုံ စတာတွေကို ရှင်းပြပါတယ်။

လုပ်ငန်းစီမံခန့်ခွဲပုံက ဝန်ထမ်းအားလုံး ဆုံးဖြတ်ချက်ချမှတ်တဲ့နေရာမှာ ပူးပေါင်းပါဝင်တာကို အားပေးပါတယ်။ လူသားတစ်ယောက်အနေနဲ့ မှန်တာကိုလုပ်ဖို့ အားပေးပါတယ်။ စားသုံးသူပထမ ဦးစားပေး မူဝါဒကို မဏ္ဍိုင်ပြုပြီး အခုလို ဝန်ထမ်းအားလုံး ပူးပေါင်းဆုံးဖြတ်ချက်ချတဲ့စနစ်ဟာ ဝန်ထမ်းတွေဘက်ကလည်း သူတို့လုပ်နေရတဲ့အလုပ်ဟာ ကိုယ့်ဆုံးဖြတ်ချက်ရဲ့ အစိတ်အပိုင်းတစ်ရပ်ပါလားဆိုတဲ့အသိနဲ့ ပိုပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်း စိုက်ထုတ်ကြမယ်၊ စားသုံးသူတွေဆန္ဒနဲ့လည်း တစ်ထပ်တည်းကျမယ်ဆိုတဲ့ ဦးတည်ချက်နဲ့ဖြစ်ပါတယ်။ ကျိုစဲလာကော်ပိုရေးရှင်းဟာ သူ့ရဲ့ထုတ်ကုန်ကဏ္ဍအသီးသီးကိုလိုက်ပြီး အကျိုးအမြတ်နဲ့ ဆုံးရှုံးမှုကို လွတ်လွတ်လပ်လပ် ဆုံးဖြတ်ချက်ချ ကိုင်တွယ်ဆောင်ရွက်နိုင်တဲ့ အဖွဲ့ငယ်လေးတွေရှိတယ်။ အဲဒီအဖွဲ့ငယ်လေးတွေဟာ သက်ဆိုင်ရာဈေးကွက်တွေနဲ့ တိုက်ရိုက်ချိတ်ဆက်နေပါတယ်။ ဒါဟာ သက်ဆိုင်ရာလုပ်ငန်းခွင်ခေါင်းဆောင်တွေကို စီမံခန့်ခွဲမှုပိုင်းမှာ အကျွမ်းတဝင်ဖြစ်အောင်နဲ့ အားလုံးပါဝင်တဲ့ စီမံခန့်ခွဲမှုစနစ်ဖြစ်စေဖို့အတွက်ပဲ ဖြစ်ပါတယ်။ ဒါကို ဂျပန်ဘာသာနဲ့ အမိုအဲဘစီမံခန့်ခွဲမှု (Amoeba Management) လို့ ခေါ်ပါတယ်။

ကျွန်တော်မေးချင်တဲ့ မေးခွန်းတစ်ခုကိုတော့ မေးဖြစ်အောင်မေး လိုက်မိပါတယ်။ ဂျပန်မှာ အစဉ်အလာကျင့်သုံးနေတဲ့ လုပ်ငန်းခွင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်နည်းလုပ်ဟန် ရှိပါတယ်။ အလုပ်တစ်မျိုးတည်းမှာ ပင်စင်မယူမချင်းလုပ်တဲ့စနစ် (lifetime employment) နဲ့ လုပ်သက်အလိုက် လုပ်ခစနစ် (seniority wage system) တို့ပဲ ဖြစ်ပါတယ်။ စီးပွားရေးအလျင်အမြန်တိုးတက်ခဲ့ပြီး ရုတ်တရက် ပြိုကျခဲ့တဲ့ ဆပ်ပြာပူဖောင်းစီးပွားရေး (bubble economy) နောက်ပိုင်း ဂျပန်စီးပွားရေးလုပ်ငန်းအနည်းစုပဲ ရာသက်ပန်အလုပ်ခန့်တဲ့ စနစ်ကို ကျင့်သုံးကြပါတော့တယ်။ ဒါပေမယ့် လုပ်သက်ကြီး၊ ငယ်ပေါ်မူတည်ပြီး လုပ်ခသတ်မှတ်တဲ့စနစ်ကတော့ တရားဝင်ဆက်ကျင့်သုံးလျက်ရှိပါတယ်။ ဒီစနစ်မှာ အလုပ် တစ်ခုကနေ နောက်တစ်ခုကို ပြောင်းဖို့ခက်ပါတယ်။ ကိုယ့်ရဲ့ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံဘယ်လောက်ရှိရှိ အလုပ်သစ်မှာ လုပ်ခက အခြေခံကပြန်စရတာကြောင့် ဖြစ်ပါတယ်။

*စာမျက်နှာ ၇ သို့*

**“ဂျပန်ဟာ စက်မှုထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်လို့ မရောက်ဖူးခင်ကတော့ အပင်ထူထူထဲထဲနဲ့ သစ်တောဧရိယာအများကြီးတွေ့ရမယ် မထင်ခဲ့မိဘူး။ ဒါပေမယ့် ကျိုတိုကို ဥပမာပြရင်တောင် ဒီမြို့ရဲ့ ၇၅ ရာခိုင်နှုန်းဝန်းကျင် မြေဧရိယာဟာ သစ်တောဖြစ်တယ်။ ဒီလောက်ကြီးတဲ့ သစ်တောဧရိယာကြီးကို ရေရှည် ထိန်းသိမ်းဖို့ဆိုတာ စီးပွားရေး၊ လူမှုရေး ရည်မှန်းချက်တွေ အခရာကျသလို ပြည်သူတစ်ဦးချင်းစီရဲ့ စိတ်သန္တာန်ထဲက သစ်တော၊ သစ်ပင်သဘာဝပတ်ဝန်းကျင် ချစ်ခင်စိတ်ကလည်း အဓိကကျမယ်လို့ ထင်မိ”**

# ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ဆောင်ရွက်ကျင်းပ

လွိုင်ကော် ဇွန် ၁၂

**ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ကယားပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)**




အစည်းအဝေးတွင် ဖရူဆိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်၏ "ဖရူဆိုမြို့နယ် မြို့မကျေးရွာအုပ်စု လောဂျာကျေးရွာ အ.မ.က စာသင်ကျောင်းကို အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ ပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေးက အဆင့်ဆင့် ဆက်လက်တင်ပြကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်ပြီး ဖားဆောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၏ကိုယ်စား ဘောလခဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုးရယ်က "ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့တွင် လူဦးရေထူထပ် သိပ်သည်းနေပါသဖြင့် လစ်လပ်နေသော သင့်လျော်သည့် မြေလွတ်မြေရိုင်းတွင် လူနေမြေကွက်များ ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုခြင်း"နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ ပြည်နယ် စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဘော့စ်ကိုက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့် စုငွေဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ ဦးဘော့စ်ကို၏ ပြင်ဆင်ချက် အဆိုအပေါ် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့်အညီ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်နယ် လွှတ်တော်တွင် မှတ်တမ်းတင်ကာ လွှတ်တော်၏ အဆုံးအဖြတ်ရယူ ဆောင်ရွက်သည်။

ဆက်လက်ပြီး တိုင်စာပစ်စာ လေ့လာဆန်းစစ်ရေးအဖွဲ့မှ လေးနှစ်တာကာလ တိုင်ကြားစာများအပေါ် ဆောင်ရွက်ထားရှိမှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှ အကြံပြု ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့ရာ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် သုံးဦးက အမည်စာရင်းပေးပို့ခဲ့ပြီး အကြံပြု ဆွေးနွေးသွားမည် ဖြစ်ကြောင်းနှင့် ပြည်နယ်လွှတ်တော်တွင် မှတ်တမ်းတင်ရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သည်။

ဆက်လက်၍ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင်ဖြစ်သော ဦးကံဝင်းသည် အခြားလုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည်ဖြစ်သဖြင့် ကော်မတီအဖွဲ့ဝင်အဖြစ်မှ နုတ်ပယ်၍ ကော်မတီကို အဖွဲ့ဝင် ခုနစ်ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းသွားမည်ကို ပြည်နယ်လွှတ်တော်သို့ တင်ပြကာ ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်ကြောင်း သတင်းရရှိသည်။

**စိုးလှိုင်ဌေး(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

ဒီလို အလုပ်ယဉ်ကျေးမှုဟာ အရည်အသွေးရှိပြီး ထူးချွန်တဲ့လုပ်အားကို ဆွဲဆောင်နိုင်မှု အားနည်းပြီး စွမ်းဆောင်ရည်ကိုလိုက်လို့ ချီးမြှင့်မြှောက်စားတဲ့စနစ် (meritocracy) ကို အားမပေးဘူးလို့ သုံးသပ်ရမှာပါ။ ဒါကြောင့် ကျိုစဲလာကော်ပိုရေးရှင်းအနေနဲ့ အစဉ်အလာအတိုင်းပဲ ကျင့်သုံးနေလား၊ အခြားနည်းလမ်းတစ်မျိုးမျိုးနဲ့ တီထွင်ဆန်းသစ်နိုင်မှုကို ဆက်လက်ထိန်းသိမ်းထားတာလားဆိုတာကို သိချင်မိတာဖြစ်ပါတယ်။ ဒီတော့ တာဝန်ရှိသူတွေက ထူးချွန်ပြီး အရည်အချင်းရှိသူတွေကို အစဉ်အလာမဟုတ်တဲ့ နည်းလမ်းနဲ့ နေရာပေးနိုင်၊ ဆွဲဆောင်နိုင်အောင် လုပ်ဆောင်နေတာတွေရှိတယ်ဆိုတဲ့အကြောင်းနဲ့ သူတို့ရဲ့ စီမံခန့်ခွဲမှုမှာ အားလုံးပါဝင်နိုင်တဲ့စနစ် အမိုအဲဘစီမံခန့်ခွဲမှုဟာ ဒီလိုအစဉ်အလာရဲ့ လစ်ဟာချက်ကို ဖြည့်ဆည်းဖို့ ကြိုးစားတဲ့နည်းလမ်းတစ်သွယ်လည်း ဖြစ်တယ်လို့ပြောပါတယ်။

ကျွန်တော်တို့ တည်းခိုမယ့်နေရာ ပြန်ကြတော့ ညနေစောင်းနေပါပြီ။ ကောင်းကင်က တိမ်ညိုလိပ်တွေအောက်က စိမ်းညို့ညို့တောင်တန်းတွေ ဝန်းရံထားတဲ့ ဆိပ်ငြိမ်သန့်ရှင်းလှပတဲ့ အယာဘေးမြို့လေးကို ကြည့်ရင်း ဆီနီဂေါက သူငယ်ချင်းက ဒီလိုမြို့မျိုးမှာဆို သူတစ်သက်လုံး နေသွားနိုင်တယ်ဆိုတဲ့အကြောင်း ဖွင့်ဟလာပါတယ်။

**ရိုးရာစက္ကူရွာ ကူရိုတနီမှ ကောင်းကင်တံတား အမနိုဟရှီဒတဲ**

နောက်တစ်နေ့မှာ ဂျပန်ရိုးရာ စက္ကူတွေ (Kurotani Japanese Paper) ထုတ်လုပ်တဲ့ ကူရိုတနီရွာကလေးကို သွားလည်ကြပါတယ်။ လက်လုပ်ရိုးရာ စက္ကူတွေရဲ့ ကုန်ကြမ်းကိုတော့ ကိုဥဇို (Kouzo) လို့ခေါ်တဲ့ စက္ကူပိုးစာပင် (paper mulberry) ကနေရပါတယ်။ ဒီရွာရဲ့ရိုးရာစက္ကူထုတ်လုပ်မှုသက်တမ်းက နှစ်ပေါင်း ၈၀၀ ခန့်ရှိပြီလို့ဆိုကြပါတယ်။ အထူးသဖြင့် ဂျပန်ရိုးရာအိမ်က ဆွဲတံခါး၊ ရိုးရာမီးအိမ်၊ စက္ကူခေါက်ယပ်တောင် စတာတွေအတွက် စက္ကူတွေကို ရှေးမူမပျက် ထုတ်လုပ်ပေးပါတယ်။ ဒီရွာလေးကို ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်လည်ပတ်လေ့ရှိပြီး စက္ကူလုပ်တဲ့နေရာမှာ ကိုယ်တိုင် ကိုယ်ကျပါဝင်လို့လည်း ရပါတယ်။

ကျွန်တော်တို့အတွက် အထူးအစီအစဉ်က စက္ကူထုတ်လုပ်ပုံကို လေ့လာပြီးတဲ့နောက် ကိုယ်တိုင် စိတ်ကြိုက်စက္ကူတွေ လုပ်ခွင့်ရတာပါပဲ။ စိတ်ကြိုက်အရောင်ဒီဇိုင်းတွေနဲ့ စိတ်ကူးတည့်သလို စက္ကူတွေ အပြိုင်လုပ်ကြရင်း ကျွန်တော်တို့ ပျော်ကြရပါတယ်။ နောက်ကိုယ့်နာမည်ကိုယ်ရေးမှတ်ခဲ့ပြီး နောက်တစ်လလောက်ကြာတော့ ကျွန်တော်တို့ဆီကို ပို့ပေးပါတယ်။

အဲဒီနောက် ဂျပန်မှာ အလှဆုံးရှုခင်းသုံးခုထဲက တစ်ခုဖြစ်တဲ့ အမနိုဟရှီဒတဲ (Amanohashidate) ကို သွားကြပါတယ်။ "ကောင်းကင်ဘုံကို ထိုးတဲ့တံတား"လို့ အဓိပ္ပာယ်ရပါတယ်။ အကြောင်းကတော့ မီယာဇုပင်လယ်အော် (Miyazu Bay) ရဲ့ တစ်ဖက်တစ်ချက်ကို ၃ ဒသမ ၃ ကီလိုမီတာရှည်တဲ့ သဲမြေလမ်းက ထိုးဆက်ထားသလိုဖြစ်နေပြီး လမ်းတစ်လျှောက်မှာ ထင်းရှူးပင်တွေအတန်းလိုက် ပေါက်ရောက်နေပါတယ်။ ဒါကိုတင်စားပြီးခေါ်တယ်လို့ မှတ်ယူရမှာပါ။ ဒီကိုလာမှာသိတဲ့ ကျွန်တော့် ဂျပန်သူငယ်ချင်းတစ်ယောက်က မတနိုဇိုကီ (Matanozoki) နည်းနဲ့ ကြည့်ရင် ကောင်းကင်ကို နဂါးတစ်ကောင်ထိုးတက်သွားတာမြင်ရမယ်လို့ အကြံပေးဖူးတယ်။ မတနိုဇိုကီနည်းဆိုတာ ကြည့်မယ့်နေရာကို ကျောခိုင်း၊ ရှေ့ကိုခါးကိုင်းပြီး ခြေထောက်နှစ်ချောင်းကြားကနေ နောက်ပြန်ဇောက်ထိုးကြည့်ရတာ ဖြစ်တယ်။ ကျွန်တော် ဒီလိုကုန်းကုန်းကွကွလုပ်နေတာမြင်တော့ နီပေါက ကျွန်တော့်သူငယ်ချင်းက စိတ်ဝင်စားလို့ ကျွန်တော်လုပ်သလိုလိုက်လုပ်ကြည့်ပြီး ဘာမှမမြင်ရဘူးပြောတယ်။ ဒီတော့ ကျွန်တော်က ကြည့်ပုံတော့မှန်တယ် ဒါပေမယ့် စိတ်ကူးစိတ်သန်း နည်းနည်းလိုနေလို့ မမြင်ရတာလို့ နောက်လိုက်တော့ သူဟက်ဟက်ပက်ပက် ရယ်လိုက်တော့တယ်။

ကျွန်တော် အမနိုဟရှီဒတဲကို ငေးကြည့်ရင်းက ဒီတံတားသာ ကောင်းကင်ဘုံကို တကယ်ဆက်ထားတာဖြစ်ခဲ့မယ်ဆို ကောင်းကင်ဘုံကိုတက်ဖို့ထက် ကောင်းကင်ဘုံကဆင်းလာဖို့သာ ပိုပြီးဖြစ်နိုင်နေမလားတွေးမိတယ်။ ဘာလို့လဲဆိုတော့ ဒီနေရာလေးဟာ လှပအေးချမ်းပြီး နေချင့်စဖွယ်ဖြစ်တယ်။ ခရီးသွားလုပ်ငန်းနဲ့ ဖွံ့ဖြိုးနေတဲ့ ဒီနေရာလေးမှာ ဒေသခံတွေကလည်း ယဉ်ကျေးပျူငှာကြတယ်။ ကောင်းစွာထိန်းသိမ်းထားတဲ့ ရှေးဟောင်းအဆောက်အအုံ၊ ဘုရားကျောင်း၊ နတ်ကွန်းတွေကလည်း အတိတ်ကို လွမ်းဆွတ်ကြည်နူးဖွယ်ဖြစ်တယ်။ ဒါဟာ ဒီနေရာရဲ့ ထူးခြားချက်ဖြစ်သလို ဂျပန်တစ်နိုင်ငံလုံးရဲ့ ထူးခြားချက်လည်း ဖြစ်ပါတယ်။ ခေတ်မီတိုးတက်မှုနဲ့ အမျိုးသားယဉ်ကျေးမှုကို သဟဇာတဖြစ်အောင် ယှဉ်တွဲပေါင်းစပ်တဲ့နေရာမှာ ဂျပန်နိုင်ငံဟာ အတုယူစရာလို့ တွေးနေမိတယ်။

**ပိုးစုန်းကြူးလိုက်တဲ့ည**

ကျွန်တော်တို့ရဲ့ လေ့လာရေးခရီးဟာ တစ်ညအိပ်ခရီးဖြစ်ပါတယ်။ တည်းခိုရတဲ့နေရာက ရိုဂန် (Ryokan) လို့ခေါ်တဲ့ ဂျပန်ရိုးရာဧည့်ရိပ်သာမှာဖြစ်ပါတယ်။ တတမိမြက်ဖျာခင်းပြီး စက္ကူကပ်ဆွဲတံခါးတွေပါတဲ့အခန်းတွေဖြစ်ပါတယ်။ ဒီလိုအခန်းတွေဟာ အနည်းဆုံး သုံး၊ လေးယောက်လောက် စုအိပ်လို့ရတဲ့ အခန်းတွေဖြစ်ပါတယ်။ ပစ္စည်းပစ္စယတွေ နေရာချထားပြီး ခဏနေတော့ ညစာစားကြပါတယ်။ ညစာကလည်း ဂျပန်ရိုးရာအစားအစာတွေပါပဲ။ မြို့တော်ဝန်နဲ့ ရုံးအဖွဲ့ကအစိုးရဝန်ထမ်းတွေ ကျွန်တော်တို့နဲ့အတူ လာစားသောက်ပြီး မိတ်ဖွဲ့၊ စကားစမြည်ပြောကြပါတယ်။ နွေရာသီဝင်နေပြီဖြစ်ပေမယ့် တောင်ပေါ်ဒေသမို့ အပြင်မှာ ရာသီဥတုက အေးစိမ့်စိမ့်ရှိနေတုန်းပါပဲ။ ဂျပန်အရက်ဆာကေးရဲ့ အာနိသင်ကြောင့် ခန္ဓာကိုယ်နွေးထွေးလာပြီး တစ်ယောက်နဲ့ တစ်ယောက်လည်း ပိုပြီးပွင့်ပွင့်လင်းလင်း စကားတွေပြောဖြစ်ခဲ့ကြပါတယ်။

ညစာစားပြီးတော့ ကျွန်တော်တို့ရဲ့ ပါမောက္ခနှစ်ဦးစလုံးက အွန်ဆမ်း (Onsen) လို့ခေါ်တဲ့ ရေပူစမ်းသွားမယ့်သူရှိရင် လိုက်ခဲ့ဖို့ ခေါ်တာကြောင့် ကျောင်းသား ကျောင်းသူထက်ဝက်နီးပါးလောက် ကားပေါ် တက်လိုက်ကြပါတယ်။

ရေပူစမ်းကပြန်တော့ ပိုးစုန်းကြူးကြည့်ဖို့ သူငယ်ချင်းတစ်ယောက်စ၊ နှစ်ယောက်စကို ကျွန်တော် ဆော်ဩမိတယ်ဆိုရင်ပဲ ကျန်သူငယ်ချင်းတွေပါ တပြုံကြီးပါလာကြပါတယ်။ ဂျပန်မှာ သဘောကျမိတဲ့ အလေ့အထတစ်ခုက ပိုးစုန်းကြူးလိုက်ကြည့်ရတာဖြစ်ပါတယ်။ ညမှောင်မှောင်မှာ စိမ်းဖန့်ဖန့်အလင်းရောင် မှိတ်တုတ်မှိတ်တုတ် သက်ရှိပိုးမွှားလေးတွေကို ကြည့်ရတာ အေးချမ်းကြည်နူးစရာ၊ ရင်သပ်ရှုမောစရာ ကောင်းလှပါတယ်။ ကျွန်တော် ပိုးစုန်းကြူး ကြည့်ထွက်တဲ့အခါတိုင်း သားငယ်၊ သမီးငယ်တွေကိုခေါ်လာတဲ့ ဂျပန်မိသားစုတွေကို အမြဲတွေ့ရတတ်ပါတယ်။ အမှောင်ထဲမှာ ငြိမ်ငြိမ်လေးထိုင်ပြီး ဒီလိုအံ့ဩစရာ သတ္တဝါလေးတွေကို ကြည့်ကြပါတယ်။ ဒါဟာ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်စိတ်နဲ့ ထိန်းသိမ်းစောင့်ရှောက်တတ်ဖို့ကို ပညာပေးနေတာလို့တောင် ကျွန်တော်တွေးမိပါတယ်။ ဒီပိုးမွှားလေးတွေဟာ ဘာမှအရေးမဟုတ်ဘူးလို့ ထင်စရာရှိပေမယ့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်အပေါ်မှာ အများကြီးသက်ရောက်မှုရှိနေပါတယ်။

ကမ္ဘာမှာ နှစ်စဉ် အင်းဆက်မျိုးစိတ်တွေ ထိတ်လန့်စရာကောင်းလောက်အောင် မျိုးသုဉ်းပျောက်ကွယ်နေပါတယ်။ ဒါဟာ သက်ရှိသတ္တဝါတွေအားလုံး ရှင်သန်ရပ်တည်ဖို့အတွက် ကပ်ဘေးကြီးဆိုက်နိုင်တဲ့အထိ သက်ရောက်မှုကြီးပါတယ်။ ဥပမာ ပိုးစုန်းကြူးအပါအဝင် ဝတ်မှုန်ကူးတဲ့ အင်းဆက်တွေဟာ အပင်မျိုးစိတ် ၆၀ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်းအထိ ဝတ်မှုန်ကူးပေးကြပြီး ကမ္ဘာ့ကောက်ပဲသီးနှံထုတ်လုပ်မှုအတွက် ၃၅ ရာခိုင်နှုန်းအထိ အရေးပါကြပါတယ်။ ပိုးစုန်းကြူးတွေဆို ကောက်ပဲသီးနှံအဖျက်ပိုးမွှားတွေကိုလည်း စားသုံးပြီး လူတွေကို အကျိုးပြုပါသေးတယ်။ ဒါကြောင့် ဒီအင်းဆက်ပိုးမွှားလေးတွေကစလို့ သဘာဝပတ်ဝန်းကျင်ကြီးတစ်ခုလုံးကို ချစ်ခင်တွယ်တာစိတ်နဲ့ ထိန်းသိမ်းစောင့်ရှောက်တတ်ဖို့ဟာ ကျွန်တော်တို့ရဲ့ ရှင်သန်မှုနဲ့ အညမညဖြစ်နေပါတယ်။

အဲဒီညက ကျွန်တော်တို့အားလုံး စိတ်အားထက်ထက်သန်သန်နဲ့ ပိုးစုန်းကြူးလိုက်ရှာခဲ့ကြပေမယ့် ရာသီမကြည်လင်တာကြောင့် အနည်းအငယ်သာတွေခဲ့ရပါတယ်။ ဒါပေမယ့် ညအမှောင်ထုထဲ လယ်ကွင်းတွေကြားမှာ စမ်းတဝါးဝါးနဲ့ လမ်းလျှောက်ခဲ့ကြရတဲ့ ညတစ်ညကိုတော့ ကျွန်တော် ဘယ်တော့မှ မမေ့သလို အခုအခါ နိုင်ငံအသီးသီးမှာ သက်ဆိုင်ရာတာဝန်အသီးသီးကို ထမ်းရွက်နေကြတဲ့ ကျွန်တော့်သူငယ်ချင်းတွေလည်း မေ့မှာမဟုတ်ဘူးလို့ ယုံကြည်မိနေပါတော့တယ်။ ။



# ပခုက္ကူခရိုင်တွင် ငါးရစ်၊ ငါးသန်ကာလအတွင်း ကွင်းဆင်းဆောင်ရွက်

ပခုက္ကူ ဇွန် ၁၂

ပခုက္ကူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ပခုက္ကူမြို့နယ်အတွင်းရှိ ဂရန်အင်းများနှင့် ဘုံငါးဖမ်းကွက်များအတွင်း ငါးရစ်/ငါးသန်ကာကွယ်တားဆီးရေးနှင့် တရားမဝင်ငါးဖမ်းဆီးမှုများ မရှိစေရေးအတွက် ယနေ့တွင် အေးကျွန်းကျေးရွာမှ ရေစကြိုမြို့နယ်အစပ်အထိ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် ကွန်းရွာအင်းအတွင်း ပိုင်ရှင်မဲ့ တန်းပိုက်နှစ်လက်ကို သိမ်းဆည်းရမိကြောင်း သိရသည်။

**သတင်းစဉ်**






ပညာရေးဝန်ကြီးဌာနမှ ခင်းကျင်းပြသထားသည့် အစီရင်ခံစာများ၊ မှတ်တမ်းစာအုပ်များနှင့် သင်ရိုးသစ် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို တွေ့ရစဉ်။ သတင်းစဉ်

◆ *ကျောဖုံးမှ*

တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း၊ သင့်လျော်သော ဆရာ၊ ကျောင်းသားအချိုးရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းအသီးသီးမှ ဆရာများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ခြင်း၊ အခြေခံပညာရေးကို လူတိုင်း ပိုမိုလက်လှမ်းမီနိုင်ရန် ဖွံ့ဖြိုးမှုအားနည်းသည့် ဒေသများရှိကျောင်းများ (အထူးသဖြင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ လုံလောက်မှုမရှိသော အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများ)၏ လိုအပ်ချက်များကို ဦးစားပေး ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ပညာအရည်အချင်း နည်းပါးသူများ၏ နေထိုင်မှုဘဝ တိုးတက်ကောင်း မွန်စေရန် အခြေခံပညာအလယ်တန်း၊ အထက်တန်း တန်းညှိအစီအစဉ်များနှင့် သက်မွေးမှုသင်တန်းအစီအစဉ်များဖြင့် ဆက်လက်ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ တက္ကသိုလ်များတွင် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားခွင့်၊ အုပ်ချုပ်ခွင့်နှင့် သုတေသနလုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်သော ကမ္ဘာ့အဆင့်မီအဆင့်မြင့်သင်ရိုး၊ ကမ္ဘာ့အဆင့်မီအဆင့်မြင့် ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် ဦးတည်ဖော်ဆောင်ပေးခြင်း၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးပညာရပ်များကို တက္ကသိုလ်များ၏ ပညာရပ်များနှင့် တန်းတူဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန် ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်း ပြည်ပမှရရှိသည့် ပညာရေးဆိုင်ရာဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ခြင်း၊ တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အခြေခံ၍ ထိရောက်သော ပညာရေးပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှုလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်**

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် ကျောင်းအခြေပြု မူကြို ကျောင်း ၃၁၁၅ ကျောင်းတွင် ဆရာ၊ ဆရာမ ၄၅၇၁ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၈၀၆၅၈ ဦး ရှိပါကြောင်း၊ အခြေခံပညာကျောင်းများတွင် သူငယ်တန်း (KG) ကျောင်းသား ၈၇၃၅၄၈ ဦး တက်ရောက်လျက်ရှိပြီး KG ကျောင်းနေအရွယ် ကလေးတိုင်း KG တန်းသို့ တက်ရောက်သင်ယူမှုခွင့် ရရှိရေးအတွက် သင်ရိုးသစ် KG အတန်းများတွင် ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်သဖြင့် ၂၀၁၉ ခုနှစ်အတွင်း အခြေခံပညာအဆင့် သင်ယူပြီးမြောက်သူ ၁၆၉၅၉၁ ဦး၊ အလယ်တန်းအဆင့် သင်ယူပြီးမြောက်သူ ၁၈၃၂၈၉ ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူ ၃၃၃၉၇၈ ဦး အထိ တိုးတက်လာပါကြောင်း၊ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာစကား ၆၃ မျိုးကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျောင်းပေါင်း ၁၃၁၀၀ ၌ ဆရာ၊ ဆရာမ ၂၆၀၈၄ ဦးက ကျောင်းသား ၊ ကျောင်းသူ ၈၄၈၄၈၀ ကို သင်ကြားပေးခဲ့ပါကြောင်း။

**စိစစ်ရွေးချယ်ခန့်ထား**

၂၀၁၉ ခုနှစ်တွင် အစိုးရအခြေခံပညာကျောင်း(မူ/လယ်/ထက်)များ၌ ဆရာနှင့် ကျောင်းသားအချိုးအနေဖြင့် ၁ အချိုး ၂၂၊ အစိုးရ နည်းပညာနှင့် သက်မွေးအထက်တန်းကျောင်း/ သိပ္ပံများ၌ ဆရာနှင့် ကျောင်းသားအချိုးအနေဖြင့် ၁ အချိုး ၄ နှင့် တက္ကသိုလ်/ဒီဂရီကောလိပ်/ ကောလိပ်များ၌ ဆရာနှင့် ကျောင်းသားအချိုးအနေဖြင့် ၁ အချိုး ၄၅ ရှိပါကြောင်း၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း သတ်မှတ်အရည်အချင်း ပြည့်မီသူများ (တိုင်းရင်းသား/ ဒေသခံများ) ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ရွေးချယ်ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မူလတန်းပြ/ အလယ်တန်းပြ/ အထက်တန်းပြ ဆရာ/ဆရာမ စုစုပေါင်း ၁၄၃၈၈ ဦး၊ နည်းပညာနှင့် သက်မွေး အထက်တန်းကျောင်း/ သိပ္ပံ၌ သင်တန်း ဆရာ/ဆရာမ ၅၆၁ ဦးနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ နည်းပြ/သရုပ်ပြ ၁၂၃၅ ဦးတို့အပြင် အချိန်ပိုင်း နည်းပြ၊ သရုပ်ပြ ၄၃၆ ဦးကို ခန့်အပ်ထားပါကြောင်း။

၂၀၁၉ – ၂၀၂၀ ပညာရေးနှစ်တွင် ကျောင်းပြင်ပ မူလတန်းပညာရေးကို မြို့နယ် ၈၉ မြို့နယ်၌ ဆောင်ရွက်ခဲ့ရာ သင်ယူသူ ၇၅၄၅ ဦးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးကို မြို့နယ် ရှစ်မြို့နယ်၌ ဆောင်ရွက်ခဲ့ရာ သင်ယူသူ ၁၉၁၉ ဦး ရှိပါကြောင်း။

အလားတူ အခြေခံစာတတ်မြောက်ရေး အစီအစဉ်ကို ၂၀၁၈ ခုနှစ် ဧပြီလမှ မေလအထိ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့ရာ သင်ယူသူ ၄၆၉၀၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအထိ ပဲခူးတိုင်းဒေသကြီးတွင် ဆောင်ရွက်ခဲ့ရာ သင်ယူသူ ၁၈၈၆ ဦး၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ဆောင်ရွက်ခဲ့ရာ သင်ယူသူ ၇၂ ဦးနှင့် ၂၀၁၉ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာ၊ မြင်းခြံနှင့် ညောင်ဦးမြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ရာ သင်ယူသူ ၆၉၀၁ ဦးရှိပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် CBMSC ကာလတို သင်တန်းအမျိုးအစားပေါင်း ၆၀ ကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

တက္ကသိုလ်များတွင် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားခွင့်၊ အုပ်ချုပ်ခွင့်နှင့် သုတေသနလုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်သော ကမ္ဘာ့အဆင့်မီအဆင့်မြင့်သင်ရိုး၊ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် ဦးတည်ဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တက္ကသိုလ် + ၇၊ မန္တလေးတက္ကသိုလ် + ၇ တို့တွင် တက္ကသိုလ်ဝင်ခွင့် တိုက်ရိုက်လျှောက်ထားစိစစ်ရွေးချယ်မှု ခွင့်ပြုဆောင်ရွက်ခြင်း၊ ရာထူးခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် တိုးမြှင့်ပေးခြင်းတို့ကို စွမ်းဆောင်ရည်သတ်မှတ်ချက်အရ ကိုယ်ပိုင်စီမံခန့်ခွဲမှုကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တက္ကသိုလ်ပဋိညာဉ်စာတမ်းရေးဆွဲခြင်း၊ အသုံးချသုတေသန၊ သင်ရိုးညွှန်းတမ်း၊ စာကြည့်တိုက်၊ အိုင်စီတီ၊ တက္ကသိုလ်-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အရည်အသွေးအာမခံမှု၊ တက္ကသိုလ်ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံခြားပညာသင်စေလွှတ်ခြင်း၊ လုံခြုံဘေးကင်းပြီး ကျန်းမာ၍ အရည်အသွေးရှိသော သင်ယူမှုဝန်းကျင်ကောင်းဖြစ်ရေး ဖြည့်ဆည်းပံ့ပိုးလျက်ရှိပါကြောင်း။

**ပညာရေးကဏ္ဍအသုံးစရိတ် ကိုးဆ တိုးတက်လာ**

အလားတူ သူငယ်တန်း+၁၂တန်း အခြေခံပညာရေးနှင့် လိုက်လျောညီထွေရှိသော သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှု နည်းလမ်း၊ အသုံးချသုတေသန၊ ဒေသအကျိုးပြုဘွဲ့သင်တန်းများ စသည့်လုပ်ငန်းများ စီစဉ်ဆောင်ရွက်ရန် အားပေးခြင်း၊ နေ့သင်တန်း ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်များ (ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မပါ)တွင် အဝေးသင်တက္ကသိုလ် သင်တန်းများအတွက် သင်ကြားသင်ယူရေးလုပ်ငန်းများ၊ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်လုပ်ငန်းများ စီမံခန့်ခွဲမှုခွင့်ပြုခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် ဗလာစာအုပ်ဒါဇင်ပေါင်း ၉၅၇၁ ဒသမ ၄၉၄ ဒါဇင်ကို အခမဲ့ဖြန့်ဝေပေးခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍ အသုံးစရိတ်ကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် သာမန်အသုံးစရိတ် ငွေကျပ် ၁၉၃၁၀၃၃ သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ် ၇၅၄၉၃၄ သန်းရှိပြီး ၂၀၁၁ – ၂၀၁၂ ပညာသင်နှစ်မှစတင်၍ နှစ်အလိုက် နှိုင်းယှဉ်ပါက ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် ပညာရေးကဏ္ဍအသုံးစရိတ်အနေဖြင့် ကိုးဆ တိုးတက်လာပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ပညာရေးဆိုင်ရာဘဏ္ဍာငွေများကို အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းလုပ်ငန်းစဉ်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အရ ခွဲဝေလျာထားသတ်မှတ်၍ နှစ်စဉ် အကျိုးရှိထိရောက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် ဆရာ၊ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ စီမံသုံးစွဲလျက်ရှိပါကြောင်း၊ တင်ဒါလုပ်ငန်းစဉ် အဆင့်ဆင့်ကို ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၊ တက္ကသိုလ်များ၏ Website များတွင် ဖော်ပြလျက်ရှိပြီး ဌာနတွင်း စာရင်းစစ်ဆေးခြင်းကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် ၁/၂၀၁၇ နှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ လစဉ် ဘဏ္ဍာငွေ အရအသုံးစာရင်းများကို ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ Website များတွင် ဖော်ပြပေးလျက်ရှိပါကြောင်း။

**EMIS ကို အကောင်အထည်ဖော်လျက်ရှိ**

တိကျမှန်ကန်သည့် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ရရှိစေရန်အတွက် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (EMIS)ကို အကောင်အထည်ဖော်လျက်ရှိရာ Module (၅)ခု (HR, BE, HE/TVET, AE, Procurement/Finance)အတွက် Software ရေးဆွဲခြင်းနှင့် EMIS Software Training ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ Module Software ရေးဆွဲခြင်းကို Update ပြုလုပ်ခြင်းနှင့် အချက်အလက်များ ဖြည့်သွင်းခြင်းအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် နည်းပညာကျောင်းများကို Software အသုံးပြုမှု သင်တန်းကျင်းပခြင်း၊ Software ပြင်ဆင်မှုများ အပြီးသတ်ဆောင်ရွက်ခြင်း၊ Update ပြုလုပ်ပြီးနောက် Roll Out ပြုလုပ်ခြင်းနှင့် EMIS Data Management Training သင်တန်းများ ကျင်းပခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ C4M(APP) ကို အသုံးပြု၍ တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတွင် အခြေခံပညာကျောင်း အချက်အလက်ကောက်ယူခြင်းကို စမ်းသပ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် အခြေခံပညာကျောင်းများ၌ School Mapping ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဦးစီးဌာနအလိုက်၊ နှစ်အလိုက် လုပ်ငန်းအကောင်အထည်ဖော်ရေးစီမံကိန်း (Departmental Annual Implementation Plan– DAIP) များ ရေးဆွဲခြင်း၊ ပညာရေးအရည်အသွေး အာမခံမှုစနစ်များ၊ အခြေခံပညာကျောင်းအရည်အသွေးအာမခံမှု စံသတ်မှတ်ချက် အညွှန်းဘောင် (School Quality Assurance Standards Framework– SQASF) မူကြမ်းရေးဆွဲခြင်း၊ လေ့လာကြီးကြပ်အကဲဖြတ်ခြင်း အညွှန်းဘောင်(Moni–toring and Evaluation Frame Work)ရေးဆွဲခြင်း၊ Commu–nication, Situation Analysis Phase–1 မူကြမ်းအစီရင်ခံစာ ရေးသားပြုစုခြင်း၊ လူမှုရေးဆိုင်ရာအကျုံးဝင်မှု(Social Inclusion) ပိုစတာများ ပြုလုပ်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

❍ **အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း လုပ်ငန်းစဉ်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်အရ ခွဲဝေလျာထား သတ်မှတ်၍ နှစ်စဉ် အကျိုးရှိထိရောက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် ဆရာ၊ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ စီမံသုံးစွဲလျက်ရှိ**

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ထို့နောက် သတင်းမီဒီယာများက ကိုဗစ်ကာလဖြစ်သည့်အတွက် တက္ကသိုလ်ဝင်တန်း အောင်စာရင်းထုတ်ပြန်ရာတွင် လူစုလူဝေးမဖြစ်အောင် ဆောင်ရွက်မည့် အခြေအနေကို မေးမြန်းရာ **မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်**က ၂၀၂၀ တက္ကသိုလ်ဝင်တန်းအောင်စာရင်း အမြန်ဆုံးထုတ်ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ အောင်စာရင်းထုတ်ပြန်မည့်ရက်ကို သတင်းဌာနများသို့ အသိပေးသွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေအပေါ်မူတည်ပြီး Social Distancing အရ ဝက်ဘ်ဆိုဒ်က ထုတ်ပြန်သွားမည်ဖြစ်ပြီး ယင်းကာလပြီးဆုံးသွားပါက ပုံမှန်အတိုင်း ကြေညာပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သတင်းမီဒီယာများက ပညာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုတို့နှင့် စပ်လျဉ်း၍ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကား သင်ကြားရေးဆောင်ရွက်နေမှုအခြေအနေ၊ ဆရာ၊ ဆရာမများ ခန့်ထားမှုနှင့် ထောက်ပံ့မှုအခြေအနေ၊ ကိုဗစ်-၁၉ ကာလတွင် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် လုံခြုံမှုရှိစွာသင်ကြားသင်ယူနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ကိုဗစ်-၁၉ ရောဂါပျံ့နှံ့နေသည့် ဒေသများရှိ ကျောင်းများအတွက် သီးခြားဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဘတ်ဂျက်သုံးစွဲမှုနှင့် ပတ်သက်၍ စီမံခန့်ခွဲမှုအခြေအနေ၊ အိမ်ရာပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဗိုလ်ချုပ်ဈေးရှိ ဝန်ကြီးဌာနပိုင်ဆိုင်ခန်းကိစ္စ၊ တိုင်းရင်းသားဘာသာစကား သင်ကြားရာတွင် ဆရာ၊ ဆရာမများကို လစာထပ်ဆောင်းပေး၍ သင်ကြားနေမှုအခြေအနေနှင့် ဆရာ ဆရာမ အင်အား၊ စာသင်ခန်းများတွင် သတ်မှတ်အကွာအဝေးဖြင့် စာသင်ခုံများ နေရာချထားမှုတို့နှင့် စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများက မေးမြန်းကြရာ **ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး**နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

### လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနအနေဖြင့် ပြည်သူတစ်ဦးချင်းစီ၏ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်ရန် လိုအပ်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို ချမှတ်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သော ဘတ်ဂျက်တိုးမြှင့်ရရှိနိုင်ရန် လုပ်ငန်းစဉ်များ ချမှတ်ကာ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့်ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာန၏ ဘတ်ဂျက်ရရှိမှုအနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၈ ဒသမ ၅ ဘီလီယံမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၂၀ ဒသမ ၈ ဘီလီယံအထိ ၇ ဆ တိုးမြှင့်ရရှိခဲ့ပါကြောင်း။

ဝန်ကြီးဌာန၏ လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၁၉ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် အသစ်ပြဋ္ဌာန်းခဲ့သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ (၂၀၁၈) တို့ဖြင့် ကလေးသူငယ်များ ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရန်နှင့် ပုံမှန်ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် ၎င်း ဥပဒေ နှစ်ခုဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### တိုးချဲ့ထောက်ပံ့နိုင်ရေးဆောင်ရွက်

ကလေးသူငယ်များ ဖွံ့ဖြိုးကြီးထွားပြီး ဉာဏ်ရည်ထက်မြက်ရန်ရည်ရွယ်၍ "ကလေးဘဝ ရွှေဆောင် ရက် ၁၀၀၀" ဟူသော ဆောင်ပုဒ်နှင့်အညီ အနာဂတ်မျိုးဆက်သစ်များအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ကလေးသူငယ်အာဟာရဆိုင်ရာ အညွှန်းကိန်းနိမ့်ပါးသော ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိခင်တစ်ဦးလျှင် တစ်လ ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ဆောင်ရွက်ခဲ့ပါကြောင်း၊ လာမည့်ဘဏ္ဍာနှစ်တွင် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ တိုးချဲ့ထောက်ပံ့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရင်ခွင်မဲ့ကလေးငယ်များအတွက် ဝန်ကြီးဌာနအနေဖြင့်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

> **"ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ကလေးများကို ပြုစုပျိုးထောင်ပေးနိုင်ရန် မူလတန်းကြိုကျောင်းများကို နှစ်စဉ်တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ၂၀၁၉ - ၂၀၂၀ ခုနှစ်တွင် ကျောင်းပေါင်း ၁၀ ကျောင်းကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ပုဂ္ဂလိက မူလတန်းကြိုကျောင်းများ စနစ်တကျ ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်းများကိုလည်း ဖွင့်လှစ်ခဲ့"**

ကလေးပြုစုရေးဌာန ခုနစ်ခု ဖွင့်လှစ်ပြီး စောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ လှူဒါန်းမှုဖြင့် ကလေး ၁၀၀ ဆံ့ ကလေးပြုစုရေးဌာနတစ်ခုကို ယခုနှစ်တွင် နေပြည်တော်၌ ဖွင့်လှစ်နိုင်မည်ဖြစ်ပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ကလေးများကို ပြုစုပျိုးထောင်ပေးနိုင်ရန် မူလတန်းကြိုကျောင်းများကို နှစ်စဉ်တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ၂၀၁၉ - ၂၀၂၀ ခုနှစ်တွင် ကျောင်းပေါင်း ၁၀ ကျောင်းကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ စနစ်တကျ ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်းများကိုလည်း ဖွင့်လှစ်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မူကြိုကျောင်းများ မဖွင့်လှစ်နိုင်သေးသည့် နေရာများတွင် မိခင်ဝိုင်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ မိခင်ဝိုင်းပေါင်း ၁၂၀၂ ဝိုင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေး အခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း (Early Childhood Intervention–ECI)ကို ရှေ့ပြေးစီမံချက်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ၇၅၃၆ ဦးကို ဆန်းစစ်ဖော်ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များနှင့်ပတ်သက်၍ လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော်နိုင်ရန် မဟာဗျူဟာကို စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ချမှတ်နိုင်ခဲ့ပြီး အတည်ပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လူငယ်စင်တာများ ဖွင့်လှစ်နိုင်အောင် ကြိုးစားလျက်ရှိပြီး ပထမဦးစွာ ဖွင့်လှစ်နိုင်ခဲ့သည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ဖြစ်ပါကြောင်း။

သင်တန်းကျောင်း အခြေပြုကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် ပြစ်မှု၊ ပြစ်ဒဏ်ကျခံရသော ကလေးသူငယ်များကို အကျင့်စာရိတ္တပြုပြင်ရန်နှင့် ပြန်လည်ထူထောင်ရန် လူငယ်သင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် သန်လျင်၊ ငှက်အော်စမ်း၊ မန္တလေးနှင့် မော်လမြိုင်လူငယ်သင်တန်းကျောင်း လေးခုရှိပါကြောင်း၊ ဥပဒေအရ ကလေးသူငယ်၏ အသက်ကို ၁၈ နှစ်အောက်ဟု သတ်မှတ်ခဲ့ရာ စောင့်ရှောက်ရမည့် ကလေးသူငယ်ဦးရေ သုံးဆကျော် တိုးမြှင့်လာသဖြင့် သင်တန်းကျောင်းဆောင်များနှင့် သင်တန်းကျောင်းသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဝန်ထမ်းများတိုးချဲ့ခန့်ထားခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

### မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဖွဲ့စည်း

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရပ်ဘက်အဖွဲ့အစည်း ၁၁ ဖွဲ့ ပါဝင်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသမီးများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နည်းတူ ကာကွယ်ရန်လည်း လိုအပ်ပါသဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း) ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ပြည့်တန်ဆာဆိုင်ရာဥပဒေ (မူကြမ်း) ကို ရေးဆွဲလျက်ရှိပါကြောင်း၊ အလားတူ အသက် ၈၅ နှစ်အထက် သက်ကြီးရွယ်အိုများကို လစဉ်ငွေကြေးထောက်ပံ့သော လူမှုရေးပင်စင်ကို ၂၀၁၇ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်အထိ ဘိုးဘွား ၄၇၀၈၂၁ ဦးအတွက် ငွေကျပ် ၃၄ ဒသမ ၉ ဘီလီယံ ပေးအပ်နိုင်ခဲ့ပါကြောင်း။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ပြည်သူများ သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုက်အဝန်းဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထောက်ပံ့ကူညီမှုများ ပြည်သူ့လက်ဝယ်သို့ အမြန်ဆုံးရောက်ရှိစေရေးအတွက် ဘေးဖြစ်ပွားမှုများ၏ ၃၀ ရာခိုင်နှုန်းခန့်ကို ဘေးဖြစ်ပြီးနောက် ၂၄ နာရီအတွင်း၊ ၆၀ ရာခိုင်နှုန်းခန့်ကို ဘေးဖြစ်ပြီးနောက် နှစ်ရက်အတွင်း၊ ၇၀ ရာခိုင်နှုန်းခန့်ကို ဘေးဖြစ်ပြီးနောက် သုံးရက်အတွင်းနှင့် ဘေးဖြစ်ပွားမှုများ အားလုံးကို ဘေးဖြစ်ပြီးနောက် ခုနစ်ရက်အတွင်း ထောက်ပံ့နိုင်ခဲ့ပါကြောင်း။

### အသိပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်နိုင်

ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း ထောက်ပံ့မှုလုပ်ငန်းများကို ပိုမိုမြန်ဆန်ထိရောက်စွာ ဆောင်ရွက်လာနိုင်ခြင်း၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခြင်း၊ သဘာဝဘေးလျော့ပါးရေးအတွက် လုပ်ငန်းများပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်ခြင်းနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မသန်စွမ်းသူများအား ပုံမှန်ထောက်ပံ့မှု၊ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ပေးနိုင်ရန် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှု အဆင့်ခွဲခြားသတ်မှတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်ကို ဖော်ထုတ်အတည်ပြုနိုင်ခဲ့ပြီး ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများ ပိတ်သိမ်းရေးကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ရေးဆွဲခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် IDP စခန်းပေါင်း ၁၂၇ ခုရှိပြီး ရခိုင်ပြည်နယ်တွင် ၁၈ ခု၊ ကချင်ပြည်နယ်တွင် ၈၄ ခု၊ ရှမ်းပြည်နယ်တွင် ၂၃ ခုနှင့် ကရင်ပြည်နယ်တွင် ၂ ခုရှိရာ ယင်းစခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများ စနစ်တကျ နေရာချထားရေးအတွက် ၎င်းမဟာဗျူဟာကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိပြီး မှီခိုမှုကင်းသောဘဝများ ပြန်လည်တည်ဆောက်ရေးအတွက် ဝန်ကြီးဌာနမှ ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက ကိုဗစ်ကာလအတွင်း IDP စခန်းများအား ကူညီဆောင်ရွက်ပေးနေမှုနှင့် စပ်လျဉ်း၍မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက IDP စခန်းများနှင့် ပတ်သက်၍ စီမံချက်အား မတ်လအတွင်းကပင် ရေးဆွဲခဲ့ပြီး အတည်ပြုပြီး စီမံချက်အတိုင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်မှ ငွေကျပ် ၂ ဒသမ ၁ ဘီလီယံ အကုန်အကျခံကာ IDP ဆိုသည့်အတွက် ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် သက်ဆိုင်ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် စီမံချက်ရေးဆွဲပြီး ဘတ်ဂျက်များနှင့် စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေရာအားလုံးကိုရောက်အောင် ဆောင်ရွက်နေပါကြောင်း၊ ပလက်ဝကဲ့သို့ ခက်ခဲသည့်နေရာများကိုရောက်ရှိပြီး ကူညီထောက်ပံ့နေပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သတင်းမီဒီယာများက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရောက်ရှိနေသည့် ပိုးတွေ့လူနာများအတွက် ဆောင်ရွက်မည့်အစီအမံများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင် ပြန်လည်ဝင်ရောက်သူများနှင့် ပိုးတွေ့လူနာဦးရေ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ရဟတ်ယာဉ်ဝယ်ယူထားမှုနှင့် စီမံခန့်ခွဲမှု၊ ကျောက်တလုံးဒုက္ခသည်စခန်းတည်ဆောက်မှုအခြေအနေ၊ ကိုဗစ်ကာလအတွင်း IDP စခန်းများကို ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တည်ဆောက်ပြီး မုန်တိုင်းဒဏ်ခံနိုင်သည့် အဆောက်အဦအရေအတွက်၊ ဝန်ကြီးဌာနလက်အောက်ရှိ မူကြိုကျောင်းများ ပြန်လည်ဖွင့်လှစ်မည့် အချိန်ကာလတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြရာ **ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

### တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ **ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကို**က ဝန်ကြီးဌာန၏ "တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန်" မျှော်မှန်းချက်ဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် တိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ် အခမ်းအနားများ၊ ရိုးရာပွဲတော်များကို လက်ခံကျင်းပ၍ တိုင်းရင်းသားလူမျိုးစုများ တိုင်းရင်းသားပြည်သူများ အပန်းဖြေနိုင်ရန် အပတ်စဉ်ဖျော်ဖြေရေးအစီအစဉ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၏ ရိုးရာယဉ်ကျေးမှု ဖျော်ဖြေတင်ဆက်မှုများအပါအဝင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ်များဖြင့် အစိုးရရုံးပိတ်ရက်များတွင် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအကနှင့် ရိုးရာတူရိယာအတီးအမှုတ် သင်တန်းများကို လက်ဆင့်ကမ်းအမွေအနှစ်များရရှိရေး ဆောင်ရွက်ခဲ့ပါကြောင်း။

*စာမျက်နှာ ၁၀ သို့*



ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။



နေပြည်တော်ကောင်စီမှ အတွင်းရေးမှူး ဦးခင်မောင်အေးက နေပြည်တော်ကောင်စီ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

*စာမျက်နှာ ၉ မှ*

တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် (၂၀၁၈ ခုနှစ်) ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အသင်းရုံးခွဲများ ဖွင့်လှစ်ပေးခြင်းဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား တိုင်းရင်းသားလုပ်ငန်းရှင်များက ဒေသထွက်ကုန်များကို ပြည်တွင်းပြည်ပ ဈေးကွက်ဝင်လုပ်ငန်းများအဖြစ် ဖွံ့ဖြိုးပြီး ဒေသများကို ချိတ်ဆက်လုပ်ကိုင်နိုင်၍ တန်းတူညီမျှသော စီးပွားရေးလုပ်ငန်းများအပြင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေပြီဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၌ တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ ဖြိုးတိုးတက်မှုဖိုရမ်ကျင်းပမှု မတိုင်မီ ပြည်နယ်များတွင် Business Forum များ ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကို ဥပဒေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပိုမိုရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်၊ ဖြစ်ပွားနေသော အငြင်းပွားမှုများကို ထိရောက်စွာဖြေရှင်းနိုင်ရန်ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများကို ၂၀၁၉ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

တိုင်းရင်းသားပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာသင်ကြားနေသည့် Language Teacher ဆရာ၊ ဆရာမများ နေရာတွင် ပြင်ပမှပုဂ္ဂိုလ်များကို Teaching Assistant (TA) နှင့် Language Teacher (LT) များ အဖြစ် အစားထိုးခန့်အပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

UNICEF ၏ ပံ့ပိုးကူညီမှုဖြင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ၂၅ ဖွဲ့က ဒေသသင်ရိုးများ ပြုစုရေးဆွဲမှုလုပ်ငန်းများ ပြီးမြောက်ခဲ့ပါကြောင်း၊ ကျန်ရှိနေသေးသည့် အခြားသော တိုင်းရင်းသားများ၏ ဒေသသင်ရိုးများ ပေါ်ထွက်လာနိုင်ရေး UNICEF နှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဖြန့်ဝေ**

တိုင်းရင်းသားကလေးငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်စေရန် KG တန်းများအတွက် အခြေခံဖြစ်သော တိုင်းရင်းသားဘာသာနှင့် မြန်မာဘာသာ နှစ်မျိုးဖြင့် ဖော်ပြထားသော ပုံပြပုံပြင်စာအုပ် (ရုပ်ပြ) များကို တိုင်းရင်းသားဘာသာ ၆၆ မျိုးဖြင့် အုပ်ရေ ၃၄ သန်းကျော် ပုံနှိပ်ခဲ့ပြီး အုပ်ရေ ၁၀ သိန်းကျော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဖြန့်ဝေခဲ့ပါကြောင်း။

မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာမဟာဗျူဟာ ၂၀၁၉–၂၀၂၈ ကို ဦးတည်အခန်းကဏ္ဍများဖြင့် သတ်မှတ်၍ မူဝါဒရေးဆွဲနိုင်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းရင်းသားအမည်များကို ကျောင်းစတင်အပ်နှံရာတွင် အသုံးပြုနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက အခြေခံပညာကျောင်းများအား ကျောင်းအပ်ချိန်တွင် တိုင်းရင်းသားအမည်များ ရေးသွင်းရန် ညွှန်ကြားထားပါကြောင်း၊ တိုင်းရင်းသားအမည်များကို မွေးစာရင်း၌ ဖြည့်သွင်းဆောင်ရွက်ပေးနိုင်ရေးကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းထားပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် တိုင်းရင်းသားအမည် ဖော်ပြနိုင်ရေး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ညှိနှိုင်းထားပြီး ဖြစ်ပါကြောင်း။

တိုင်းရင်းသားမျိုးဆက်သစ်လူငယ်များကို ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်မှုနည်းပညာများ လက်ဆင့်ကမ်းသင်ကြားပေးရန်ရည်ရွယ်၍ ဆုထူးပန် ပညာဒါနဖောင်ဒေးရှင်းမှ တည်ထောင်သည့် ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ရေးနှင့် အသက်မွေးမှုအတတ်ပညာသိပ္ပံကျောင်းတွင် မျိုးဆက်သစ် တိုင်းရင်းသားလူငယ်များကို သင်တန်းတက်ရောက်ခွင့် ရရှိခဲ့ပါကြောင်း။

အဆိုပါသင်တန်းသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၏ ထောက်ခံမှု၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ စိစစ်ရွေးချယ်မှုဖြင့် တက်ရောက်စေခဲ့ပါကြောင်း၊ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ရေးနှင့် အသက်မွေးမှုအတတ်ပညာသင်တန်း အမှတ်စဉ်(၁)ကို ၂၀၁၉ ခုနှစ် ဇွန် ၁၈ ရက်မှ (၁) နှစ်ကြာ မန္တလေးမြို့၌ ဖွင့်လှစ်ပြီး စာတွေ့ ခြောက်လ၊ On Job Training ခြောက်လ အခမဲ့သင်ကြားနိုင်ခဲ့ပါကြောင်း။

သင်တန်းတွင် ကျောက်စိမ်းကွန်ပျူတာပန်းပုပညာ၊ ကျောက်စိမ်းလက်ပန်းပုပညာ၊ ပတ္တမြား နီလာဖြတ်သွေး (အပွင့်)ပညာ၊ စက်ပန်းထိမ်ပညာ၊ လက်ပန်းထိမ်ပညာ၊ ကျောက်စိမ်းအပွင့်ပညာ၊ ကျောက်စိမ်းပုတီးပညာ၊ ကျောက်စိမ်းလက်ကောက်ပညာ၊ တရုတ်စာပညာ၊ ကျောက်စီပန်းချီပညာနှင့် ပန်းချီပညာတို့ သင်ကြားနိုင်ခဲ့ပါကြောင်း၊ သင်တန်းတတ်မြောက်ပြီးပါက အသေးစား အငယ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန် ဆုထူးပန် ပညာဒါနဖောင်ဒေးရှင်းက ကူညီသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**“နိုင်ငံတော်အစိုးရ၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း လုပ်ငန်းကဏ္ဍအသီးသီးတွင် ပြည်ထောင်စုဘတ်ဂျက် ငွေကျပ်သန်းပေါင်း ၄၁၉၇၇ ဒသမ ၄၂၂ သန်းဖြင့် လုပ်ငန်းပေါင်း ၇၃၄ ခု၊ လွှတ်တော်ဘတ်ဂျက် ငွေကျပ်သန်းပေါင်း ၅၇၄ ဒသမ ၇၆၅ သန်းဖြင့် လုပ်ငန်းပေါင်း ၁၉၆ ခုနှင့် နေပြည်တော်ကောင်စီဘတ်ဂျက် ငွေကျပ်သန်းပေါင်း ၈၁၈ သန်းဖြင့် လုပ်ငန်းပေါင်း ၈၁၈ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့”**

ထို့နောက် သတင်းမီဒီယာများက တိုင်းရင်းသားစာပေသင်ကြားမှုနှင့် ဆရာ/ဆရာမ ခန့်ထားမှုတို့နှင့်စပ်လျဉ်း၍ မေးမြန်းရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က သက်ဆိုင်ရာဒေသ၏ စာပေယဉ်ကျေးမှုအသင်းအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် စာသင်ချိန်အတွင်း၌ သင်ကြားပေးလျက်ရှိပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စာသင်ချိန်ပြင်ပ၌ သင်ကြားပေးလျက်ရှိပါကြောင်း၊ ဆရာ ဆရာမများတွင် Teaching Assistant နှင့် Language Teacher ဟု နှစ်မျိုး ရှိပါကြောင်း၊ အချို့ကျောင်းများတွင် ဆရာ ဆရာမများကိုယ်တိုင်က တိုင်းရင်းသားစာပေကို သင်ကြားပေးနေခြင်းများရှိပါကြောင်း၊ တိုင်းရင်းသားစာပေ သင်ကြားပေးရန် ဆရာ ဆရာမများ ထပ်မံလျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ခေါ်ယူစိစစ်နေပါကြောင်း၊ ယခုစာသင်နှစ်တွင် တိုင်းရင်းသားစာပေ ၆၇ မျိုးကို သင်ကြားခွင့်ရရှိပြီး ကျန်ရှိနေသည့် တိုင်းရင်းသားစာပေများကိုလည်း သင်ကြားခွင့်ရရှိရန်တင်ပြထားပါကြောင်း ဖြေကြားသည်။

ယင်းနောက် သတင်းမီဒီယာများက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးထိခိုက်မှုမခံရစေရေး ဆောင်ရွက်မည့် အစီအစဉ်၊ ဝန်ကြီးဌာန၏ နိုင်ငံရေးအရ အရေးပါမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု အခြေအနေ၊ မှတ်ပုံတင်များတွင် တိုင်းရင်းသားလူမျိုးနာမည်များ ဖော်ပြခွင့်ရရှိမည့်ကိစ္စတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ **နေပြည်တော်ကောင်စီမှ အတွင်းရေးမှူး ဦးခင်မောင်အေး**က နေပြည်တော်ကောင်စီအနေဖြင့် နိုင်ငံတော်အစိုးရ ပထမ (၁) နှစ်တာ ကာလ၊ ဒုတိယ (၁)နှစ်တာ ကာလ၊ တတိယ(၁) နှစ်တာကာလနှင့် စတုတ္ထ (၁)နှစ်တာ ကာလတို့တွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ ဆည်မြောင်း/ ရေတွင်း/ ရေကန်၊ လျှပ်စစ်မီးလင်းရေးနှင့် အခြားဒေသဖွံ့ဖြိုးရေးကဏ္ဍများကို ပြည်ထောင်စုရန်ပုံငွေ၊ ပြည်ထောင်စု လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေနှင့် ဒေသအစီအစဉ်အလှူရှင်များ၏ ဆောင်ရွက်မှုစသည်ဖြင့် လုပ်ငန်းပေါင်း ၆၄၆၀ ကို ငွေကျပ်သန်းပေါင်း ၂၇၅၂၄၉ ဒသမ ၉၄၈ သန်း သုံးစွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း လုပ်ငန်းကဏ္ဍအသီးသီးတွင် ပြည်ထောင်စုဘတ်ဂျက် ငွေကျပ်သန်းပေါင်း ၄၁၉၇၇ ဒသမ ၄၂၂ သန်းဖြင့် လုပ်ငန်းပေါင်း ၇၃၄ ခု၊ လွှတ်တော်ဘတ်ဂျက် ငွေကျပ်သန်းပေါင်း ၅၇၄ ဒသမ ၇၆၅ သန်းဖြင့် လုပ်ငန်းပေါင်း ၁၉၆ ခုနှင့် နေပြည်တော်ကောင်စီဘတ်ဂျက် ငွေကျပ်သန်းပေါင်း ၈၁၈ သန်းဖြင့် လုပ်ငန်းပေါင်း ၈၁၈ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

နေပြည်တော်အတွင်း ကဏ္ဍအလိုက် နှစ်စဉ်စီမံကိန်းလျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၈ ဒသမ ၂ ရာခိုင်နှုန်း ရရှိခဲ့ပါကြောင်း၊ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် လူတစ်ဦးချင်း ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ယာယီစာရင်းအရ ငွေကျပ် ၁၀၂၈၈၉၄ ဒသမ ၆ သန်းဖြစ်ပြီး ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွက် ငွေကျပ် ၂၀၂၉၉၅၂ သန်းရရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

နေပြည်တော်ကောင်စီ၏ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်လုပ်ကိုင်ရမည့် လုပ်ငန်းများအနေဖြင့် လုပ်ငန်းခေါင်းစဉ်ကြီး ခြောက်ခုတွင် လုပ်ငန်းပေါင်း ၈၅၀ အတွက် ငွေကျပ်သန်းပေါင်း ၁၁၂၆၆ ဒသမ ၅၅၄ သန်း ခွင့်ပြုချထားပေးပြီးဖြစ်သည့်အတွက် ညွှန်ကြားချက်များနှင့်အညီ စံချိန်စံညွှန်းကိုက်ညီအောင် ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအကျိုးဖြစ်ထွန်းစေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက သံရုံးများပြောင်းရွှေ့ရန် အဆိုပြုတင်ပြထားခြင်းနှင့် စပ်လျဉ်း၍မေးမြန်းရာ **နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းဇော်**တို့က နေပြည်တော်တွင် နိုင်ငံခြားသံရုံးများ ဆောက်ရန် မြေနေရာရောင်းချထားပြီး နိုင်ငံအလိုက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြေနေရာလဲလှယ်ရန် ဆောင်ရွက်နေသည့် နိုင်ငံများလည်းရှိပါကြောင်း၊ အဆိုပြုထားပြီး လာရောက်မယူနိုင်သေးသည့် သံရုံးများလည်း ရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြန်အလှန် မြေနေရာလဲလှယ်ရန် စီစဉ်နေပြီး ကျန်ရှိသည့်နိုင်ငံများနှင့် ဆက်လက်ဆောင်ရွက်နေပါကြောင်း။

**ရှင်းလင်းဖြေကြား**

မြေငှားခပေးသွင်းပြီး စာချုပ်ချုပ်ထားသည့် နိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ မလေးရှားနိုင်ငံတို့နှင့် စာချုပ်ချုပ်ဆိုထားပြီးဖြစ်ကြောင်း၊ နှစ်နိုင်ငံသဘောတူညီပြီး မြေကွက်လဲလှယ်ရန် စာချုပ်ချုပ်ဆိုထားသည့်နိုင်ငံများမှာ ဘရူနိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ဖြစ်ကြောင်း၊ မြေငှားစာချုပ်ချုပ်ဆိုရန် ပြင်ဆင်ဆောင်ရွက်နေသည့် နိုင်ငံများမှာ ကာတာနိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့ဖြစ်ပါကြောင်း၊ မြေငှားစာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေသည့်နိုင်ငံ ၁၁ နိုင်ငံနှင့် ကမ္ဘာ့ဘဏ် စသည့်အဖွဲ့အစည်းများနှင့် သံတမန်ဇုန်တွင် မြေငှားရမ်းနိုင်ရန်အတွက် အဆိုပြုထားပါကြောင်း၊ မြန်မာနိုင်ငံသို့ အမေရိကန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ နီပေါ၊ ရုရှား၊ တူရကီ၊ စင်ကာပူ၊ ကူဝိတ်၊ ကိုရီးယား၊ အိန္ဒိယ၊ ထိုင်းနှင့် ကမ္ဘာ့ဘဏ်တို့က အဆိုပြုထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကိုဗစ်–၁၉ ဖြစ်ပွားနေစဉ်ကာလဖြစ်သည့်အတွက် နေပြည်တော်ရှိ စားသောက်ဆိုင်များ ပိတ်ထားရသည့် သုံးလတာအတွက် အခွန်ဖြေလျှော့ပေးမှု၊ ဈေးကောက် လေလံ ဖြေလျှော့ပေးမှု၊ Max Myanmar ဟိုတယ်နောက်ရှိ မြေနေရာကို ချထားပေးမည့် အစီအစဉ်နှင့် ဘတ်ဂျက်အခြေအနေ၊ လရောင်တော စိုက်ပျိုးသက်မွေးပညာသင်တန်းကျောင်း နေရာချထားပေးမှု၊ နေပြည်တော်အတွင်း တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ထားရှိမှု၊ နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် တစ်လတာ သစ်ပင်ပန်းပင်စိုက်ပျိုးရေလောင်းစရိတ်၊ နေပြည်တော်ရှိ သရက်ခြံစီမံကိန်းအခြေအနေ၊ လရောင်တောစီမံကိန်း ဆောင်ရွက်ပြီးစီးမှုရာခိုင်နှုန်း၊ နေပြည်တော်အတွင်း ဖြစ်ပွားလျက်ရှိသည့် မှုခင်းများကို မြန်ဆန်ထိရောက်စွာ ဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ ဝန်ထမ်းအိမ်ရာများတွင် လုံခြုံရေးကြပ်မတ်ဆောင်ရွက်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**ဟန်မျိုးစိုး၊ ကေတာ**

# ပုဏ္ဏားကျွန်းမြို့၊ မြို့သစ်ဈေးအနီး လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ရန်မူလာသည့် မသင်္ကာဖွယ်လူတစ်ဦးအား ဓား၊ ဒေသန္တရမိုင်း တစ်လုံးတို့နှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

ပုဏ္ဏားကျွန်းမြို့၊ မြို့သစ်ဈေးအနီး လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ရန်မူလာသည့် မသင်္ကာဖွယ်လူတစ်ဦးအား ဓား၊ ဒေသန္တရမိုင်း တစ်လုံးတို့နှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့၊ မြို့သစ်ဈေးအတွင်း၌ ယမန်နေ့ နံနက်ပိုင်းက နယ်မြေခံတပ်မှ အရာရှိတစ်ဦးနှင့် စစ်သည် တစ်ဦးတို့သည် အရပ်ဝတ်များဖြင့် ဈေးဝယ်နေစဉ် အမျိုးသား ၈ ဦးခန့်က ဓား၊ သံတုတ်များဖြင့် အကြောင်းမဲ့ဝိုင်းဝန်းထိုးနှက်ရိုက်ပုတ်ရာ အရာရှိမှာ နေရာတွင်ပင် သတိမေ့လဲလျက် စစ်သည်အား ဆိုင်ကယ်ဖြင့် အဓမ္မဖမ်းဆီးခေါ်ဆောင်သွားသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပုဏ္ဏားကျွန်းမြို့နှင့်အနီး တစ်ဝိုက်အား လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်လျက်ရှိစဉ် မြို့သစ်ဈေးအနီး၊ ဈေးလမ်းဆုံနေရာ၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များထံသို့ နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ဓားမြှောင်ကိုင်ဆောင်ထားသော မသင်္ကာဖွယ် အမျိုးသားတစ်ဦးသည် ရန်မူတိုက်ခိုက်လိုသည့် အပြုအမူဖြင့် ချဉ်းကပ်လာသဖြင့် အော်ဟစ်တားဆီးရပ်တန့်စေသော်လည်း ရပ်တန့်ခြင်းမရှိဘဲ ရှေ့ဆက်တိုးလာသောကြောင့် ၎င်းအမျိုးသား၏ ခန္ဓာကိုယ်အောက်ပိုင်းသို့ သတိပေးခြောက်လှန့်ပစ်ခတ်ခဲ့ရာ ခြေထောက်တွင် ကျည်ဆံထိမှန်ပြီး လဲကျစဉ် ထပ်မံပစ်ခတ်ခဲ့သည့် ကျည်ဆံကြောင့် ခန္ဓာကိုယ်ပိုင်းသို့ ထပ်မံထိမှန်ခဲ့ကာ သေဆုံးသွားခဲ့ကြောင်း။

အဆိုပါ သေဆုံးသူအား စစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ အမြင့် ၆ လက်မ၊ အချင်း ၈ လက်မခန့်ရှိ ကွန်ကြီုပိုက်ဖြင့် ပြုလုပ်ထားသော ဒေသန္တရ မိုင်းတစ်လုံးအပါအဝင် မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ကြီုပိုက် အမြောက်အမြားအား ကျောပိုးအိတ်နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး သေဆုံးသူ၏ ရုပ်အလောင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာသို့ စနစ်တကျလွှဲပြောင်းပေးခဲ့ကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**



ဒေသန္တရမိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ကြီုပိုက်နှင့် ဆက်စပ်ပစ္စည်းများ။



# လှိုင်သာယာ(အရှေ့ပိုင်း) တွင် မီးလောင်မှုဖြစ်ပွားပြီး နှစ်ဦးသေဆုံး

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် အမှတ်(၉)ရပ်ကွက် မိုးမခလမ်းရှိ မ/၉၈ (ခ) နေအိမ်တွင် ဇွန် ၁၂ ရက် နံနက် ၅နာရီ ၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ရာ တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူ ကျောင်းသူ တစ်ဦးအပါအဝင် အမျိုးသမီး နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးဌာနနှင့် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ မီးသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ် နှစ်စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ ရွှေလင်ပန်းစက်မှုဇုန်မှ မီးသတ်ယာဉ် တစ်စီးတို့ဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ ၅ မိနစ်ခန့်တွင် မီးငြိမ်းသွားသည်။ **(အပေါ်ပုံ)**

မီးလောင်ရခြင်းအကြောင်းရင်းမှာ ဦးကျော်ဆွေ(၅၇ နှစ်) ၏ အလျားပေ ၅၀၊ သွပ်မိုးအုတ်ညှပ်တစ်ထပ်တိုက်နေအိမ်တွင် ဖယောင်းတိုင်မီးထွန်း၍ ဘုရားမီးပူဇော်ထားရာမှ အောက်ခံ သစ်သားပြား မီးစွဲလောင်၍ ယင်းတိုက်နှင့် တစ်ဆက်တည်းရှိသည့် အလျား ၁၅ ပေ၊ အနံ ၁၀ ပေရှိ သွပ်မိုးအုတ်ညှပ်ထပ်ခိုးပါ နှစ်ထပ်တိုက်နှင့် အလျားပေ ၅၀၊ အနံ ၁၀ ပေရှိ နေအိမ် နှစ်လုံး မီးကူးစက်လောင်ခဲ့ပြီး အလျား ၁၅ ပေ၊ အနံ ၁၀ ပေရှိ သွပ်မိုး အုတ်ညှပ်ထပ်ခိုးပါ နှစ်ထပ်တိုက်၏ ရေချိုးခန်းအတွင်း၌ ဒေါ်လုံး (ခ) ဒေါ်ညွန့်ညွန့်ရီ (၅၅ နှစ်)နှင့် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသော မရှင်းသန့် (၁၆ နှစ်) တို့မှာ မီးခိုးမွန်၍ သေဆုံးခဲ့ကြောင်း သိရသည်။

ထို့အပြင် ဦးကျော်ဆွေ ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ပြီး ၎င်းအား မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **အောင်သန်းဦး**

# ပုသိမ်ကြီးမြို့နယ်၌ လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ဇွန် ၁၁ ရက်က လုယက်မှုကျူးလွန်သူ သုံးဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စဉ့်ကိုင်မြို့နယ် မီးသွေးဖုတ်ကျေးရွာနေ သန်းဇော် (၃၄) နှစ် (ဆိုင်ကယ်ကယ်ရီမောင်း) သည် ဇွန် ၁၁ ရက် ညနေ ၃ နာရီက ပုသိမ်ကြီးမြို့နယ် အုန်းချော-ရွှေစာရံ ကားလမ်းဆုံ၌ ခရီးသည်စောင့်ဆိုင်းနေစဉ် အုန်းချောကျေးရွာနေ ဆင်ခြေထောက် (ခ) အောင်မျိုးဇော်နှင့် တစ်ရွာတည်းနေ ကြက်သောင်း (ခ) ကောင်းမြတ်ဝင်း၊ အေးကျော်တို့ သုံးဦး ရောက်ရှိလာခဲ့ပြီး ပုသိမ်ကြီးမြို့နယ် ကျွဲနဖားကျေးရွာသို့ ပို့ဆောင်ပေးရန် ဆိုင်ကယ်ကယ်ရီငှားရမ်းသဖြင့် အုန်းချော-ကျွဲနဖား ကျေးရွာချင်းဆက်လမ်းအတိုင်း လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း။

ကျွဲနဖားကျေးရွာ အနီးအရောက်၌ ဆင်ခြေထောက် (ခ) အောင်မျိုးဇော်က အသင့်ပါလာသော အရိုး/အသွား ၁၃ လက်မခန့်ရှိ ဓားဦးချွန်ဖြင့် သန်းဇော်၏ လည်ပင်းကို လှီးဖြတ်၍ ဆိုင်ကယ်လဲကျ တိမ်းမှောက်သွားစဉ် သန်းဇော်၏ ဆိုင်ကယ်နှင့် ဖုန်းတစ်လုံးတို့ကို ယူဆောင်ထွက်ပြေးသွားသဖြင့် သန်းဇော်တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် အုန်းချောနယ်မြေရဲစခန်း (ပ) ၁၂၉/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်ဆောင်ရွက်ပြီး ပြစ်မှုကျူးလွန်သူ ဆင်ခြေထောက် (ခ) အောင်မျိုးဇော်ပါ သုံးဦးတို့အား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဟိုပုံး၊ လားရှိုး၊ ရပ်စောက်နှင့် ကျေးသီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ဟိုပုံးမြို့နယ် လွယ်အွန့်ကျေးရွာအုပ်စု ရန်ကင်းကျေးရွာအနီး ဟိုပုံး-တောင်ကြီး ကားလမ်းတွင် မျိုးမင်းထွန်း (ခ) တီးတုတ် မောင်းနှင်လာသော မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်



မျိုးမင်းထွန်း (ခ) တီးတုတ်အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဆေးပြား ၁၃၆၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၉၆၈ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ်၊ လားရှိုး-မိုင်းယော်ကားလမ်း နားဖကျေးရွာအနီးတွင် ရည်မွန် (ခ) ဦးချစ် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲက ရပ်စောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စု ငါးပင်ရွာဟောင်းကျေးရွာနေ မျိုးထွန်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၃၊ ငွေကျပ် ၂၆၀၀၀၀ တို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၇ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး မိုင်းနောင်-မိုင်းနန်း ကျေးရွာ သွားလမ်းတွင် မသင်္ကာဖွယ်ရပ်တန့်ထားသော Dong Feng အမျိုးအစား ခြောက်ဘီးယာဉ်ကို စစ်ဆေးရာ ယာဉ်မောင်းအား မတွေ့ရှိဘဲ ယာဉ်ပေါ်မှ တော်လူအင်း ၃၆၈၀ လီတာ၊ အက်စီတုန်း ၆၄၀ လီတာ၊ အီသိုင်းအက်စီတစ် ၁၆၀ လီတာတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

● *ကျောဖုံးမှ*

သို့သော်လည်း အင်တာမီလန်အသင်းအနေဖြင့် အဆိုပါ ကစားသမားကို ခေါ်ယူမည်ဆိုပါက ပေါင် ၂၇ သန်း ဝန်းကျင်ခန့် ကုန်ကျဖွယ်ရှိကြောင်း သိရသည်။ ဘယ်လာရင်သည် အာဆင်နယ်အသင်းတွင် သက်တမ်းရှည် ကစားသမား တစ်ဦးဖြစ်သည်။ ထို့အပြင် ၎င်းသည် ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် လစာငွေ လျှော့ယူဖို့ သဘောတူညီသည့် ကစားသမားများထဲမှ အဓိက ကစားသမား တစ်ဦး ဖြစ်သည်။

သို့သော်လည်း စပိန်ကစားသမားအနေဖြင့် ဘောလုံးပွဲစဉ်များ ပြန်စပြီး မိမိကို မရွေးချယ်လျှင် စီးရီးအေ ကလပ်သို့ ပြောင်းရွှေ့ဖွယ်ရှိနေကြောင်း သိရသည်။ အာဆင်နယ်အသင်းသည် လက်ရှိ ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် အဆင့် (၉) နေရာတွင် ရပ်တည်နေသည်။ ကိုဗစ် - ၁၉ ကြောင့် ဘောလုံးပွဲစဉ်များ ရပ်နားထားရာမှ အာဆင်နယ်အသင်းအနေဖြင့် လာမည့် ဗုဒ္ဓဟူးနေ့တွင် မန်စီးတီးအသင်းနှင့် ပြန်လည်ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။ အာဆင်နယ်နည်းပြအာတီတာက မန်စီးတီးအိမ်ကွင်း အီတီဟက်၌ ပရိသတ်မပါဘဲ ကွင်းပိတ်ကစားရခြင်းက အသင်းအတွက် အားတက်စရာကောင်းသည်ဟု ယူဆထားသည်။ ဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် ယခုနှစ် အိမ်ကွင်း အီတီဟက်၌ ပရီမီယာလိဂ် နှစ်ပွဲသာ ရှုံးနိမ့်ထားကြောင်း သိရသည်။

ဘယ်လာရင်သည် ၂၀၁၃ ခုနှစ်တွင် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အာဆင်နယ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၉၅ ပွဲ ပါဝင်ကစားထားပြီး ရှစ်ဂိုးသွင်းယူပေးထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

အခြားဆက်စပ်သတင်းများအနေဖြင့် အာဆင်နယ်အသင်းက ခေါ်ယူရန် ကြိုးပမ်းနေသော သောမတ်စ် ပါတေးသည် အသင်းပြောင်းရွှေ့ရန် ထင်ကြေးပေး ပြောဆိုနေမှုများရှိနေသော်လည်း ၎င်းအနေဖြင့် အက်သလက်တီကို မက်ဒရစ်အသင်းတွင် ဆက်နေရန် ဆန္ဒရှိနေကြောင်း သိရသည်။ အဆိုပါ ဂါနာကွင်းလယ်ကစားသမား၏ စာချုပ်ဖျက်သိမ်းကြေးမှာ ပေါင် ၄၅ သန်းရှိသည်ဟု စပိန်အခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

# အဗီဂန်ဆေးဖြင့် စမ်းသပ်ကုသမှုများကို ဆက်လက်လုပ်ဆောင်သွားမည်

တိုကျို ဇွန် ၁၂

**ဂျပန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက ကိုဗစ်-၁၉ ရောဂါလူနာများကို အဗီဂန်ဆေးသုံးပြီး လက်တွေ့စမ်းသပ်ကုသမှုပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း မူလအစီအစဉ်ထက် ကြန့်ကြာမှုများ ရှိနေခဲ့သည်။ သို့သော်လည်း အဆိုပါအစီအစဉ်ကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြလိုက်သည်။**

ဂျပန်အစိုးရသည် အဗီဂန်ဆေးကို ကိုဗစ်-၁၉ လူနာများအား အသုံးပြုနိုင်ရန် မေလတွင် အတည်ပြုရန် ရည်မှန်းခဲ့သည်။ အဆိုပါ ဂျပန်ဆေးကုမ္ပဏီသည် အဗီဂန်ဆေးဖြင့် ကိုဗစ်-၁၉ လူနာ ၉၆ ဦးကို လက်တွေ့ကုသရန် စီစဉ်ခဲ့သည်။ သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်သည် တဖြည်းဖြည်းချင်းကျဆင်းနေသောကြောင့် အဆိုပါ စမ်းသပ်မှုကို နည်းနည်းချင်းလုပ်ဆောင်နေရကြောင်း ကုမ္ပဏီတာဝန်ရှိသူများက ပြောသည်။

ယခုစမ်းသပ်မှုနှင့် သီးခြားအဖြစ် အိုင်းချိခရိုင်တွင်ရှိသည့် ဖူဂျီတာ ဆေးပညာတက္ကသိုလ်အပါအဝင် တခြားဌာနများ၌လည်း အဗီဂန်ဆေးကို လူနာများတွင် လက်တွေ့စမ်းသပ်ရန် လုပ်ဆောင်နေကြောင်း သိရသည်။

အဗီဂန်ဆေး၏ ထိရောက်မှုကို လတ်တလောတွင် တိတိကျကျ မဆုံးဖြတ်နိုင်သေးသော်လည်း ဩဂုတ်လနောက်ဆုံးထားပြီး လေ့လာမှုများကို အပြီးသတ်လုပ်ဆောင်မည် ဖြစ်ကြောင်း သုတေသီများက ပြောသည်။ လတ်တလောတွင် တိရစ္ဆာန်များဖြင့် စမ်းသပ်မှုများအရ အဗီဂန်ဆေးသည် လူနာများအား ဘေးထွက်ဆိုးကျိုးပေးလာနိုင်ခြေရှိသည်ကို တွေ့ရသည်။

သို့သော်လည်း ဆရာဝန်များ၏ စောင့်ကြည့်မှုအရ အဆိုပါ ဆေးဝါးဖြင့် ကုသခံရသည့် လူနာ ၃၀၀၀ ကျော်တွင် တခြား ပြင်းထန်သည့် ဆိုးကျိုးသက်ရောက်မှု တုံ့ပြန်ချက်ဆိုင်ရာ အစီရင်ခံစာများ မတွေ့ရှိရကြောင်း သိရသည်။

အဗီဂန်ဆေးကို တိတိကျကျအတည်ပြုနိုင်ပြီးသည့်နောက်တွင် ကိုဗစ် -၁၉ ကုသဆေးအဖြစ် ခွင့်ပြုရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ




တိတိကျကျအတည်ပြုပြီးပါက ကိုဗစ် -၁၉ ကုသဆေးအဖြစ် အသုံးပြုနိုင်မည်ဖြစ်သော အဗီဂန်ဆေးများကို တွေ့ရစဉ်။

# သြစတြေးလျတွင် လူစုလူဝေးကန့်သတ်မှုများကို လာမည့်သီတင်းပတ်တွင် ဖယ်ရှားပေးတော့မည်

**ကင်ဘာရာ ဇွန် ၁၂**

သြစတြေးလျနိုင်ငံ၏ လူစုလူဝေးအရေအတွက် ကန့်သတ်မှုများကို လာမည့်သီတင်းပတ်အတွင်း ဖယ်ရှားပေးတော့မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်စကော့တ်မော်ရစ်ဆင်က ဇွန် ၁၂ ရက်တွင် ပြောကြားလိုက်သည်။

**ဖျက်သိမ်းပေးတော့မည်**

ဝန်ကြီးအဖွဲ့အစည်းအဝေးပြီးနောက် မော်ရစ်ဆင်က ဦးရေ ၁၀၀ ခန့်သာခွင့်ပြုထားသော အမိုးအကာအောက်လူစုလူဝေးပြုလုပ်မှုများကို အစိုးရ၏ ကိုဗစ်-၁၉ ကူးစက်မှု ဟန့်တားရေးအစီအစဉ် အဆင့် ၃ အရ တဖြည်းဖြည်း ဖျက်သိမ်းပေးတော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အမိုးအကာအောက်တွင် တစ်ယောက်နှင့်တစ်ယောက် အနည်းဆုံး လေးမီတာ အကွာအဝေးရှိရန်လိုအပ်သည်။ ၄၀၀၀၀ ဆံ့သော အားကစားရုံများတွင်လည်း ၁၀၀၀၀ သာခွင့်ပြုပေးထားသည်။ ကြီးမားသော လဟာပြင်တွင် သင့်တော်သော အကွာအဝေး လိုအပ်ကြောင်း သိရသည်။

လူစုလူဝေးပွဲများတွင် လက်မှတ်များလိုအပ်ပြီး အကြောင်းတစ်စုံတစ်ရာဖြစ်ပေါ်ခဲ့လျှင် ယင်းလက်မှတ်များမှ မည်သူမည်ဝါ ပွဲတက်ရောက်ခဲ့သည်ကို သိရှိနိုင်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ဘေးကင်းလုံခြုံရေးအစီအမံ အဆင့် ၃ သည် ဇူလိုင်လတွင် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# တိုကျိုမြို့တွင် ပြဋ္ဌာန်းထားသော တိုကျိုသတိပေးချက်ကို အစိုးရက ဖယ်ရှားပေး

**တိုကျို ဇွန် ၁၂**

တိုကျိုအစိုးရသည် တိုကျိုမြို့တွင် ကိုဗစ် -၁၉ သတိပေးချက်များကို ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း သိရသည်။ ထိုသို့ဖယ်ရှားလိုက်ခြင်းကြောင့် ကိုဗစ် -၁၉ ကာကွယ်ရန် လိုက်ပါလုပ်ဆောင်ရမည့် အဆင့် ၃ အတွက် လမ်းခင်းပေးသလိုဖြစ်ကာ ယခင်က ဘားများနှင့် စားသောက်ဆိုင်များကို သန်းခေါင်အထိ ဖွင့်လှစ်ရောင်းချခွင့်ပြုလိုက်ပြီဖြစ်ကြောင်း၊ အပန်းဖြေဥယျာဉ်များနှင့် တချို့အပန်းဖြေနေရာများကိုလည်း ဖွင့်လှစ်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ် -၁၉ ကူးစက်မှုရှတ်တရက် မြင့်တက်မှုဖြစ်ပြီးနောက် တိုကျိုအစိုးရသည် တိုကျိုသတိပေးချက်ကို ဇွန် ၂ ရက်က ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

တိုကျိုသတိပေးချက်က ဒေသခံများကို ကိုဗစ် -၁၉ ဖြစ်ပွားနိုင်ခြေရှိမှုအပေါ် သတိနှင့် နေထိုင်ရန်အတွက် အသိပေးသည့်အနေဖြင့် အစိုးရ အဆောက်အအုံများတွင် မီးနီများထွန်းညှိကာ အချက်ပြခဲ့သည်။

မကြာသေးမီ ရက်များအတွင်းက တိုကျိုမြို့၏ အခြေအနေများ တိုးတက်လာပြီးနောက်တွင် ယခုလို တိုကျို သတိပေးချက်ကို ရုပ်သိမ်းလိုက်ခြင်း ဖြစ်သည်။

ဇွန် ၁၁ ရက်အထိ တိုကျိုမြို့တွင် အသစ်ထပ်မံဖြစ်ပွားသော ကိုဗစ် -၁၉ အတည်ပြုလူနာပေါင်း ၂၂ ဦးရှိကြောင်း ဖော်ပြခဲ့သည်။ ယခင် လေးရက်ဆက်တိုက် နေ့စဉ် ကိုဗစ် -၁၉ အတည်ပြုလူနာ အရေအတွက်သည် ၂၀ အောက်ကျဆင်းခဲ့သည်။

နိုင်ငံတစ်ဝန်း ကိုဗစ် -၁၉ ကူးစက်ဖြစ်ပွားမှု လျော့နည်းကျဆင်းလာသည့်အတွက် လွန်ခဲ့သောလကဗဟိုအစိုးရသည် နိုင်ငံတစ်ဝန်း ပြဋ္ဌာန်းထားသော အရေးပေါ်အခြေအနေထုတ်ပြန်ချက်ကို ရုပ်သိမ်းပေးခဲ့သည်။

အင်န်အိတ်ချ်ကေ




တိုကျိုမြို့တစ်နေရာကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသောစီးပွားရေးအကျိုးဆက်များကို ကုစားရန် ဂျပန်လွှတ်တော် အပိုဆောင်းဘတ်ဂျက်ဥပဒေတစ်ခု ထုတ်ပြန်မည်

**တိုကျို ဇွန် ၁၂**

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များကို ကုစားရန် ဂျပန်လွှတ်တော်သည် လက်ရှိဘဏ္ဍာနှစ်အတွက် ဒုတိယ အပိုဆောင်း ဘတ်ဂျက်ဥပဒေတစ်ခုကို ထုတ်ပြန်မည်ဖြစ်ကြောင်း နိုင်ငံတကာသတင်း တစ်ရပ်တွင် ဇွန် ၁၂ ရက်က ဖော်ပြလိုက်သည်။

အပိုဆောင်းဘတ်ဂျက်အဖြစ် သတ်မှတ်ထားသည့် စီးပွားရေးအစီအစဉ်သည် ယန်း ၃၁ ဒသမ ၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၉၈ ဘီလီယံကျော်) တန်ဖိုးရှိကြောင်း သိရသည်။

အဆိုပါဥပဒေကို ဘတ်ဂျက်ကော်မတီက အစောပိုင်း အတည်ပြုဖြစ်ပါက ဂျပန်အထက်လွှတ်တော်အနေဖြင့် ဇွန် ၁၂ ရက်မွန်းလွဲပိုင်းတွင် အဆိုပါဥပဒေကို အတည်ပြုမည်ဟု မျှော်လင့်ရသည်။

အဆိုပါအပိုဆောင်းဘတ်ဂျက်အစီအစဉ်တွင် ရောင်းအားကျသော စီးပွားရေး လုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးပေးရန် အစီအစဉ်များ ပါဝင်သလို လုပ်ငန်းမှ ခေတ္တနားနေရသည့် အလုပ်သမားများကို လုပ်ခ လစာများရှင်းပေးရန် ထောက်ပံ့ငွေပေးမည့် အစီအစဉ်လည်း ပါဝင်ကြောင်း သိရသည်။

ဘတ်ဂျက်ကော်မတီ တာဝန်ရှိသူများသည် ဇွန် ၁၁ ရက်က ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးဆိုးကျိုးကို ဆွေးနွေးခဲ့ကြသလို စီးပွားရေးနာလန်ထူလာရန် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။

အင်န်အိတ်ချ်ကေ



ဂျပန်လွှတ်တော်အဆောက်အအုံကို တွေ့ရစဉ်။

# အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များထားရှိမှုကို ဆက်လက်လျှော့ချမည်

**ဝါရှင်တန် ဇွန် ၁၂**

အမေရိကန်ပြည်ထောင်စုသည် အီရတ်တွင် တပ်ဖွဲ့ဝင်တည်ရှိမှုများကို လာမည့်လများအတွင်း ဆက်လက်လျှော့ချသွားမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုနှင့် အီရတ်တို့၏ ပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။

နှစ်နိုင်ငံသည် ကျန်ရှိနေသော တပ်ဖွဲ့များ၏ အခြေအနေနှင့်ပတ်သက်ပြီး ရှေ့လများတွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာချက်အရ သိရသည်။

**အချိန်အတိအကျ မပြောနိုင်သေး**

အာရှအရှေ့ရေးရာ အမေရိကန်လက်ထောက်အတွင်းရေးမှူး ဒေးဗစ်စကန်ကာက အမေရိကန်အနေဖြင့် တပ်ဖွဲ့ဝင်လျှော့ချရေးများကို စဉ်းစားသုံးသပ်နေကြောင်းနှင့် သို့သော်လည်း အချိန်အတိအကျကိုမူ မဆွေးနွေးသေးကြောင်း ပြောသည်။

**ကြေညာချက်တွင် ဖော်ပြ**

ထို့အပြင် အီရတ်နိုင်ငံတွင် အမြဲတမ်းအခြေစိုက်စခန်းနှင့် တပ်ဖွဲ့ဝင်တည်ရှိမှုများကို လုပ်ဆောင်မည်မဟုတ်ကြောင်း အဆိုပါကြေညာချက်တွင်ဆက်လက်ဖော်ပြထားသည်။

အမေရိကန်-အီရတ်ဆက်ဆံရေးသည် ဇန်နဝါရီလ အစောပိုင်းကတည်းက တင်းမာခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ဇူလိုင် ၁ ရက်မှစတင်ကာ ခရီးသွားလာခွင့်ပိတ်ပင်ထားမှုဖယ်ရှားခြင်းကို အီးယူထောက်ခံ

**ဘရပ်ဆဲလ် ဇွန် ၁၂**

အီးယူအဖွဲ့ဝင်နိုင်ငံများသည် ပြင်ပနိုင်ငံများမှ ခရီးသွားများ အပေါ် ပိတ်ဆို့ကန့်သတ်ထားမှုကို ဇူလိုင် ၁ ရက်မှ စတင်ကာ တဖြည်းဖြည်း ဖယ်ရှားပေးတော့မည့် အစီအစဉ်ကို အီးယူအဖွဲ့ကြီးက ထောက်ခံခဲ့သည်။

ထို့နောက် ပိတ်ဆို့ကန့်သတ်မှုများ ဖယ်ရှားပေးနိုင်မည့် နိုင်ငံများစာရင်းကို စာရင်းပြုစုထားခဲ့သည်။

ဥရောပကော်မရှင်သည် အီးယူအဖွဲ့၏ ခရီးသွားလာခွင့် ပိတ်ပင်ထားမှုကို ဇွန် ၁၅ ရက်မတိုင်ခင်အထိ ရက်တိုးချဲ့ထားရန် အဖွဲ့ဝင်နိုင်ငံများကို တောင်းဆိုခဲ့သည်။

ကိုဗစ် -၁၉ ကို ထိန်းချုပ်နိုင်ရေး ခရီးသွားလာမှုများကို ကန့်သတ်ခဲ့ခြင်းလည်း ဖြစ်သည်။

အီးယူဒေသတွင်းဆိုင်ရာ ကော်မရှင်နာ ယူဗာဂျွန်ဟန်ဆန်က ခရီးသွားလာခွင့်ဆိုင်ရာ ပိတ်ပင်မှုကန့်သတ်ချက်များကို ဇွန် ၃၀ ရက် မတိုင်မီအချိန်အထိ ဆက်လက်ထားရှိရန် အဆိုပြုခဲ့သည်။

တိုင်းပြည်အတွင်း ကူးစက်ရောဂါဖြစ်ပွားမှုနှုန်း အပေါ်အခြေခံကာ အချို့သောနိုင်ငံများတွင် ခရီးသွားလာခွင့်ကန့်သတ်မှုကို ဖြေလျှော့ပေးရန်နှင့် အဆိုပါနိုင်ငံများကလည်း အီးယူနိုင်ငံများမှ ခရီးသွားများကို အပြန်အလှန်အားဖြင့် လက်ခံပေးရန် ရှိ မရှိကို မူတည်ကာ ဆုံးဖြတ်သွားရန် ၎င်းက ဆက်လက်ပြောကြားသည်။

အဖွဲ့ဝင်နိုင်ငံများအတွင်း ဆွေးနွေးမှုများပြုလုပ်ပြီးနောက် ကန့်သတ်မှုဖြေလျှော့ပေးမည့် နိုင်ငံစာရင်းကို ပြုစုသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဇွန် ၁၅ ရက်မှစတင်ကာ အီးယူ အဖွဲ့ဝင်နိုင်ငံအချင်းချင်း နယ်စပ်ထိန်းချုပ်မှုများကို ဖြေလျှော့သွားရန်လည်း ဥရောပကော်မရှင်က ထောက်ခံပေးခဲ့သည်။

ခရီးသွားလုပ်ငန်းသည် အီးယူအဖွဲ့ဝင်နိုင်ငံများ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်ပြီး အဖွဲ့ကြီး၏ ဂျီဒီပီတွင် ၁၀ ရာခိုင်နှုန်းမှာ ခရီးသွားလုပ်ငန်းမှ ဖြစ်သည်။

ကပ်ရောဂါကို ပြင်းထန်စွာခံစားနေရသော်လည်း ယခုနှစ်နွေရာသီ ခရီးသွားရာသီမစမီ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်မှုများကို ဖြေလျှော့ပေးရန် တောင်းဆိုမှုများ မြင့်တက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



အီတလီနိုင်ငံ မီလန်လေဆိပ်တွင် ခရီးသွားများအား အပူချိန်တိုင်းတာနေသည်ကို တွေ့ရစဉ်။

# နယူးဇီလန်နိုင်ငံတွင် အငြင်းပွားဖွယ်ဖြစ်နေသည့် ကိုလိုနီခေတ် ရေတပ်ဗိုလ်မှူးကြီးတစ်ဦး၏ ရုပ်တုကို ဖယ်ရှား

**ဝယ်လင်တန် ဇွန် ၁၂**

နယူးဇီလန်နိုင်ငံ ဟာမင်လ်တန်မြို့တွင် ကိုလိုနီခေတ် ရေတပ်ဗိုလ်မှူးကြီးတစ်ဦး၏ ရုပ်တုကို ဇွန် ၁၂ ရက်က ဖယ်ရှားလိုက်ကြောင်း သိရသည်။

နယူးဇီလန်ကျွန်းရောက် ပင်ရင်းတိုင်းရင်းသား လူမျိုးများဖြစ်သည့် မော်ရီလူမျိုး၏ တောင်းဆိုမှုနှင့် လူမျိုးရေး ခွဲခြားဆက်ဆံသူများ၏ ခြိမ်းခြောက်မှုအန္တရာယ်တို့ကြောင့် အဆိုပါရုပ်တုကို ဖယ်ရှားလိုက်ရသည်။

ရေတပ်ဗိုလ်မှူးကြီး ဂျွန်ဖိန်းချားလ်ဟာမင်လ်တန် ရုပ်တုဖယ်ရှားလိုက်ခြင်းနှင့်ပတ်သက်၍ ယဉ်ကျေးမှုရေးရာအရ မညီမျှမှုနှင့် ဖိနှိပ်ခံရမှုတို့ကို ကိုယ်စားပြုသည်ဟု ရှုမြင်ခြင်းခံရသည့် ရုပ်တုအား ဖယ်ရှားခြင်းသာဖြစ်သည်ဟု ဟာမင်လ်တန်မြို့တော်ကောင်စီက အသိအမှတ်ပြုခဲ့သည်။ တစ်ကမ္ဘာလုံးအနှံ့ လူမျိုးရေးခွဲခြားမှုဆန့်ကျင်မှုများ ပေါ်ပေါက်နေချိန်တွင် ယင်းလှုပ်ရှားမှု၏ တွန်းအားကြောင့် ယခုလို ရုပ်တုဖယ်ရှားပေးလိုက်ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်ဟု ဟာမင်လ်တန်မြို့တော်ကောင်စီက အသိအမှတ်ပြုခဲ့သည်။

တစ်ကမ္ဘာလုံးတွင် ဖြစ်ပျက်နေသည်များကို လျစ်လျူရှု၍ မရနိုင်ကြောင်း၊ နားလည်မှုနှင့် သည်းခံမှုပြည့်ဝသည့် ရပ်ဝန်းတည်ဆောက်နေချိန်တွင် ယင်းရုပ်တုမှာ မည်သည့် အကူအညီမှမပေးနိုင်ဟု ထင်မြင်မိကြောင်း မြို့တော်ဝန် ပေါလ်လာဆောက်ဂိတ်က ပြောကြားခဲ့သည်။

ဂျွန်ဖိန်းချားလ်ဟာမင်လ်တန်သည် ၁၉ ရာစုက မော်ရီလူမျိုးများကို တိုက်ခိုက်ခဲ့သူလည်း ဖြစ်သည်။ တက်ကြွလှုပ်ရှားသူတစ်ဦး ဖြစ်သည့် တီတိမူမက်လီကမူ ဂျွန်ဖိန်းချားလ်ဟာမင်လ်တန်မှာ သူရဲကောင်းမဟုတ်ဘဲ လူသတ်သမားသာဖြစ်သည်ဟု စွပ်စွဲခဲ့သည်။

မော်ရီလူမျိုးများ၏ တောင်းဆိုမှုပေါ်ပေါက်ခဲ့ပြီးနောက် အဆိုပါ ရုပ်တုကို ဖယ်ရှားခဲ့ခြင်းဖြစ်သည်ဟုမြို့တော်ကောင်စီက ပြောသည်။

**အေအက်ဖ်ပီ**



ရေတပ်ဗိုလ်မှူးကြီး၏ ရုပ်တုကို ဖယ်ရှားနေစဉ်။

## ဗြိတိန်တွင် ပိတ်ဆို့ကန့်သတ်မှုများကြောင့် စီးပွားရေး ထိခိုက်ဆုံးရှုံးမှုဖြစ်

**လန်ဒန် ဇွန် ၁၂**

မတ်လနှင့် ဧပြီလတို့တွင် ဗြိတိန်နိုင်ငံ စီးပွားရေးမှာ ကိုဗစ် – ၁၉ ပိတ်ဆို့ကန့်သတ်မှုများကြောင့် လေးပုံပုံတစ်ပုံခန့် လျော့ကျသွားကြောင်း သိရသည်။ မတ်လမှ ဧပြီလအထိ စီးပွားရေး ၂၀ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားသည်။

စီးပွားရေးဖွံ့ဖြိုးမှုမှာ ၂၀၁၉ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်လျှင် ၂၄ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျသွားခြင်းလည်း ဖြစ်သည်။ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂၀၀၂ ခုနှစ်က ပမာဏအတိုင်းဖြစ်ကြောင်း အမျိုးသား စာရင်းအင်း အချက်အလက်ရုံးက ပြောသည်။

သမိုင်းတွင်မကြုံဖူးသည့် ဘေးဆိုးအန္တရာယ်ပင်ဖြစ်သည်ဟုThink Tank အဖွဲ့ ညွှန်ကြားရေးမှူး ပေါလ်ဂျွန်ဆင်က ပြောသည်။ ကမ္ဘာ့အခြားသောနိုင်ငံများကဲ့သို့ပင် ကိုဗစ် –၁၉ ဗိုင်းရပ်စ်သည် ဗြိတိန်နိုင်ငံ၏ စီးပွားရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေသည်ဟု ဘဏ္ဍာရေးဝန်ကြီး ရစ်ရှီဆူနက်ခ်က ပြောသည်။

ဗြိတိန်နိုင်ငံ၏ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းကြီးများမှာ ကိုဗစ် –၁၉ ကူးစက်မည်ကို စိုးရိမ်သည့်အတွက် လူအချင်းချင်း ခပ်ခွာခွာနေရသည့် အခြေအနေကြောင့် ဆိုးဆိုးရွားရွား ထိခိုက်ကြပြီး စီးပွားရေးမှာ အကျဘက်သို့ ပြောင်းလဲနိုင်သည်ဟု စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းက ပြောသည်။

ဗြိတိန်တွင် အခွန်ငွေဖြတ်တောက်ပေးမှုနှင့် အပိုငွေအတွက် ၁၃၃ ဘီလီယံပေါင် သုံးစွဲသွားမည့်အတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ပေးပါက ဗြိတိန်နိုင်ငံအနေဖြင့် လျင်မြန်စွာ နာလန်ထူနိုင်ရေး အကောင်းဆုံးအခွင့်အရေးရှိသည်ဟု ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးက ပြောသည်။

**ဖိုင်နက်ရှယ်တိုင်းမ်စ်**

## ထိုင်းနိုင်ငံတွင် သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့် ရုပ်သိမ်း

**ဘန်ကောက် ဇွန် ၁၂**

ထိုင်းအစိုးရသည် သတ်မှတ်ထားသော အချိန်အတွင်း ညဘက်အပြင်မထွက်ရအမိန့်ကို ဖယ်ရှားပေးလိုက်ကြောင်း သိရသည်။

ယင်းကန့်သတ်အမိန့်ကို ဧပြီလအတွင်းမှ စတင်ကာ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ညဘက်အချိန်တွင် အရက်အတူ သောက်ကြသူများမှတစ်ဆင့် အစုလိုက် ကူးစက်မှုဖြစ်ပေါ်ပြီးနောက် ညဘက် အချိန်အတွင်း အပြင်မထွက်ရ ကန့်သတ်ခဲ့ခြင်းဖြစ်သည်။

အားကစားပွဲများကို ဇွန် ၁၅ ရက်မှစတင်ကာ ပြုလုပ်ခွင့်ပေးမည်ဖြစ်ပြီး ထိုင်းနိုင်ငံသည် မေလအတွင်းမှ စတင်ကာ ပိတ်ဆို့ကန့်သတ်မှုများကို တဖြည်းဖြည်းချင်း ဖယ်ရှားပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယတွင် ကိုဗစ် -၁၉ ဖြစ်ပွားမှုမြင့်တက်နေသည့်အတွက် ပိတ်ဆို့ကန့်သတ်မှုများ ထပ်မံပြုလုပ်မည်ကို စိုးရိမ်နေကြ

**နယူးဒေလီ ဇွန် ၁၂**

အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရမှု တဖြည်းဖြည်းများပြားလာပြီး ဇွန် ၁၂ ရက်တွင် ကမ္ဘာ့ကူးစက်မှုစတုတ္ထအမြင့်ဆုံး နိုင်ငံဖြစ်လာခဲ့သည်။ အိန္ဒိယတွင် ပိတ်ဆို့ကန့်သတ်မှုများ ဖြေလျှော့ပြီးသည်မှာ ရက်အနည်းငယ်ကြာမြင့်ခဲ့ပြီဖြစ်ကာ ကူးစက်မှုများ မြင့်တက်နေသည့်အတွက် ပိတ်ဆို့မှုများ တစ်ကျော့ပြန်ချမှတ်လာမည့် အလားအလာရှိနေသည်။ ရက်ပေါင်း ၇၀ ကြာ ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ပြီးနောက် စီးပွားရေး ပြန်လည် အားကောင်းလာစေရန်လည်း စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ယခု သီတင်းပတ်အတွင်း အစိုးရသည် ပြည်သူ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ရုံးများနှင့် ဈေးဝယ်စင်တာအများစုကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ ဇွန် ၁၂ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူမှာ ယခင်နေ့များထက်ယှဉ်လျှင် အဆမတန်မြင့်တက်လာပြီး လူပေါင်း ၁၀၉၅၆ ဦး ကူးစက်ခံရသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အသစ် ကူးစက်ခံရသူများမှာ ဒေလီ၊ မွန်ဘိုင်းနှင့် ချန်နိုင်း အစရှိသည့်မြို့ကြီးများမှ ဖြစ်သည်။ မိမိတို့၏ လူဦးရေမှာ ထိခိုက်လွယ်သည့် အခြေအနေတွင် ရှိနေဆဲဖြစ်ပြီး ဗိုင်းရပ်စ်မှာလည်း ပျောက်ကွယ်မသွားသေးဘဲ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။



အိန္ဒိယတွင် ကိုဗစ်- ၁၉ လူနာအား ကုသမှုပြုလုပ်နေစဉ်။

ဗိုင်းရပ်စ်ကိုနှိမ်နင်းရန် အချိန်များစွာ ယူရဦးမည်ဟု ကိုဗစ် -၁၉ ကိုင်တွယ်ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဗီကေပေါလ်က ပြောသည်။

ကိုဗစ် -၁၉ လူနာများမှာ ဆေးရုံများတွင် ပြည့်ကျပ်နေပြီး ဆိုးရွားသည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်ဟုဆိုကာ တရားရုံးချုပ်က ဒေလီမြို့ အာဏာပိုင်များထံမှ အစီရင်ခံစာ တောင်းခံထားသည်။

ဒေလီမြို့တွင် လာမည့်လအတွင်း ဆေးရုံခုတင် ၈၀၀၀၀ အထိ လိုအပ်မည်ဖြစ်ပြီး လက်ရှိအချိန်တွင် ခုတင်အရေအတွက်မှာ ၁၁၀၀၀ အထိသာ ရှိသည်။

**အင်ဘာက်စတင်းဒေ့ါကွန်း**

# အီရတ်မြေပေါ်မှ အမေရိကန်တပ်တွေလျှော့ချမည့်အချိန် နီးလာပြီလား

ခြူးစန္ဒီနွေး

**အရှေ့အလယ်ပိုင်းဒေသမှာ အီရတ်နဲ့ အမေရိကန်တို့ရဲ့ ဆက်ဆံရေးဟာ မဆိုးလှပေမယ့် အိမ်နီးချင်းအီရန်နိုင်ငံက ဗိုလ်ချုပ်တစ်ယောက်ကို အမေရိကန်တို့က အီရတ်မြေပေါ်မှာပဲ ဒရုန်းနဲ့ တိုက်ခိုက်ပြီးတဲ့နောက်မှာတော့ ဆက်ဆံရေးဟာ အရင်ကလောက် အဆင်မပြေတော့ပါဘူး။**

### ဆက်ဆံရေးဆိုးရွားခဲ့

အီရတ်မြေပေါ်မှာ အမေရိကန်တပ်တွေကို ဆက်လက်မထားချင်တော့တဲ့အထိ ဆက်ဆံရေးဆိုးရွားခဲ့ကြပါတယ်။ အီရတ်ကလွှတ်တော်အမတ်တွေကလည်း အီရတ်မြေပေါ်က အမေရိကန်တပ်တွေ ဖယ်ရှားပေးရေးကိုသာ တစိုက်မတ်မတ်တောင်းဆိုခဲ့ကြပါတယ်။ လက်ရှိအခြေအနေမှာတော့ အီရတ်နိုင်ငံမှာ အမေရိကန်တပ်ဖွဲ့ဝင် ၅၂၀၀ ရှိနေပြီး သူတို့ရဲ့အဓိကတာဝန်ကတော့ အီရတ်တပ်ဖွဲ့ကို လေ့ကျင့်သင်ကြားပေးဖို့နဲ့ အကြမ်းဖက်သမားတွေကို နှိမ်နင်းဖို့ပါပဲ။

### အိုင်အက်စ်တို့ အင်အားလျော့ကျ

အရှေ့အလယ်ပိုင်းဒေသမှာ ကာလအတန်ကြာ မွှေနှောက်ဒုက္ခပေးသွားတဲ့ အိုင်အက်စ်အကြမ်းဖက်သမားတွေကလည်း ၂၀၂၀ ရောက်တဲ့အခါမှာတော့ နည်းပညာပိုင်းဆိုင်ရာ နိမ့်ကျလာပြီး ငွေကြေးထောက်ပံ့နိုင်မှုအင်အားလည်း သိပ်မရှိတော့ပါဘူး။ အိုင်အက်စ်အဖွဲ့ အင်အားလျော့ကျသွားတာ အမှန်ဖြစ်ပေမယ့် လူတွေကိုသေစေနိုင်တဲ့စွမ်းအင်တော့ ရှိနေတုန်းပါပဲ။ လွန်ခဲ့တဲ့လအတွင်းက ကျေးရွာတစ်ရွာမှ အိုင်အက်စ်အဖွဲ့ကိုဆန့်ကျင်တဲ့ ဆွန်နီမျိုးနွယ်စုက အဖွဲ့ဝင်ကိုးဦး သေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့ပါတယ်။

### ဆွေးနွေးပွဲပြုလုပ်

ဇွန် ၁၁ ရက်မှာတော့ အမေရိကန်နဲ့အီရတ် စေ့စပ်ညှိနှိုင်းရေးသမားတွေဟာ မဟာဗျူဟာမြောက်ဆွေးနွေးပွဲအသစ် ပြုလုပ်ခဲ့ကြပါတယ်။ အိုင်အက်စ်အဖွဲ့တွေ သူပုန်ထတာကို ဘယ်လိုမျိုးနှိမ်နင်းရမလဲဆိုတာရယ် အမေရိကန်ရဲ့အကူအညီ ဘယ်လောက်အတိုင်းအတာထိ လိုအပ်နေသေးသလဲဆိုတာကို အဓိကထားဆွေးနွေးခဲ့ကြပါတယ်။ အမေရိကန်သမ္မတထရမ့်ကတော့ အမေရိကန်တပ်တွေကို အီရတ်မှာထားရှိခြင်းဖြင့် အိုင်အက်စ်တွေကို အင်အားချိုးနှိမ်ရာမှာ အဓိကအရေးပါပြီး အီရတ်နိုင်ငံမှာ အိမ်နီးချင်းအီရန်နိုင်ငံရဲ့လွှမ်းမိုးမှုတွေကို လျှော့ချရာမှာ အရေးပါတယ်လို့ ထင်မြင်ယူဆခဲ့ပါတယ်။

### နှစ်ဖက်စလုံးအတွက် ဖိအားများနေ

အမေရိကန်ဘက်က အထူးသံတမန်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ဂျိမ်းအက်ဖ်ဂျက်ဖရီကတော့ အီရတ်အစိုးရက အမေရိကန်တပ်တွေကိုထားစေချင်တဲ့ စိတ်ဆန္ဒရှိတဲ့အထိထားဖို့ ရည်ရွယ်ထားသကဲ့သို့ အကြမ်းဖက်သမားတွေကိုနှိမ်နင်းဖို့ မဟာမိတ်အဖွဲ့ရဲ့ လုပ်ဆောင်မှုတွေဟာ ဆုံးခန်းမတိုင်သေးဘူးလို့ ပြောပါတယ်။ နှစ်ဖက်စလုံးမှာတော့ အီရတ်မြေပေါ်က အမေရိကန်တပ်တွေကိုလျှော့ချသွားဖို့အတွက် ဖိအားတွေများပါတယ်။ အမေရိကန်တပ်တွေ အီရတ်နိုင်ငံမှာ ဆက်လက်ရှိနေသေးတာနဲ့ ပတ်သက်ပြီး လွှတ်တော်မှာလည်း မေးခွန်းတွေ အမြဲမပြတ်ဆိုသလို မေးမြန်းနေကြတယ်။ ပင်တဂွန်အနေနဲ့လည်း အမေရိကန်တပ်ဖွဲ့ဝင်ကို လျှော့ချင်ပေမယ့်လည်း လက်ကျန်လူနည်းသွားရင် အီရန်ကကျောထောက်နောက်ခံပေးထားတဲ့ စစ်သွေးကြွတွေရဲ့တိုက်ခိုက်မှုခံရမှာကိုလည်း တွေးပြီးစိုးရိမ်ရပြန်တယ်။



အမေရိကန်နှင့် အီရတ်စစ်ဘက်အရာရှိများကို မတ်လအတွင်းက အီရတ်နိုင်ငံ နစ်နက်ဗာမြို့တွင် တွေ့ရစဉ်။

> "အမေရိကန်ရဲ့ဆန္ဒကတော့ အီရန်နဲ့အီရတ်တို့ အကြားစီးပွားရေးအဆက်အသွယ်ကိုလည်း လျော့ပါးသွားစေလိုတယ်။ နောက်ပြီး အီရတ် လုံခြုံရေးတပ်ဖွဲ့အပေါ် အီရန်ရဲ့လွှမ်းမိုးမှုကိုလည်း လျော့ကျစေချင်တယ်။ ဒီလိုမျိုးအခြေအနေတွေနဲ့ ဇွန် ၁၁ ရက်မှာ အီရတ်နဲ့ အမေရိကန် အထူးသံတမန်တွေအကြားစေ့စပ်ညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့ကြတာဖြစ်ပြီး အစည်းအဝေးပြီးတဲ့နောက်မှာတော့ အမေရိကန်ဘက်က ကတိစကားတစ်ခုရခဲ့ပါတယ်။ အဲဒါကတော့ လာမယ့်လတွေအတွင်း အီရတ်မြေပေါ်က အမေရိကန်တပ်တွေကို လျှော့ချပေးမယ်ဆိုတဲ့ ကတိပါပဲ"

### စစ်ရေးလေ့ကျင့်ပေးမှု ဆိုင်းငံ့ထား

မတ်လအတွင်းကလည်း အီရတ်မှာရှိတဲ့စစ်အခြေစိုက်စခန်းတိုက်ခိုက်ခံရမှုကြောင့် အမေရိကန်ဦးဆောင်တဲ့ စစ်သွေးကြွနှိမ်နင်းရေးမဟာမိတ်အဖွဲ့က တပ်ဖွဲ့ဝင်သုံးဦးကျဆုံးခဲ့ရပါတယ်။ အဲဒီထဲကနှစ်ယောက်ကတော့ အမေရိကန်တွေပါ။ ဒဏ်ရာရရှိသူ စုစုပေါင်း ၁၄ ဦးရှိခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ အခြေစိုက်စခန်းတွေမှာ လူဦးရေကို ကျစ်လျစ်ခိုင်မာတောင့်တင်းအောင်ပြုလုပ်ခဲ့ပါတယ်။ နောက်ပြီး တစ်ကမ္ဘာလုံးကြုံတွေ့နေရတဲ့ ကိုဗစ် – ၁၉ ကြောင့် စစ်ရေးလေ့ကျင့်ပေးမှုတွေကိုလည်း ဆိုင်းငံ့ထားခဲ့ရပါတယ်။

### အမေရိကန်တပ်ဖွဲ့ဝင်အင်အား လျှော့ချမယ်

လက်ရှိ အီရတ်မှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို ထက်ဝက်လျှော့ပြီးတော့လည်း လုပ်ငန်းတွေကို လုပ်ဆောင်နိုင်လိမ့်မယ်လို့ ပင်တဂွန်အရာရှိတွေက ယုံကြည်ထားကြပါတယ်။ အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်ကိုလည်း ၂၅၀၀ ဒါမှမဟုတ် ၃၀၀၀ လောက်အထိ လျှော့ချသွားဖို့ အစီအစဉ်လည်းရှိပါတယ်။ အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်တပ်မှာ ပါဝင်တဲ့ အခြားနိုင်ငံပေါင်း ၂၉ နိုင်ငံဟာလည်း ကိုဗစ် –၁၉ကြောင့် သူတို့ရဲ့တပ်ဖွဲ့ဝင်အင်အားကို ထက်ဝက်နီးပါးလျှော့ချထားပြီးပါပြီ။

### အီရတ် ပါလီမန်ရဲ့သဘောထား

အီရတ်နိုင်ငံဘက်က ကြည့်မယ်ဆိုရင်လည်း ပါလီမန်ဟာ အမေရိကန်ရဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် အီရန် စစ်ဗိုလ်ချုပ်နဲ့ အီရတ်အရာရှိအချို့ သေဆုံးခဲ့ရတာကို ဒေါသထွက်နေတုန်းပါပဲ။ ဒီဖြစ်ရပ်ကိုမေ့မပစ်နိုင်သေးပါဘူး။ ပြီးခဲ့တဲ့ဇန်နဝါရီလကစလို့ အမေရိကန်တပ်တွေ ဆုတ်ခွာပေးရေးကိုသာ တောင်းဆိုနေကြပါတယ်။ အီရတ်အစိုးရကတော့ ပါလီမန်ရဲ့တောင်းဆိုမှုကို ချက်ချင်းမတုံ့ပြန်နိုင်ပါဘူး။ အမေရိကန်တပ်တွေ ချက်ချင်းကြီး နောက်ဆုတ်သွားမှာကို အီရတ်တပ်ဖွဲ့ဝင်တွေကလည်း တုံ့ဆိုင်းနေပါတယ်။ မြေပြင်မှာ အီရတ်တပ်ဖွဲ့ဝင်တွေချည်း တိုက်ပွဲဝင်ဖို့ဆိုတာ လိုအပ်ချက်တွေရှိနေသေးတယ်။ ကင်းထောက်လှမ်းမှုတွေ၊ လေကြောင်းအထောက်အကူပြုမှုတွေနဲ့ လေ့ကျင့်ပေးမှုတွေလိုအပ်နေသေးတယ်လို့ ပြောခဲ့ကြပါတယ်။

### အမေရိကန်ရဲ့ ကတိစကား

အမေရိကန်ရဲ့ဆန္ဒကတော့ အီရန်နဲ့ အီရတ်တို့အကြား စီးပွားရေးအဆက်အသွယ်ကိုလည်း လျော့ပါးသွားစေလိုတယ်။ နောက်ပြီး အီရတ်လုံခြုံရေးတပ်ဖွဲ့အပေါ် အီရန်ရဲ့လွှမ်းမိုးမှုကိုလည်း လျော့ကျစေချင်တယ်။ ဒီလိုမျိုးအခြေအနေတွေနဲ့ ဇွန် ၁၁ ရက်မှာ အီရတ်နဲ့ အမေရိကန် အထူးသံတမန်တွေအကြားစေ့စပ်ညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့ကြတာဖြစ်ပြီး အစည်းအဝေးပြီးတဲ့နောက်မှာတော့ အမေရိကန်ဘက်က ကတိစကားတစ်ခုရခဲ့ပါတယ်။ အဲဒါကတော့ လာမယ့်လတွေအတွင်း အီရတ်မြေပေါ်က အမေရိကန်တပ်တွေကို လျှော့ချပေးမယ်ဆိုတဲ့ ကတိပါပဲ။

### အပြန်အလှန်ကတိတောင်းခံ

အမေရိကန်ဘက်ကနေ အမြဲတမ်းအခြေစိုက်စခန်းထားရှိဖို့ အီရတ်နိုင်ငံမှာစစ်ရေးအရပါဝင်ဖို့ တောင်းဆိုမှုတွေပြုလုပ်သွားမှာမဟုတ်ဘူးလို့ ထပ်လောင်းပြောကြားခဲ့ပါတယ်။ အမေရိကန်တပ်တွေ လျှော့ချလိုက်တဲ့အခါမှာ အီရန်ကိုလိုလားတဲ့ စစ်သွေးကြွအဖွဲ့တွေရဲ့ တိုက်ခိုက်မှုအန္တရာယ်ရှိတာကြောင့် အီရတ်မှာ ကျန်ရှိနေမယ့် အမေရိကန်တွေရဲ့အိမ်ရာတွေကို အီရတ်တပ်ဖွဲ့က စောင့်ရှောက်ပေးရမယ်လို့ အပြန်အလှန်ကတိတောင်းခံခဲ့ပါတယ်။

ဇွန် ၁၁ ရက်က ပြုလုပ်ခဲ့တဲ့ အစည်းအဝေးဟာ ဆယ်စုနှစ် တစ်ခုကျော်အတွင်းမှာ ပထမဆုံးပြုလုပ်နိုင်ခဲ့တဲ့မဟာဗျူဟာမြောက် အစည်းအဝေးလည်းဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကိုဗစ် – ၁၉ အခြေအနေကြောင့် လူချင်းတွေ့ဆုံစည်းဝေးနိုင်ခဲ့ခြင်းတော့ မရှိပါဘူး။ ကြားထဲမှာ အီရတ်နဲ့ အမေရိကန်တို့အကြား ဆက်ဆံရေးဆိုးရွားခဲ့ပေမယ့် အမေရိကန်နဲ့ရင်းနှီးမှုရှိတဲ့ မူစတာဖာခတ်ဟီမီ ဝန်ကြီးချုပ်ဖြစ်လာတဲ့အခါမှာတော့ အခြေအနေဟာ ပြန်လည်တည်ငြိမ်စပြုလာပါတယ်။ အမေရိကန်ဘက်က တပ်ဖွဲ့ဝင်တွေ လျှော့ချမယ့်အချိန်ကို တိတိကျကျမပေးသေးပေမယ့် လျှော့ချပေးမယ်လို့ ကတိပေးခဲ့တာကြောင့် အီရတ်လွှတ်တော်အတွက်လည်း စိတ်ကျေနပ်စရာဖြစ်လာနိုင်ပါတယ်။ ဒီလိုမဟုတ်ဘဲ အမေရိကန်တပ်တွေအားလုံး အီရတ်မြေပေါ်က မဆုတ်ခွာသရွေ့ အီရတ်ပါလီမန်ဟာ မကျေနပ်နိုင်ဘူးဆိုရင်တော့ နောက်ထပ်ဆွေးနွေးညှိနှိုင်းမှုတွေလိုအပ်နေဦးမှာပါပဲ။ **ကိုးကား –အေအက်ဖ်ပီ၊နယူးယောက်တိုင်းမ်စ်**

---

## နိုင်ငံတကာသတင်းတိုထွာ

### ရှန်ဟိုင်းတွင် ပြည်ပမှ ကိုဗစ် – ၁၉ ကူးစက်ခံရသူ ငါးဦးထပ်မံတွေ့ရှိ

**ရှန်ဟိုင်း ဇွန် ၁၂**

ရှန်ဟိုင်းတွင် ပြည်ပမှပြန်လာသူများထဲမှ ငါးဦးတွင် ကိုဗစ် –၁၉ တွေ့ရှိခဲ့ပြီး ပြည်တွင်း၌မူ ကူးစက်မှု မတွေ့ရှိရကြောင်း မြူနီစီပယ်ကျန်းမာရေးကော်မရှင်က ဇွန် ၁၂ ရက်တွင် ပြောကြားသည်။ ဇွန် ၂ ရက်တွင် ပါကစ္စတန်မှ ထွက်ခွာလာသူငါးဦးတွင် ကိုဗစ် –၁၉ ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ကိုသီးခြားထားစဉ် ရောဂါလက္ခဏာများတွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းတို့နှင့်ထိတွေ့ခဲ့သူ ၅၅ ဦးရှိပြီး ယင်းတို့ကိုလည်း သီးခြားစောင့်ကြည့်ထားကြောင်း သိရသည်။ ဇွန် ၁၁ ရက်အထိ ရှန်ဟိုင်းတွင် ပြည်ပမှဝင်ရောက်လာသည့် ကိုဗစ် –၁၉ ကူးစက်ခံရသူ ပေါင်း ၃၄၈ ဦးအထိ ရှိပြီဖြစ်ကြောင်း သိရသည်။ ၎င်းတို့ထဲမှ ၁၆ ဦးသာ ဆေးရုံတွင် ဆက်လက်ကုသမှုခံယူနေပြီး ကျန်လူများမှာဆေးရုံမှ ဆင်းသွားကြပြီဖြစ်ကြောင်း ကျန်းမာရေးကော်မရှင်က ပြောသည်။ ဇွန် ၁၁ ရက်အထိ ဒေသတွင်းကူးစက်ခံရမှု ၃၆၁ ဦးတွင် ၃၃၄ ဦးမှာ ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

### ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဟောင်း အသက် ၇၃ နှစ်တွင် ကွယ်လွန်

**မနီလာ ဇွန် ၁၂**

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဟောင်း ပါဖက်တိုယက်ဆေးသည် ဇွန် ၁၂ ရက် အသက် ၇၃ နှစ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရသည်။ ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ယက်ဆေး၏ ဇနီးဖြစ်သူက ခင်ပွန်းသည် သေဆုံးသွားပြီဖြစ်ကြောင်း ဖေ့စ်ဘွတ်စာမျက်နှာမှတစ်ဆင့် အသိပေးခဲ့သည်။

၎င်း၏ခင်ပွန်းသည်ဖြစ်သူမှာ ကင်ဆာကြောင့်ဖြစ်ပွားရသည့် အဆုတ်ရောင်ရောဂါဖြင့် သေဆုံးရခြင်းဖြစ်ပြီး ကိုဗစ် – ၁၉ ကြောင့် သေဆုံးရခြင်းမဟုတ်ဟု ဖေ့စ်ဘွတ်ပေါ်တွင် ရေးသားခဲ့သည်။ သမ္မတ၏ပြောရေးဆိုခွင့်ရှိသူ ဟာရီရို့ခ်ကလည်း ယက်ဆေးမိသားစုအတွက် ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။

မစ္စတာယက်ဆေးသည် သမ္မတရိုဒရီဂိုဒူတာတေး၏ကောလိပ်ကျောင်းတက်သူငယ်ချင်းဖြစ်ပြီး ၂၀၁၆ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ဒူတာတေး၏ ပထမဆုံးနိုင်ငံခြားရေးဝန်ကြီးလည်း ဖြစ်သည်။

၎င်းမှာ အမေရိကန်နိုင်ငံသားခံယူထားမှုကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ထိပ်တန်းသံတမန်အရာရှိအဖြစ် ခန့်ထားရန် ကော်မရှင်က ငြင်းဆိုခဲ့ပြီးနောက် ရာထူးမှဖယ်ရှားပေးခဲ့သည်။

ဆင်ဟွာ

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၂-၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၁၁-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၆၅၃) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၄၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၉၈) ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၈၉၉) ခုအား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ –

• COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၁၁-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၃၀၅) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၁၉၃) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၄၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၅၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၉၂) ခု၊

စုစုပေါင်း (၂,၁၉၆) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိကြောင်းကို (၁၁-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ သတင်းတွင် ဖော်ပြပြီးဖြစ်ပါသည်။)

၃။ (၁၂-၆-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၆၁)ဦး ရှိပြီဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
### (၁၂-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၁၁-၆-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၆၅၃) ခု |
| (၁၁-၆-၂၀၂၀) ရက်နေ့အတွက် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၄၈) ခု |
| (၁၁-၆-၂၀၂၀) ရက်နေ့အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၉၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၂-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၂၆၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၆၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၁၁-၆-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
(၁၂-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 261 | ၆၀ နှစ် | မ | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယနိုင်ငံ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ဒဂုံမြို့နယ်) |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၂-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၄၇၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၄၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၉၈) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၂၄) ခုနှင့်

စုစုပေါင်း (၁,၁၃၇)ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –

• COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၁၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၆၁) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက်ပိုးမတွေ့ရှိသူ စုစုပေါင်း (၁၆၅) ဦးရှိပါသည်။ ၎င်းတို့အနက် (၁၅၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၁-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၂-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၆) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၂-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၇၀) ခု |
| (၁၂-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၅) ခု |
| (၁၂-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၉၈) ခု |
| (၁၂-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၂၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၆၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၆၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# ရှမ်း၊ လားဟူ၊ အာခါတိုင်းရင်းသားများနေထိုင်ရာ ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းယု၊ မိုင်းယောင်းဒေသများသို့ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့

**ကျိုင်းတုံ ဇွန် ၁၂**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်း၊ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်နှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေး ကော်မတီဝင်များနှင့် ပရဟိတအဖွဲ့ဝင်များသည် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်၊ မိုင်းယောင်းနှင့် မိုင်းယုဒေသရှိ ရှမ်း၊ လားဟူ၊ အာခါစသည့် တိုင်းရင်းသားများနေထိုင်ရာဒေသများသို့ သွားရောက်၍ အခြေခံပြည်သူများအား ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများပါဝင်သည့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်လှူဒါန်းသည်။




ယင်းသို့ သွားရောက်ထောက်ပံ့လှူဒါန်းရာ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲခန့်က မိုင်းဖြတ်မြို့သို့ ရောက်ရှိပြီး ရှမ်း၊ လားဟူ၊ အာခါတိုင်းရင်းသား အခြေခံပြည်သူများအား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကို ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုင်းယောင်းမြို့ ထပ်လုံဘုရားသို့ ရောက်ရှိဖူးမြော်ကြည်ညိုပြီး ဝမ်ကောင်းကျေးရွာရှိ ရှမ်း၊ လားဟူ၊ အာခါတိုင်းရင်းသား အခြေခံပြည်သူများနှင့် ဝမ်မန်းကျေးရွာရှိ ရှမ်း၊ လားဟူ၊ အာခါတိုင်းရင်းသား အခြေခံပြည်သူများအား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကို လည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းရာ ဝမ်မန်းကျေးရွာလမ်းများ ပြုပြင်ရန်အတွက် ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက ဘိလပ်မြေအိတ် ၁၀၀၀ ကို ဆက်လက်ပေးအပ် လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုင်းယုမြို့သို့ ရောက်ရှိပြီး ရှမ်း၊ လားဟူ၊ အာခါတိုင်းရင်းသား အခြေခံပြည်သူများအား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ပြီး မိုင်းယောင်းမြို့ ဟိုခုံဘုန်းကြီးကျောင်း ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဟိုခုံဘုန်းကြီးကျောင်းနှင့် ထပ်လုံစေတီတော်ဘက်စုံပြုပြင်တည်ဆောက်ရန် အတွက် အလှူငွေကျပ်သိန်း ၂၀၀ နှင့် ဘိလပ်မြေအိတ် ၂၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

အလားတူ ဇွန် ၁၁ ရက် ညပိုင်းတွင် ကျိုင်းတုံမြို့၌ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနာယက၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နာယက၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး ဆောက်လုပ်ရန်အတွက် အလှူငွေ ကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသည် ကမ္ဘောဇဘဏ်မှ မတည်လှူဒါန်းငွေကျပ်သိန်း ၁၀၀၀၀ နှင့် အများပြည်သူများ၏ လှူဒါန်းငွေများဖြင့် ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားပေါင်းစုံ နေထိုင်ရာဒေသများသို့ လည်းကောင်း၊ တိုက်ပွဲရှောင်စခန်းများသို့လည်းကောင်း၊ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးအတွက် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်များအား စောင့်ကြည့်ရေးစခန်းများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများသို့ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို နေရာအရောက်ဆက်လက်ထောက်ပံ့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ယင်းကော်မတီမှ သိရသည်။

**စိုးညွန့်ရွှေ**
**(ပြည်နယ်ပြန်/ဆက်)**

# မလှိုင်မြို့တွင် အောင်စာရင်းနှင့် ကျောင်းအပ်နှံရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်သွားမည်

**မလှိုင် ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် အောင်စာရင်းနှင့် ကျောင်းအပ်နှံခြင်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မလှိုင်မြို့နယ် ပညာရေးမှူးရုံးက သိရသည်။

"ဇွန် ၁၃ ရက် အောင်စာရင်းထုတ်ရင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်နဲ့အညီ ဆောင်ရွက်သွားမှာပါ။ လူစုလူဝေး မဖြစ်အောင် ကျောင်းတွေမှာ အတန်းအသီးသီးကို အောင်စာရင်းကပ်သွားမှာပါ။ နောက်ပြီး အောင်စာရင်းလာကြည့်တဲ့ ကျောင်းသားမိဘတွေကို နှာခေါင်းစည်းတွေ တပ်လာဖို့၊ လက်ဆေးဖို့အတွက် ဆပ်ပြာ၊ ရေ၊ လက်ဆေးကန် ချထားပေးပါ့မယ်။ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာကနေ ကြည့်နိုင်အောင် ကျောင်းတွေကို ညွှန်ကြားထားပါတယ်"ဟု ဇွန် ၁၃ ရက်ထွက်မည့် အောင်စာရင်းလာကြည့်သူများအားကိုဗစ်-၁၉ရောဂါကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားမှုကို မလှိုင်မြို့နယ်ပညာရေးမှူး ဦးရွှေက ပြောကြားသည်။

အခြားအဆင့် အောင်စာရင်းများကို ဇွန် ၁၃ ရက်တွင် ထုတ်ပြန်သွားမည်ဖြစ်ပြီး ကျောင်းသားလက်ခံခြင်းများကို ဇူလိုင် ၂၁ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ကျောင်းသားလက်ခံရာမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ ဆောင်ရွက်သွားမှာပါ။ စာသင်တဲ့နေရာမှာ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာ နေနိုင်ဖို့အတွက် အခန်းတစ်ခန်းကို လူ ၂၀ ထားပါမယ်။ အခန်းကျဉ်းရင် ၁၆ ဦးထားပြီး အခန်းကျယ်ရင် ပုံမှန် လူ ၂၀ ထည့်သွားမှာပါ။ ကျောင်းသားများတဲ့ ကျောင်းတွေမှာ တစ်သုတ်နဲ့တစ်သုတ် ခွဲခြားသင်ကြားသွားမှာပါ"ဟု မြို့နယ်ပညာရေးမှူးက ကျောင်းအပ်လက်ခံပြီး ကျန်းမာရေးနှင့်အညီ သင်ကြားမည့်အကြောင်း ဆက်လက်ရှင်းပြသည်။



မလှိုင်မြို့တွင် ကျောင်းများပြန်လည်ဖွင့်လှစ်ပါက ကျောင်းသားများ ကိုဗစ်-၁၉ ကင်းဝေးစေရန် အသွားအလာကန့်သတ်စောင့်ကြည့်ခံထားရသော ကျောင်းများအနက် မလှိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းအား ပိုးသတ်ဆေးဖျန်းခြင်းကို မလှိုင်မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ် ကာကွယ်တုံ့ပြန်နိုင်ရေးအဖွဲ့မှ ယနေ့ မနက် ၉ နာရီခွဲခန့်က ဆောင်ရွက်ကြောင်း သိရသည်။ (ဝဲပုံ)

**ဘိုဘို(မလှိုင်)**

❖ *ကျောဖုံးမှ*

စုစုပေါင်း ၁၅၀ အား သံတော်ကုမ္ပဏီ၏စီစဉ်ပေးမှု၊ မြန်မာသံရုံး၊ မနီလာမြို့၏ ညှိနှိုင်းဆောင်ရွက်ပေးမှုတို့ဖြင့် Air Asia Philippines ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ယနေ့ညနေ၆ နာရီ ၂၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသည်။

နိုင်ငံတကာကုန်သွယ်သင်္ဘောများ၊ အပျော်စီးသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် မြန်မာသင်္ဘောသားများသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအစီအမံများကြောင့် တာဝန်မှရပ်စဲခံရခြင်း၊ ဆိပ်ကမ်းကပ်ရာနိုင်ငံများ၌ Lock Down နှင့် ကြုံတွေ့ရခြင်း၊ ပြည်ဝင်ခွင့်မရခြင်း၊ နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းပြေးဆွဲမှုယာယီရပ်ဆိုင်းခြင်းနှင့်အတူ ရောက်ရှိရာနေရာဒေသများတွင် အခက်အခဲကြုံတွေ့နေရခြင်း၊ လူစားလဲလှယ်ပြုလုပ်ရန် အခက်အခဲများရှိခြင်းတို့ကြောင့် သက်ဆိုင်ရာ သင်္ဘောကုမ္ပဏီများ၏ အစီအစဉ်ဖြင့် လည်းကောင်း၊ မြန်မာသံရုံးများ၏ အစီအစဉ်ဖြင့်လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ တင်ပြလျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယနေ့အထိ မြန်မာသင်္ဘောသား စုစုပေါင်း ၅၅၀ ခန့် ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်သည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံရှိ ဆိပ်ကမ်းများတွင် ပိတ်မိနေသည့် မြန်မာသင်္ဘောသား ၄၀၀ ကျော်ကိုလည်း ဇွန်လတတိယပတ်အတွင်း မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# တရုတ်နိုင်ငံမှ မြန်မာအလုပ်သမား ၈၉ ဦး ကျိုင်းတုံမြို့သို့ ထပ်မံရောက်ရှိ

**ကျိုင်းတုံ ဇွန် ၁၂**

တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပြီး ပြန်လာသည့် မြန်မာအလုပ်သမား ၈၉ ဦးသည် အထူးဒေသ-၄(မိုင်းလား) မှတစ်ဆင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ လေ့ကျင့်ရေးအားကစားရုံသို့ ဇွန် ၁၂ ရက် ညနေ ၄ နာရီခွဲက ထပ်မံရောက်ရှိခဲ့ရာ တာဝန်ရှိသူများက မူလနေရပ်သို့ အဆင်ပြေစွာပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးကာ တောင်ကြီးမြို့သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါနေရပ်ပြန် မြန်မာလုပ်သားများသည် အထူးဒေသ-၄ (မိုင်းလား)ဒေသတွင် အသွားအလာစောင့်ကြည့်မှု ၂၁ ရက်ထားရှိပြီး ပြန်လည်ဝင်ရောက်လာရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်း၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျိုင်းတုံလူငယ်ပရဟိတ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးပြီး (ယာပုံ) ထမင်းထုပ်၊ ရေသန့်ဘူး၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ လက်အိတ်၊ နှာခေါင်းစည်းများ ဝေငှပေးသည်။

ပြန်လည်ဝင်ရောက် လာသူများအနက် ကျိုင်းတုံမြို့နယ်မှ ၄၈ ဦး၊ မိုင်းဆတ်မြို့နယ်မှ တစ်ဦးတို့အား နေအိမ်အသွားအလာ ကန့်သတ်စောင့်ကြည့်မှု ဆက်လက်ထားရှိရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးပြီး ကျန် ၄၀ အား ၎င်းတို့နေရပ်ဒေသအသီးသီးသို့ အဆင်ပြေချောမွေ့စွာပြန်လည်ပို့ဆောင်နိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးကာ တောင်ကြီးမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ခရိုင် ပြန်/ဆက်)**



# ဇွန် ၁၂ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ တစ်ဦး တွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၆၁ ဦး ရှိပြီ

နေပြည်တော် ဇွန် ၁၂

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ တစ်ဦးတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၂၆၁ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ယနေ့ ရောဂါပိုးတွေ့ရှိသူမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၆၁ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၆၅ ဦး ရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုသူ ၁၅၈ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၄၅၉၂၆ | ၂၆၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၆၅ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၅၄၀၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၅၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၀၁ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | ရခိုင် | ၇ | |
| ၆ | ရှမ်း(တောင်) | ၄ | |
| ၇ | မန္တလေး | ၃ | |
| ၈ | ရှမ်း(ရှေ့) | ၃ | |
| ၉ | ရှမ်း(မြောက်) | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၂ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| | စုစုပေါင်း | ၂၆၁ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၂-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ၁၂-၆-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၀၉၀၆၀၇ | ၈၁၆၄၆၃ | ၁၁၆၀၆၇ |
| ၂။ | ဘရာဇီး | ၈၀၅၆၄၉ | ၃၉၆၆၉၂ | ၄၁၀၅၈ |
| ၃။ | ရုရှား | ၅၁၁၄၂၃ | ၂၆၉၃၇၀ | ၆၇၁၅ |
| ၄။ | အိန္ဒိယ | ၃၀၀၈၂၁ | ၁၄၉၀၃၅ | ၈၅၃၁ |
| ၅။ | ဗြိတိန် | ၂၉၂၉၅၀ | စိစစ်ဆဲ | ၄၁၄၈၁ |
| ၆။ | စပိန် | ၂၈၉၇၈၇ | စိစစ်ဆဲ | ၂၇၁၃၆ |
| ၇။ | အီတလီ | ၂၃၆၁၄၂ | ၁၇၁၃၃၈ | ၃၄၁၆၇ |
| ၈။ | ပီရူး | ၂၁၄၇၈၈ | ၁၀၂၄၂၉ | ၆၁၀၉ |
| ၉။ | ဂျာမနီ | ၁၈၆၉၂၀ | ၁၇၀၆၀၀ | ၈၈၅၃ |
| ၁၀။ | အီရန် | ၁၈၂၅၂၅ | ၁၄၄၆၄၉ | ၈၆၅၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၂ – ၆ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၃၉၈၅၀ | ၂၇၂၈၆ | ၂၅ |
| အင်ဒိုနီးရှား | ၃၆၄၀၆ | ၁၃၂၁၃ | ၂၀၄၈ |
| ဖိလစ်ပိုင် | ၂၄၇၈၇ | ၅၄၅၄ | ၁၀၅၂ |
| မလေးရှား | ၈၄၀၂ | ၇၁၆၈ | ၁၁၉ |
| ထိုင်း | ၃၁၂၉ | ၂၉၈၇ | ၅၈ |
| ဗီယက်နမ် | ၃၃၃ | ၃၂၃ | ၀ |
| မြန်မာ | ၂၆၁ | ၁၆၅ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၆ | ၁၂၅ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီ အမှတ် (၂) ချစ်ကြည်ရေး တံတားမှ ဇွန် ၁၂ ရက်၌ ၈၂၃ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇွန် ၁၂

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၈၂၃ ဦးသည် ဇွန် ၁၂ ရက် တွင် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ပြန်လည်ဝင်ရောက်လာသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများသည် ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံး၏ ခွင့်ပြုချက်ရယူကာ ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်သည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ ၂ ရက်က ၅၄ ဦး၊ ၃ ရက်က တစ်ဦး၊ ၄ ရက်က ၄၄ ဦး၊ ၅ ရက်က ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၈ ရက်က ၁၀၀၊ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ ၁၁ ရက်တွင် ၁၃ ဦး၊ ၁၂ ရက်တွင် ၄၁ ဦး၊ ၁၃ ရက်တွင် ၁၆ ဦး၊ ၁၄ ရက်တွင် ၃၈ ဦး၊ ၁၅ ရက်တွင် ၁၂၀၊ ၁၆ ရက်တွင် ၇၆ ဦး၊ ၁၇ ရက်တွင် ၉၀၊ ၁၈ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၉ ရက်တွင် ၆၄ ဦး၊ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၂၂ ရက်တွင် ၃၆ ဦး၊ ၂၃ ရက်တွင် ၆၀၄ ဦး၊ ၂၄ ရက်တွင် ၁၁၁၈ဦး၊ ၂၅ရက်တွင် ၁၂၇၇ ဦး၊ ၂၆ရက် တွင် ၁၃၉၄ ဦး၊ ၂၇ ရက်တွင် ၁၄၃၄ဦး၊ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ဦး၊ ၂ ရက်တွင် ၁၅၁၇ ဦး၊ ၃ ရက်တွင် ၁၅၄၇ ဦး၊ ၄ ရက်တွင် ၁၂၀၄ ဦး၊ ၅ ရက်တွင် ၁၁၉၀၊ ၆ ရက်တွင် ၁၇၈၄ ဦး၊ ၇ရက်တွင် ၁၆၃၅ ဦး၊ ၈ ရက်တွင် ၉၄၆ ဦး၊ ၉ ရက်တွင် ၁၀၉၄ဦး၊ ၁၀ ရက်တွင် ၉၉၄ ဦး၊ ၁၁ ရက်တွင် ၆၇၀၊ ၁၂ ရက်တွင် ၈၂၃ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၂၆၁၂၇ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ နေ့အလိုက် ပြန်လည်ဝင်ရောက်သူများအနက် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပြန်လည်ဝင်ရောက်သူများနှင့် မေ ၁၇ ရက် ဝင်ရောက်သူ ၉၀ အနက် ၄၅ ဦး၊ မေ ၂၇ ရက်



ဝင်ရောက်သူ ၁၄၃၄ ဦးအနက် ၅၂ ဦး၊ ဇွန် ၄ရက် တွင် ဝင်ရောက်သူ ၁၂၀၄ ဦးအနက် ၁၂၃ ဦး၊ ဇွန် ၈ ရက် တွင် ဝင်ရောက်သူ ၉၄၆ ဦးအနက် ၃၅ ဦး၊ ဇွန် ၁၀ ရက်တွင် ဝင်ရောက်သူ ၉၉၄ ဦးအနက် ၁၁၉ ဦးတို့အနေဖြင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသောသူများနှင့် အချုပ်မှ ပြန်လည်လွတ်မြောက်လာသူများဖြစ်သဖြင့် ထိုင်းနိုင်ငံတာဝန်ရှိသူများက လာရောက် လွှဲပြောင်းပို့ဆောင်ပေးခြင်း ဖြစ်သည်။ ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၄၈၆ ဦး၊ အမျိုးသမီး ၃၃၇ ဦး စုစုပေါင်း ၈၂၃ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

# တပ်မတော်သားများနှင့်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၁၂**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇွန် ၇ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၃ မြို့နယ်ရှိ နေရာ ၇၂ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၅၄ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၁၃ ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ဇွန် ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်အတွင်း ကိုဗစ် – ၁၉ ကာကွယ်ဆေးဖျန်းစဉ်။



ဇွန် ၇ ရက်က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက် မစိုးရိမ်တိုက်သစ်အား ကိုဗစ် – ၁၉ ကာကွယ်ဆေးဖျန်းစဉ်။

## ကလောမြို့နယ်မှထွက်ရှိသော သီးနှံထွက်ကုန်များအား ကရင်ပြည်နယ် သမဝါယမအသင်းစုချုပ်မှ ကူညီဖြန့်ဖြူးရောင်းချပေး

**ကလော ဇွန် ၁၂**

ကရင်ပြည်နယ် သမဝါယမအသင်းစုချုပ်သည် ရှမ်းပြည်နယ် ကလောမြို့နယ် သမဝါယမအသင်းစုနှင့် ပူးပေါင်းဆက်သွယ်၍ ကိုဗစ်-၁၉ ကာလအတွင်း ရှမ်းပြည်နယ်ရှိ သီးနှံစိုက်ပျိုးသောတောင်သူများကို သမဝါယမကဏ္ဍအနေဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီပေးရန်အတွက် သီးနှံစိုက်တောင်သူများထံမှ ဂေါ်ဖီထုပ် ပိဿာချိန် ၁၀၀၀၀ ကို ဝယ်ယူ၍ ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီနှင့် ဖာပွန်မြို့နယ်များရှိ သမဝါယမအသင်းသားပြည်သူများထံသို့ ဂေါ်ဖီထုပ် တစ်ထုပ်လျှင် ဒေသပေါက်ဈေး ငွေကျပ် ၅၀၀ နှုန်း ရှိသော်လည်း ကရင်ပြည်နယ် သမဝါယမအသင်းစုချုပ်မှ တစ်ထုပ်လျှင် ငွေကျပ် ၂၂၅ နှုန်းဖြင့်သာ လတ်ဆတ်သော ဂေါ်ဖီထုပ်များကို အချိန်မီ ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။




သတင်းစဉ်

## ကလေးမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ရေး၊ ငါးရိက္ခာများ စားသုံးပေး ပိုစတာစိုက်ထူပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကလေး ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ငါးစားသုံးခြင်းဖြင့် ကိုယ်ခံအားကောင်းမွန်ရေးအတွက် အကျိုးရှိကြောင်းသိရှိစေရန် ကိုဗစ်-၁၉ ကာကွယ်ရေး၊ ငါးရိက္ခာများ စားသုံးပေးအသိပညာပေး ပိုစတာစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ချိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးမြင့်သိန်းနှင့် ဝန်ထမ်းများက ဗိုလ်ချုပ်လမ်းတစ်လျှောက် သွားလာလျက်ရှိသော ဒေသခံပြည်သူများအား ငါးပုံမှန် စားသုံးခြင်းဖြင့် ရရှိလာသောအကျိုးကျေးဇူးများ ဖတ်ရှုလေ့လာနိုင်စေရန် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်



## မြစ်ကြီးနားမြို့တွင် ကိုဗစ် - ၁၉ ကာကွယ်ရေး၊ ငါးရိက္ခာများ စားသုံးပေး ပိုစတာ စိုက်ထူပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မြစ်ကြီးနား ဇွန် ၁၂**

မြစ်ကြီးနားမြို့အတွင်း ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး ငါးများ စားသုံးစေရေး ကြော်ငြာဆိုင်းဘုတ်များကို မြစ်ကြီးနားခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ယမန်နေ့တွင် စိုက်ထူပြီး ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း ရန်ကုန်မြို့ လမ်းပေါ်နေသော၊ အလုပ်လုပ်ကိုင်နေသော ကလေးများနှင့် မိသားစုများအား ကူညီစောင့်ရှောက်မှုပေးရန် သတင်းအချက်အလက်များ ကောက်ယူ

**ရန်ကုန် ဇွန် ၁၂**

ကိုဗစ် – ၁၉ ကပ်ရောဂါကာလအတွင်း ရန်ကုန်မြို့ လမ်းပေါ်နေ ကလေးများနှင့် မိသားစုများအား ကူညီစောင့်ရှောက်မှုပေးရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော UNICEF, TDHL, World Vision နှင့် Kinnected မှ စေတနာ့ဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် ဇွန် ၉ ရက်တွင် လှည်းတန်းခုံးကျော်တံတား၊ မြေနီကုန်းတံတား၊ သီရိမင်္ဂလာဈေး၊ AD မီးပွိုင့်၊ ရှစ်မိုင်မီးပွိုင့်၊ ချော်တွင်းကုန်းမီးပွိုင့်၊ ပါရမီနှင့် သစ္စာလမ်းထောင့် မီးပွိုင့်တို့တွင်ရှိသော ကလေးငယ်စုစုပေါင်း ၅၅ ဦးကို လည်းကောင်း၊ ဇွန် ၁၂ ရက်တွင် လှိုင်သာယာမြို့နယ်ရှိ ဖူးကြန့်သင်္ချိုင်း၊ တမကုန်း၊ (၄) ရပ်ကွက်၊ (၅) ရပ်ကွက်၊ ကျုံးကြီးဦး ကျေးရွာ၊ ကန်လှကျေးရွာ၊ နဝဒေးစက်မှုဇုန်မီးပွိုင့်တို့ရှိ ကလေး ၁၄ ဦးကို လည်းကောင်း တွေ့ဆုံကာ မေးခွန်းများမေးခြင်း၊ အချက်အလက်များ ကောက်ယူခြင်းတို့ ဆောင်ရွက်ကြသည်။ ဇွန်လကုန်ပိုင်းတွင် ကောက်ခံရရှိသည့် ကလေးငယ်များ၏ အချက်အလက်များကို အခြေခံကာ အိမ်တိုင်ရာရောက် အခြေခံစားသောက်ကုန်များ ဆက်လက် ထောက်ပံ့သွားမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ရင်ဆိုင်နေရသည့် အချိန်ကာလအတွင်း လမ်းပေါ်နေကလေးများနှင့် မိသားစုများကို အခြေခံလိုအပ်ချက်များ ပံ့ပိုးပေးခြင်းဖြင့် ကလေးများအပေါ် ကျရောက်စေနိုင်သော အကြမ်းဖက်မှုများ၊ ခေါင်းပုံဖြတ်မှုများနှင့် စိတ်ဖိစီးမှုများကို လျှော့ချပေးနိုင်စေရန် ရည်ရွယ်၍ လုပ်ဆောင်ကြခြင်းဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်ခဲ့သော မြေကွက်များအတွက် လျော်ကြေးငွေကျပ်သိန်း ၆၀၀ ကျော်ပေးအပ်

**ပခုက္ကူ ဇွန် ၁၂**

ကြံခင်း – ပခုက္ကူရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်ခဲ့သော မြေရိယာ ၄၀ ဒသမ ၄၅ ကေအတွက် လျော်ကြေးငွေကျပ်သိန်းပေါင်း ၆၀၀ ကျော်ပေးအပ်ပွဲကို ယမန်နေ့က ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြေရာ (၁) ခန်းမ၌ ကျင်းပသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြမင်းဆွေနှင့်ပခုက္ကူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆောင်တို့က အမှာစကားပြောကြားပြီး မြန်မာ့မီးရထား အင်ဂျင်နီယာမှူး (မြို့ပြ) ဦးမင်းသိန်းစိုးက မီးရထားလမ်း ဖောက်လုပ်ရာတွင် ပါဝင်ခဲ့သော မြေဧရိယာကေများအတွက် လျော်ကြေးငွေပေးအပ်သည့် အကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့မီးရထားဌာန တိုင်းအမှတ် (၁၀) ပခုက္ကူနယ်မြေ ကြံခင်း – ပခုက္ကူရထားလမ်းများ ဖောက်လုပ်စဉ် ပခုက္ကူ–ကျွန်းချောင်း ရထားလမ်းပိုင်းတွင် မြေပါဝင်ခဲ့သော ညောင်လှ၊ မြစ်ခြေ၊ ကျွဲတဲကျေးရွာများမှ တောင်သူ ၅၈ ဦး၊ ဦးပိုင်နေရာ (၆၁)ခုတို့၏ မြေဧရိယာ ၄၀ ဒသမ ၄၅ ကေအတွက် မြေတန်ဖိုးစုစုပေါင်း လျော်ကြေးငွေကျပ် ၆၀၆၇၅၀၀၀ တို့ကို တာဝန်ရှိသူများက ပေးအပ်ကြရာ မြေဧရိယာလျော်ကြေးငွေ လက်ခံသည့် ပခုက္ကူမြို့နယ် မြစ်ခြေမှ တောင်သူ ဦးခင်မောင်ကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ခရိုင်(ပြန်/ဆက်)



တောင်ပိုင်းတိုင်း စစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ဇွန် ၁၁ရက်က ရဲမှုထမ်းဟောင်း ၅၀ အား တစ်ဦးလျှင် ဆန် ၃ ပြည် ၆ ဘူး၊ ဆီ ၂၈ ကျပ်သား၊ ပဲ ၄၂ ကျပ်သား၊ ဆား ၂၄ ကျပ်သားတို့ကိုထောက်ပံ့ပေးအပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးဝင်းက ရဲမှုထမ်းဟောင်းတစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။

သန်းလွင်

# ကိုဗစ် -၁၉ ရောဂါကုသရေးလုပ်ငန်းအတွက် ရွေ့လျားဓာတ်မှန်စက်ဝယ်ရန် ငွေလှူဒါန်း

**သရက် ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်–၁၉ ကုသရေးလုပ်ငန်းများ၌ အဆင်ပြေချောမွေ့နိုင်စေရေးအတွက် ရွေ့လျားဓာတ်မှန်စက် ဝယ်ယူရန်လိုအပ်သည့် ငွေကျပ်သိန်း ၃၀ ကို ဇွန် ၉ ရက်က သရက်ခရိုင် အစည်းအဝေးခန်းမ၌ PTTEPSA ရေနံကုမ္ပဏီက ပေးအပ်လှူဒါန်းသည်။ (ဝဲပုံ)




ရွေ့လျားဓာတ်မှန်စက်ဝယ်ယူရန် Ay စက်သုံးဆီအရောင်းဆိုင်မှ ငွေကျပ်သိန်း ၄၀ မတည်လှူဒါန်းကာ သရက်မြို့ ကုန်သည်ကြီးများအသင်းနှင့် မြို့မိမြို့ဖ ခုနစ်ဦးကလည်း လိုအပ်သည့်ငွေ ဖြည့်ဆည်းလှူဒါန်းပေးပြီး စက်၏တန်ဖိုးမှာ ငွေကျပ်သိန်း ၁၀၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ပေါက်ကလေး(သရက်)




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ – ၆ – ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၀/၅၅၀ | ကျပ် | ၅၄၅/၅၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၀/၅၆၀ | ကျပ် | ၅၆၀/၅၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၅၀/၄၉၀ | ကျပ် | ၅၁၅/၅၃၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၈၀/၆၀၅ | ကျပ် | ၆၃၅/၆၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၁ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၈ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၈ . ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၆၉ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၇ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၆ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၈ . ၁၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၇၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၆ . ၄၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၈ . ၇၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ . ၂၆၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၁၀၀၀ | ၁၁၁၆ | ၁၂၀၀၈၀၀၀ |
| MTSH | ၃၈၀၀ | ၃၇၅၀ | ၁၂၆၆ | ၄၈၁၀၅၀၀ |
| MCB | ၈၂၀၀ | ၈၃၀၀ | ၃၁၀ | ၂၅၇၂၀၀၀ |
| FPB | ၂၃၅၀၀ | ၂၃၀၀၀ | ၁၇၁ | ၃၉၁၀၅၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၃၀၀ | ၈၅၅၀၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၆၀၈၅ | ၁၆၄၂၉၁၅၀ |

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြန်မာ့ရုပ်ရှင်ရာပြည့်ပွဲတော်၌ တတ်စွမ်းသမျှ အနုပညာဖြင့်ပါဝင်အားဖြည့်ကြသူများ

နှစ်ပေါင်း ၁၀၀ ပြည့်မည့် မြန်မာ့ရုပ်ရှင်ရာပြည့်ပွဲတော်အတွက် ရုပ်ရှင်အနုပညာလောကသားများအားလုံး စိတ်ပါဝင်စားလျက်ရှိပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး(ဗဟို)မှ ဦးဆောင် စီစဉ်ရိုက်ကူး၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသမည့် ခေတ်သုံးခေတ် မြန်မာ့ရုပ်ရှင်မှတ်တမ်းတွင်လည်း အနုပညာရှင်များ ပါဝင်ကြသည်။ ယင်းတို့အနက်မှ အနုပညာရှင်အချို့၏ အမှတ်တရစကားသံများကို တင်ဆက်လိုက်ရပါသည်။

**အကယ်ဒမီစိုးပြည့်သဇင်**

အခုရိုက်ကူးမယ့်အစီအစဉ်လေးက မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ်အနေနဲ့ ဆရာဦးအောင်မြင့်မြတ် ရိုက်ကူးမယ့် ခေတ်သုံးခေတ် ရုပ်ရှင်မှတ်တမ်းလေးပါ။ ခေတ်သုံးခေတ်အတွက် သူ့ခေတ်နဲ့သူ စိုးပြည့်တို့က ကူညီ



အားဖြည့်ပေးရမယ်။ နေရာကလည်း မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်မှာ ရိုက်ကူးတာ။ အခုလို ပါဝင်ခွင့်ရတာ ကိုက ကျွန်မတို့အတွက် ခွန်အားတစ်ရပ်ဖြစ်စေသလို ရာပြည့်အတွက် အစီအစဉ်မှာ ပါဝင်ခွင့်ရတာဖြစ်လို့ ဂုဏ်ယူမိပါတယ်။ ရိုက်ကူးရေးတွေဆိုရင်တော့ ဒါက ကိုဗစ်-၁၉ ဖြစ်ပွားတဲ့အစကနေ ပထမဆုံးလို့ ပြောလို့ရပါတယ်။ လက်ရှိ အနုပညာလှုပ်ရှားမှုကတော့ တတိယမြောက် အခွေအယ်လ်ဘမ် ထွက်နိုင်အောင်ပြင်ဆင်နေပါတယ်။ အားလုံးပဲကျန်းမာချမ်းသာပြီး ရောဂါဘယတွေလည်း ကင်းဝေးလို့ မြန်မာ့ရုပ်ရှင် ရာပြည့်ကို အတူတူ ဆင်နွှဲကြရပါစေလို့ ပရိသတ်ကြီးအတွက်ရော၊ အနုပညာရပ်ဝန်းတစ်ခုလုံးအတွက်ရော ဆုတောင်းပေးပါတယ်။

**မိုးပြည့်ပြည့်မောင်**

မြန်မာ့ရုပ်ရှင်က နှစ်ပေါင်း ၁၀၀ ဖြတ်သန်းနိုင်ခဲ့ပြီ။ အခု ရုပ်ရှင်ရာပြည့်အထိမ်းအမှတ်အတွက် ခေတ်သုံးခေတ်မှတ်တမ်းအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသပေးဖို့အတွက် ကျွန်မတို့က အားဖြည့်သရုပ်ဆောင်ကြမှာပါ။ အနုပညာလောကသား တစ်ဦးအနေနဲ့လည်း အတော်လေး ဝမ်းသာဂုဏ်ယူမိတယ်။ အမေးအဖြေကဏ္ဍမှာ လူငယ်ဘက်ကနေ သရုပ်ဆောင်ခွင့်ရပါတယ်။ မြန်မာ့ရုပ်ရှင်သမိုင်းမှာ တန်ဖိုး



မဖြတ်နိုင်တဲ့ အကြောင်းအရာတွေအများကြီးရှိတယ်ဆိုတာကို ပိုပြီးသိခွင့်ရလာသလို ရုပ်ရှင်ရာပြည့်ကနေ သမိုင်းအဆက်ဆက် ရှင်သန်တည်တံ့အောင်၊ တန်ဖိုးကျဆင်းမသွားအောင်၊ ပိုပြီးတော့ တိုးတက်အောင် လူငယ်တွေရော၊ ဝါရင့်အနုပညာရှင်တွေရော အားလုံးဝိုင်းဝန်းကြိုးပမ်းသွားရမယ်ဆိုတဲ့ အသိလေး ဝင်လာမိတယ်။ တစ်ဖက်မှာလည်း သိပ်ကိုတော်ပြီး သမ္မာနဲ့ ပြည့်ဝတဲ့ အနုပညာရှင်ကြီးတွေ သမိုင်းတစ်လျှောက်မှာရှိခဲ့တယ်ဆိုတာကိုလည်း သိရှိပြီး အားကျလေးစားမိပါတယ်။



**နန်းခင်ဇေယျာ**

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့်ပွဲတော်အတွက် အစီအစဉ်လေးတစ်ခုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကနေ ထုတ်လွှင့်ပြသဖို့ရှိတာပေါ့။ အဲဒီမှာ ကျွန်မက အမေဒေါ်ချိုပြုံးရဲ့ အရင်က ရိုက်ကူးထားခဲ့တဲ့ ရုပ်ရှင်အကြောင်းကို ပြန်ပြီးတော့ မေးမြန်းရတဲ့ ဇာတ်ဝင်ခန်းလေး ရိုက်ကူးထားပါတယ်။ နောက်ထပ်က ဝါရင့်အနုပညာရှင်အမိ၊ အဖတွေက ကျွန်မတို့လို လူငယ်မျိုးဆက်သစ်တွေကို မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းတွေ ပြန်ရှင်းပြကြမယ့် အစီအစဉ်တွေကိုလည်း ရိုက်ကူးရေးမှာပါဝင်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် အနုပညာအလုပ်တွေကိုတော့ လက်ရှိမှာ ရပ်နားထားရတာပါ။ အခုလို ပြန်လည်ရိုက်ကူးခွင့်ရတော့ အတော်လေးစိတ်လှုပ်ရှားမိပါတယ်။ ရိုက်ကူးရေးတွေ အထိုက်အလျောက် ပြန်လည်စတင်နေနိုင်တဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ အနုပညာရှင်ကြီးတွေနဲ့လည်း ဆုံတွေ့ပြီး ပညာယူခွင့်ရရှိတဲ့အတွက် ကျေးဇူးတင်မိသလို အဓိကကတော့ အခုလို မြန်မာ့ရုပ်ရှင် ရာပြည့်ပွဲကြီးမှာ နန်းခင်တို့က တစ်ထောင့်တစ်နေရာကနေ ပါဝင်ခွင့်ရတဲ့အတွက် သရုပ်ဆောင်တစ်ဦးအနေနဲ့ ဂုဏ်ယူမိပါတယ်။

**တွေ့ဆုံမေးမြန်း-ကိုလင်း**

**ကျော်ကျော်**

ကျွန်တော်ကတော့ ခေတ်သုံးခေတ် မှတ်တမ်းရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခွင့်ရသူပါ။ အဲဒီအစီအစဉ်မှာက ဝါရင့် အနုပညာရှင်တွေ အများကြီးပါဝင်တယ်။ လူကြီးတွေကနေ ကျွန်တော်တို့ လူငယ်တွေကို မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းတွေအကြောင်း ပြန်လည် ရှင်းလင်းပြသပေးတဲ့ ဇာတ်ဝင်ခန်းလေး ရိုက်ကူးရမှာပါ။ ကျွန်တော်တို့ အတွက်ကတော့ ဝါရင့်အနုပညာရှင်တွေနဲ့ တွေ့ဆုံခွင့်ရတာ အများကြီး အသိပညာတိုးရပါတယ်။ အနုပညာသက်တမ်းမှာ မြန်မာ့ရုပ်ရှင်ရာပြည့်ပွဲနဲ့ ကြုံရပြီး ပါဝင်ခွင့်ရတာ ကျွန်တော့်အတွက် ထူးခြားပါတယ်။



## မိုးဦးရာသီမှာ အဆွေးသီချင်းတစ်ပုဒ်ဖြစ်သည့် မျက်ရည်မိုး သီချင်းအား ဖြိုးပြည့်စုံ ရိုက်ကူးတင်ဆက်

မိုးအေးအေးဖြင့် သီချင်းများ နားဆင်နိုင်ရန်အတွက် တေးသံရှင် ဖြိုးပြည့်စုံ အဆွေးသီချင်းပုံစံ သီဆိုထားသည့် " မျက်ရည်မိုး" သီချင်း Music Video ကို V7 Entertainment မှ ပရိသတ်အတွက် တင်ဆက်ထားကြောင်း သိရသည်။

"Stay Home ကာလမှာ ပရိသတ်တွေ နားဆင်နိုင်ဖို့အတွက် V7 Entertainment ကနေ သီချင်းဟောင်းလေး တစ်ပုဒ်ကို ပြန်ရိုက်ကူးပြီးတော့ တင်ဆက်ပေးမှာပါ။ မိုးရာသီနဲ့ လိုက်ဖက်တဲ့ အဆွေးသီချင်းလေးပါ။ တေးရေး ကီးရှိန် ရေးပေးထားတဲ့ မျက်ရည်မိုးဆိုတဲ့ သီချင်းလေးပါ။ကိုယ့်တိုင် မွေ့လင့်ထားတဲ့ သီချင်းမို့ ပရိသတ်တွေလည်း အကြိုက်တွေထပ်တူကြပါစေလို့ မျှော်လင့်ပါတယ်"ဟု တေးသံရှင် ဖြိုးပြည့်စုံက ပြောသည်။

အဆိုပါ "မျက်ရည်မိုး"တေးသီချင်းကို ဒါရိုက်တာ ပြည့်ဖြိုးနိုင် Myanmar Media 7 က ရိုက်ကူးထားပြီး သရုပ်ဆောင်များဖြစ်သည့် ဗညားဘုန်းပြည့်နှင့် ရည်မွန်ကြည်တို့က ပါဝင်သရုပ်ဆောင်ထားကာ Triangle Music Band ဖြင့် တီးခတ်ထားကြောင်း သိရသည်။

Stay Home ကာလတွင် V7 Entertainment မှ ဇွန်လအတွင်း တေးသံရှင် ၄ ဦးဖြစ်သော ဖြိုးပြည့်စုံ၊ အိုင်းရင်းဇင်မာမြင့်၊ Jewel နှင့် မေ တို့သီဆိုထားသော တေးသီချင်းများကို ပရိသတ်များအတွက် Music Video များရိုက်ကူးပြီး အွန်လိုင်းပေါ်တွင် တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**



## ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်တွင် ဂျွန်ဦးစော နေရာ၌ သရုပ်ဆောင်ရန်အတွက် လျှောက်ထားနိုင်

ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ် အောင်ဆန်းရုပ်ရှင်ဇာတ်ကားကြီးတွင် ဂျွန်ဦးစော နေရာ၌ ပါဝင်သရုပ်ဆောင်ရန် ရွေးချယ်ခံထားရသည့် ဂျွန်ဦးစော၏ မြစ်ဖြစ်သူ ဇော်ဇော်ပိုင်က မိဘအုပ်ထိန်းသူများ၏ သဘောဆန္ဒအရ ပါဝင်သရုပ်ဆောင်ရန်အတွက် မဖြစ်နိုင်တော့ခြင်းကြောင့် ဂျွန်ဦးစော ဇာတ်ရုပ်တွင် ပါဝင် သရုပ်ဆောင်ရန်အတွက် လျှောက်ထားနိုင်ကြောင်း ရုပ်ရှင်ဖြစ်မြောက်ရေးကော်မတီမှ သိရှိရသည်။

ဂျွန်ဦးစော၏ နေရာတွင် သရုပ်ဆောင်ရန် စိတ်ဝင်စားသူများအနေဖြင့် အမြန်ဆုံးလာရောက် လျှောက်ထားနိုင်ကြောင်းနှင့် အသက်အရွယ်၊ အရပ်အမောင်း အနည်းငယ်ကွာဟမှု ရှိခဲ့လျှင်လည်း ရုပ်ရည်ဆင်တူမှုနှင့် အမူအရာကောင်းမွန်မှုအပေါ် မူတည်၍ ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း သိရှိရသည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးအချက်အလက်များဖြည့်စွက်ကာ ကွန်ပျူတာပြုပြင်ချက်များမပါသည့် မိမိဓာတ်ပုံ ငါးလက်မ-ခုနစ်လက်မ အရွယ် ကိုယ်တစ်ပိုင်းပုံနှင့် တစ်ကိုယ်လုံးပုံတစ်ပုံစီနှင့်အတူ အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီရုံးခန်းရှိရာ အမှတ် ၁၃၁ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့နိုင်ကြောင်းနှင့် လိုအပ်ပါကလည်း ဖုန်းနံပါတ် ၀၉-၄၀၀၇၆၀၀၁၁၊ ၀၉-၆၉၉၉၈၁၀၃၈ တို့ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ အောင်ဆန်းရုပ်ရှင်လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်စာမျက်နှာမှလည်း ဆက်သွယ်နိုင်ပြီး ဇွန် ၃၀ ရက် နောက်ဆုံးထားလျှောက်ထားနိုင်ကြောင်း သိရှိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### ဂူဂဲလ် လမ်းပြမြေပုံတွင် အမီတာဘာချမ်း၏အသံဖြင့် လမ်းညွှန်မှုများ ပြုလုပ်သွားဖွယ်ရှိ

ရုပ်ရှင်မင်းသားကြီး အမီတာဘာချမ်းဟာ ဘောလိဝုဒ်မှာအအောင်မြင်ဆုံး သရုပ်ဆောင်ဖြစ်ပြီး ယခုထက်ထိတိုင်လည်း ရုပ်ရှင်ဇာတ်ကားတွေမှာ ပါဝင်နေတုန်းပါပဲ။ နောက်ဆုံးသိရတဲ့သတင်းအရတော့ လမ်းပြအက်ပလီကေးရှင်းတစ်ခုဖြစ်တဲ့ ဂူဂဲလ်မြေပုံလမ်းညွှန်မှုအတွက် အိန္ဒိယဘာသာစကားကို အသုံးပြုတဲ့အခါ မင်းသားကြီးအမီတာဘာချမ်းရဲ့အသံနဲ့ လမ်းညွှန်မှုပြုလုပ်သွားဖွယ်ရှိတယ်လို့ သိရပါတယ်။

အသံထွက် ဂူဂဲလ်လမ်းပြမြေပုံအတွက် အမီတာဘာချမ်းရဲ့အသံကို အသုံးပြုဖို့ ဂူဂဲလ်က တာဝန်ရှိသူတွေဟာ အမီတာဘာချမ်းဆီ ချဉ်းကပ်ခဲ့ကြတယ်လို့ သတင်းထွက်ပေါ်ခဲ့ပါတယ်။ ဒါပေမယ့် အခုအချိန်အထိတော့ စာချုပ်မှာ လက်မှတ်ထိုးတာမျိုး မရှိသေးပါဘူး။ နောက်ထပ်ကြားရတဲ့ သတင်းတွေကတော့ လမ်းပြအက်ပလီကေးရှင်းမှာ ပါဝင်ဖို့အတွက် အမီတာဘာချမ်းဟာ ပိုက်ဆံအများကြီးတောင်းထားပြီး ပါဝင်ဖြစ်ခဲ့ရင်တောင် လက်ရှိ ကိုဗစ် -၁၉ ကူးစက်မှုအခြေအနေတွေကြောင့် နေအိမ်ကနေပဲအသံသွင်းရဖို့ ရှိပါတယ်။ အမီတာဘာချမ်းဟာ ဟင်ဒီအသံထွက်အတွက်သာ ပါဝင်မှာဖြစ်ပြီး အင်္ဂလိပ်အသံထွက်ကိုတော့ ယခင်အတိုင်း နယူးယောက်မြို့မှ အဆိုတော်တစ်ဦးဖြစ်တဲ့ ကာရန်ဂျိုကော့ဆန်ရဲ့ အသံကိုပဲ ဆက်လက်အသုံးပြုသွားမယ်လို့ သိရပါတယ်။

**သည်အိန္ဒိယအိတ်စ်ပရက်**



ဘောလိဝုဒ်မင်းသားကြီး အမီတာဘာချမ်း

### ဂရမ်မီဆုအမျိုးအစားတစ်ခု၏ အမည်ကိုပြောင်းလဲသတ်မှတ်

ဂရမ်မီထူးချွန်ဆုတွေထဲကမှ ဆုအမျိုးအစားတစ်ခုဖြစ်တဲ့ Urban ဆိုတဲ့ ဆုအမျိုးအစားကို အမည်ပြောင်းလဲ ခေါ်ဝေါ်သွားမယ်လို့သိရပါတယ်။ Urban ဆုအမျိုးအစားကို လူမည်းတေးဂီတပညာရှင်တွေကို ဖော်ညွှန်းရာမှာ အသုံးပြုခဲ့ကြပါတယ်။ အခုအခါမှာတော့ ဆုချီးမြှင့်ရာမှာ Urban အစား တိုးတက်မှုအရှိဆုံး အာအန်င်ဘီအယ်လ်ဘမ်လို့ ပြောင်းလဲခေါ်ဝေါ်သွားမယ်လို့ သိရပါတယ်။

ဂရမ်မီ ဆုချီးမြှင့်ရေးအဖွဲ့ကြီးရဲ့ ဂီတလောကမှာ ပြောင်းလဲမှုတစ်ရပ်အဖြစ် လုပ်ဆောင်တဲ့ကိစ္စလည်း ဖြစ်ပါတယ်။အခုပြောင်းလဲမှုဟာ ဆုချီးမြှင့်ခြင်းနှင့် ဆန်ခါတင်စာရင်းကြေညာမှုတို့အတွက် ပြောင်းလဲမှုတစ်ရပ်ပါ။ နာမည်အသစ်ပြောင်းလဲခေါ်ဝေါ်လိုက်တဲ့ ဆုအမျိုးအစားမှာတော့ ဟစ်ဟော့၊ ရက်ပ်၊ အကနဲ့ အီလက်ထရွန်နစ်ဂီတတွေလည်း ပါဝင်နေပါတယ်လို့ ဆုရွေးချယ်ရေးအဖွဲ့ကပြောပါတယ်။ (၆၃)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲအတွက် အဓိကစည်းမျဉ်းတွေကိုလည်း ဖော်ပြပေးသွားမယ်လို့သိရပါတယ်။ Urban ဆိုတဲ့ ဆုအမျိုးအစားကို အမည်ပြောင်းလဲသတ်မှတ်ခြင်းဟာ Black Lives Matter လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာရတဲ့ ဂီတလောကရဲ့ပြောင်းလဲမှုတစ်ရပ်လည်း ဖြစ်ပါတယ်။

**စီဘီအက်စ်နယူးစ်**



ဂရမ်မီထူးချွန်ဆုတံဆိပ်များ



# ဘာသာစာပေပေါင်းကူး (၁၈)

## မောင်ခင်မင် (ဓနုဖြူ)

“အကြောင်းအရာတစ်ခုကို စကားပရိယာယ်အမျိုးမျိုးသုံးပြီး ရေးဖွဲ့နိုင်တာဟာ စာဆိုတွေရဲ့ စွမ်းရည်တစ်ခုပေ့ါကွယ်။ ဒါကြောင့် စာဆိုတွေဟာ စကားပရိယာယ်အမျိုးမျိုးသုံးပြီး ဝေဝေဆာဆာ ရေးဖွဲ့လေ့ရှိကြတယ်ကွဲ့”

“ဟုတ်ကဲ့ပါ။ ဘယ်လိုရေးဖွဲ့တယ်ဆိုတာ နမူနာတစ်ခုလောက်ပြောပြပါ ဘဘ”

“ဦးရွှန်းရေးဖွဲ့တဲ့ ဥမ္မာဒန္တီပျို့မှာ အဘိပါရကစစ်သူကြီးက ‘ကျွန်ုပ်၏ဇနီး ဥမ္မာဒန္တီကို’ လို့ ပြောတဲ့အဖွဲ့ကို စာဆိုက စကားပရိယာယ်တွေနဲ့ ဖွဲ့ထားတာရှိတယ်။ တွေ့ပါပြီ၊ အပိုဒ်(၇၂)မှာ၊ ‘နှစ်သက်လှနိုး’ ဆိုတဲ့နေရာက စဖတ်လိုက်ပါ သမီး”

“ဟုတ်ကဲ့၊ ‘နှစ်သက်လှနိုး၊ မေတ္တာပျိုးသား၊ သည်မျိုးလည်းမှန်၊ သည်ရန်လည်းတွင်၊ သည်ပင်လည်းမည်၊ ဆွေသည်လည်းသွင်း၊ သည်ရင်းသည်လျာ၊ စောဥမ္မာကို...”

“ရပြီ၊ ရပြီ၊ အဲဒီမှာကြည့်လေ။ သည်မျိုး၊ သည်ရန်၊ သည်ပင်၊ ဆွေသည်၊ သည်ရင်း၊ သည်လျာ ဆိုတဲ့စကားတွေဟာ ‘ဇနီး မယား’ လို့ အဓိပ္ပာယ်ရတဲ့ ပေါရာဏစကားတွေပေ့ါ။ ပေါရာဏဆိုတာ ရှေးစကားပေ့ါကွယ်။ အဲဒီစကားတွေ ၆ လုံး တောင်စုပြီး စကားပရိယာယ်အဖြစ် ဖွဲ့ထားတာလေ”

“ဟုတ်ကဲ့ပါ။ မှတ်သားစရာကောင်းပါတယ် ဘဘ”

“နောက်တစ်ခုပြအုံးမယ်။ တွင်းသင်းမင်းကြီးရဲ့ဘလ္လာတိယပျို့မှာ ကိန္နရီမ ကလေးက သူ့ခင်ပွန်းကိန္နရာဖိုကို စကားပရိယာယ်တွေနဲ့ရည်ညွှန်းထားတာလေ။ အပိုဒ် ၂၀ မှာ၊ ဖတ်လိုက်ပါအုံး”

“ကြည့်တိုင်းလှသည်၊ အစ်မကြီးမတ်၊ ပြာလတ်ငြိမ့်လေး၊ နှောင်းမေးခဲအို၊ ရဲကိုယ်သီရိ၊ မောင်ကြီးယောက်ဖ၊ ယောက်မမောင်လတ်၊ မတ်ညို့အစ်ကို၊ ခဲအိုကြီးညီ၊ နွံမှီတူပင်၊ မွေးမိခင်နှင့် ဖခင်တူရင်း၊ သက်နှင်းဝေမျှ ချစ်မဝနှင့်...”

“ကဲ... သမီးကြည့်စမ်း။ စကားပရိယာယ်သုံးပုံ ဘယ်လောက်လှသလဲ။ မိန်းကလေးတစ်ယောက်က သူ့ခင်ပွန်းကို ပရိယာယ်အမျိုးမျိုးနဲ့ ခေါ်တာလေ။ အစ်မကြီးရဲ့မတ်၊ ညီမလေးရဲ့ခဲအို၊ မောင်ကြီးရဲ့ယောက်ဖ၊ ယောက်မရဲ့မောင်၊ မတ်ရဲ့အစ်ကို၊ ခဲအိုရဲ့ညီ..တဲ့။ အမျိုးမျိုး ဆွေမျိုးစပ်ပြတယ်။ ပြီးတော့ အဖေအမေတို့ရဲ့ တူအရင်းလဲဖြစ်ပါတယ်... တဲ့”

“အခု ဘဘရှင်းပြမှ အဲဒီစာပိုဒ်ရဲ့အဓိပ္ပာယ်ကို သမီးသေသေချာချာနားလည်သွားပါတယ် ဘဘ။ စကားပရိယာယ်သုံးပုံကိုလဲ သဘောပေါက်ပါပြီ”

“ဘဘ ပြောခဲ့သလိုပဲ အများစိတ်ဝင်စားတဲ့ အကြောင်းအရာတွေကိုဖွဲ့တဲ့ ပရိယာယ်စကားတွေ အများကြီးရှိတာ ပေ့ါကွယ်”

“ဟုတ်ကဲ့ပါ”

“စကားပရိယာယ်နမူနာတချို့ ဘဘဖတ်ပြမယ်။ ကိုလိုနီခေတ်ကထင်ရှားတဲ့ မြန်မာပညာရှိကြီးတစ်ယောက်ရှိတယ်။ ဝဇီရဗုဒ္ဓိဦးဖိုးစိန်...တဲ့”

“သမီးဆရာကြီးအကြောင်း ဖတ်ဖူးပါတယ် ဘဘ”

“အဲဒီဆရာကြီး ဦးဖိုးစိန်က စာအုပ်တွေအများကြီးရေးသားပြုစုခဲ့တာ၊ ကဗျာဖွဲ့နည်းကျမ်းတွေလဲ ပါတာပေ့ါ။ အဲဒီထဲမှာ စကားပရိယာယ်တွေကို အခန်းတစ်ခန်းပြထားတယ်။ နောက်တော့ သမီးလေ့လာကြည့်ပေ့ါ။ အခု ဘဘဖတ်ပြမယ်”

“ဟုတ်ကဲ့ပါ”

“ရှေးစာတွေထဲမှာ ဘုရင်တွေကို ရည်ညွှန်းတဲ့ပရိယာယ်တွေ အများကြီးပါတယ်။ မော်ကွန်းတို့၊ ချောင်းတို့မှာ ဘုရင်တွေရဲ့ ကြိုးပမ်းမှုတွေ၊ ဘုန်းတော်တွေကိုဖွဲ့တာ အများကြီးပဲလေ”

“ဟုတ်ကဲ့ပါ”

“ဘုရင်ကို ပေါရာဏစကားနဲ့ ‘ရွှေမှောက်’လို့ ခေါ်တယ်။ ကဗျာတွေထဲမှာ ‘ရွှေမှောက်၊ ပျောက်တော့၊ ထွက်ခွာရွှေမှောက်၊ ရွှေမှောက်ဘုန်းရှန်..တဲ့။ နောက်ထီးနန်းပိုင်တဲ့ အရှင်သခင်ဆိုပြီး ‘ရိပ်ဖြူပိုင်၊ ရိပ်ဖြူစံ၊ ရွှေနန်းရှင်’... တဲ့။ ‘ဘုန်းတော်ကြီးဘုရား၊ ရှင်ပင်ဘုရား တို့ထိပ်ထား၊ စောဘုန်းကြွယ်၊ စောဘုန်းမို’ ဆိုပြီး အမျိုးမျိုးဖွဲ့ကြတာပေ့ါ”

“ဟုတ်ကဲ့ပါ”

“နောက်ပြီးတော့ ရတုတွေ၊ ပျို့တွေမှာ မိန်းကလေးတွေရဲ့အလှကိုဖွဲ့ရင်း မိန်းမကိုရည်ညွှန်းတဲ့ ပရိယာယ်တွေလဲ အများကြီးတွေ့ရတာပေ့ါ။ လှဒါရူ၊ လှယဉ်မင်း၊ လှသိင်္ဂီ၊ လှနတ်ဆွေ၊ လှကေသီ၊ လှကေရှင်၊ ကြော့မှူးခင်၊ လေးခင်ခင်၊ ဆင်းနတ်တူ၊ စိန်မုံနှစ်၊ ဖြူဝင်းဝါ’ စသည်ဖြင့်ပေ့ါကွယ်”

“အဲဒီမှာ ‘စန်း’ ဆိုတာက ‘စန္ဒ’ ဆိုတဲ့ ပါဠိစကားကို မြန်မာမှုပြုထားတာလေ။ ‘လ’ အဓိပ္ပာယ်ပေ့ါ။ ‘ယုန်’ ကတော့ လမင်းမှာ ယုန်ရုပ်ထင်နေတယ်ဆိုတဲ့ အယူအဆအရ ပေ့ါကွယ်”

“ဟုတ်ကဲ့ပါ”

“ဩော် နွေ၊ မိုး၊ ဆောင်း ဆိုတဲ့ ရာသီဥတုတွေရဲ့ ပရိယာယ်တွေလဲ ရှိတယ်နော်”

“နွေကို ဂိမှာန် လို့ခေါ်တာ သိပါတယ် ဘဘ”

“အေး နွေဂိမှာန်၊ ဂိမှာန်နွေဦး၊ ခါဂိမှေ စသည်ဖြင့်ဖွဲ့တယ်။ ကဗျာတစ်ပုဒ်မှာ ‘ဂိမ်အကူးပေမို့’ လို့ ဖွဲ့ထားတော့ ‘ဂိမ်’ ဆိုတာ အဓိပ္ပာယ်ငုပ်နေသလိုပဲ။ ‘ဂိမှာန’ ကို ‘ဂိမ်မှန်’ လို့ အသံထွက်ရတော့ ရှေ့စကားလုံး ‘ဂိမ်’ ကို ယူထားတာလေ”

**“ဆယ်တန်းမြန်မာစာကဗျာလက်ရွေးစင်မှာ အဲဒီ ‘နှင်းယွန်းဂိမှာန်’ ကဗျာပါတယ်။ ဘဘလဲ လူငယ်ရေးရာညကျောင်းတွေမှာ ကျောင်းသားတွေကို သင်ပေးခဲ့ဖူးတယ်။ ဆရာဒဂုန်တာရာရဲ့ ကဗျာပေါင်းချုပ်မှာ ‘နှင်းယွန်းဟေမာန်’ လို့ တွေ့ရတယ်။ ဘာဖြစ်လို့ နာမည်နှစ်မျိုးကွဲနေပါလိမ့်လို့ တွေးမိတာပေ့ါ။ နောက်တော့ ဆရာဒဂုန်တာရာက သူ့ကဗျာခေါင်းစဉ်ကို ကျောင်းသုံး စာအုပ်မှာပြင်လိုက်တာ ဘဝင်မကျတဲ့အကြောင်း ရေးတာတွေ့ရတယ်။ ဆရာက နှင်းတွေကုန်တော့မဲ့ ဆောင်းရာသီလို့ရေးတာဖြစ်မှာပေ့ါ။ ဆောင်းအကုန်နွေအကူးဆိုတဲ့ အဓိပ္ပာယ်ပေ့ါ။ ကျောင်းသုံးစာအုပ်ပြုစုသူတွေကတော့ ဆောင်းကုန်ရင် နွေရောက်ပြီဆိုတဲ့အဓိပ္ပာယ်နဲ့ ‘နှင်းယွန်းဂိမှာန်’ လို့ ပြင်လိုက်တာ ဖြစ်မယ်ထင်တယ်”**

“မိဖုရားကိုဖွဲ့တဲ့ စကားပရိယာယ်တွေလဲ အများကြီးပဲကွဲ့။ နန်းသူဒေဝီတို့၊ မဟေသီတို့”

မိဖုရားပရိယာယ်တွေထဲမှာ သမီးသိဖို့ကောင်းတာတွေပါတယ်။ ဆိုပါတော့ကွယ်။ မိဖုရားကြီးဆိုတာ ရုံရွှေတော်တွေ ခြံရံခစားနေတာမို့ အဲဒီဂုဏ်ကို ဖွဲ့လေ့ရှိတယ်။ ပရိယာယ်တွေထဲမှာ ‘သုံးရွှေ့ရှင်’ တဲ့၊‘သုံးရွှေရံ’ တဲ့။ အဲဒါအကြီး အလတ် အငယ် ဆိုတဲ့ ရုံရွှေတော် ၃ မျိုး ခြံရံနေတာကို ဖွဲ့တာပေ့ါ။ ‘သောင်းရွှေလုံးမှူး’ တို့၊ ‘သန်းရွှေမြည္ဓာ’ တို့ကျတော့ ရုံရွှေတော်တစ်သောင်း ခြံရံတယ်။ ရုံရွှေတော် တစ်သန်းခြံရံတယ်ဆိုပြီး အရေအတွက်အမျိုးမျိုးပေ့ါကွယ်”

“ဟုတ်ကဲ့ပါ”

“မိဖုရားဘွဲ့တွေထဲမှာ ‘ကမ္ဗုရှင်၊ ကမ္ဗုမယ်၊ ထားကမ္ဗု’ ဆိုတဲ့ ပရိယာယ်တွေလဲပါတယ်”

“ဘဘ၊ အဲဒီစကားတွေရဲ့ အဓိပ္ပာယ်ကို သမီး မသိပါဘူး”

“အေး၊ ဒါကြောင့် သမီးသိဖို့ကောင်းတယ်လို့ ပြောတာပေ့ါ။ ‘ကမ္ဗုရှင်’ ဆိုပါတော့။ ကမ္ဗုဆိုတာ ထီးရဲ့နာမည်ပဲကွဲ့။ ရာဇပလ္လင်မှာစိုက်ထူထားတဲ့ ထီးတော်ရှစ်စင်းအကြောင်း ရေးထားတဲ့စာတွေရှိတယ်။ ဘုရင်ထိုင်တဲ့နောက် တည့်တည့်မှာရှိတဲ့ထီးက ‘ကနက္ကဒဏ်ထီး’ လို့ခေါ်တယ်။ ရွှေရိုးတပ်ထားတဲ့ထီးလို့ အဓိပ္ပာယ်ရတယ်။ ဒါကြောင့် ဘုရင်ကို ‘ကနက်ပျော်’၊ ‘ကနက်ဖွား’ စသည်ဖြင့် ဖွဲ့လေ့ရှိတယ်။ အဲဒီ ကနက္ကဒဏ်ထီးရဲ့ညာဘက်က ထီးက ကမ္ဗုထီးပဲ။ ကမ္ဗုထီးအောက်မှာ မိဖုရားကြီးထိုင်ရတာမို့ မိဖုရား ကြီးကို ‘ကမ္ဗုရှင်၊ ကမ္ဗုမယ်၊ ထားကမ္ဗု’ စသည်ဖြင့် ဖွဲ့တာပေ့ါကွယ်”

“နားလည်ပါပြီ ဘဘ။ ကျေးဇူးတင်ပါတယ်”

“ကောင်းကင်ကနေ မင်းကြီးအကြောင်းလဲ ကဗျာတွေထဲမှာ ဖွဲ့လေ့ရှိတာမို့။ ‘နေ’ ရဲ့ ပရိယာယ်တွေလဲ အများကြီးရှိတာပေ့ါ။ သူရိယ၊ အာဒိစ္စ၊ ဥဏှတူ၊ ပြဘင်ကရ၊ ဘာနုရာဇာ၊ ဖန်ရဟတ်၊ ဒေါင်းမင်းစကြာ၊ သူရိယာဖန်နေဝန်း၊ ဒေါင်းစက်ပျံ၊ ဒေါင်းဖန်ဝါ၊ ရဝိန်ဒေါင်းယဉ်ပျံ စသည်ဖြင့်ပေ့ါကွယ်”

“လ-ပရိယာယ်တွေရော ဘဘ”

“ရှိတာပေ့ါ။ စန္ဒာ၊ စန္ဒိမာ၊ ပုဏ္ဏမီ၊ ပုဏ္ဏမာ၊ သီတဂူ၊ ယုန်စန်းငွေ၊ စန်းငွေယုန်၊ စန်းသော်တာ၊ ယုန်စန်းသော်တာ၊ ငွေသော်တာ စသည်ဖြင့်ပေ့ါ။

“ဘဘ၊ သမီးတို့ဆယ်တန်းတုန်းက ထင်ပါတယ်။ ဆရာဒဂုန်တာရာရဲ့ ‘နှင်းယွန်းဂိမှာန်’ ဆိုတဲ့ ကဗျာကိုသင်ခဲ့ရတယ်”

“အေး၊ သမီးပြောလို့ ပြောရအုံးမယ်။ အဲဒီတုန်းက ဆယ်တန်းမြန်မာစာကဗျာလက်ရွေးစင်မှာ အဲဒီ ‘နှင်းယွန်းဂိမှာန်’ ကဗျာပါတယ်။ ဘဘလဲ လူငယ်ရေးရာညကျောင်းတွေမှာ ကျောင်းသားတွေကို သင်ပေးခဲ့ဖူးတယ်။ ဆရာဒဂုန်တာရာရဲ့ ကဗျာပေါင်းချုပ်မှာ ‘နှင်းယွန်းဟေမာန်’ လို့ တွေ့ရတယ်။ ဘာဖြစ်လို့ နာမည်နှစ်မျိုးကွဲနေပါလိမ့်လို့ တွေးမိတာပေ့ါ။ နောက်တော့ ဆရာဒဂုန်တာရာက သူ့ကဗျာခေါင်းစဉ်ကို ကျောင်းသုံးစာအုပ်မှာပြင်လိုက်တာ ဘဝင်မကျတဲ့အကြောင်း ရေးတာတွေ့ရတယ်။ ဆရာက နှင်းတွေကုန်တော့မဲ့ ဆောင်းရာသီလို့ရေးတာဖြစ်မှာပေ့ါ။ ဆောင်းအကုန်နွေအကူးဆိုတဲ့ အဓိပ္ပာယ်ပေ့ါ။ ကျောင်းသုံးစာအုပ်ပြုစုသူတွေကတော့ ဆောင်းကုန်ရင် နွေရောက်ပြီ ဆိုတဲ့အဓိပ္ပာယ်နဲ့ ‘နှင်းယွန်းဂိမှာန်’ လို့ ပြင်လိုက်တာ ဖြစ်မယ်ထင်တယ်။ တကယ်တော့ ကဗျာဆရာရဲ့သဘောတူညီချက်မတောင်းဘဲ အဲဒီလိုမပြင်သင့်ဘူးပေ့ါကွယ်။ ကြုံလို့ ပြောတာပါ”

“မှတ်ထားပါ့မယ် ဘဘ”

“ ‘မိုး’ ကျတော့ ဝသန်ပေ့ါ။ ‘ဝဿာန’ ကလာတာမို့ ‘ဝဿာန်’ လို့လဲရေးကြတယ်။ ‘မိုးဝသန်’၊ ‘ဝသန်ခါမှီ’၊ ‘ခါမိုးဝသန်’ ဆိုတဲ့ အသုံးတွေရှိတယ်လေ”

“ ‘ဆောင်း’ ကျတော့ ဟေမန်ပေ့ါနော်ဘဘ”

“ဟုတ်ပ့ါ။ ဟေမန္တက လာလို့ ဟေမန်ပေ့ါ။ သည်ဆောင်းဟေမာန်၊ ဟေမန်ဆောင်းဆိုတဲ့ ပရိယာယ်တွေရှိတယ်လေ”

“ဟုတ်ပါတယ် ဘဘ”

“ကဲ-ဒါလောက်ဆိုရင် စာဆိုတွေရဲ့ကျေးဇူးကြောင့် မြန်မာစာပေထဲမှာ စကားပရိယာယ်တွေ တိုးပွားလာပြီး ဘာသာစကားဖွံ့ဖြိုးမှုကို အထောက်အကူပြုတယ်ဆိုတာ သဘောပေါက်လောက်ပါပြီကွယ်”

“ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ ဘဘ၊ ကျေးဇူးတင်ပါတယ်”။ ။

# ရတနာပုံခေတ် စက်မှုလက်မှုလုပ်ငန်းများ

**_သိပ္ပံစာရေးဆရာကိုကိုအောင်_**

သမားရိုးကျ လယ်ယာစိုက်ပျိုးရေးနှင့် ယင်းကိုအခြေခံသော အိမ်တွင်းလက်မှု လုပ်ငန်းများဖြင့် သာယာဝပြောစည်ပင်နေခဲ့သော မြန်မာနိုင်ငံအဖို့ နိုင်ငံ့ရေယာထက်ဝက်ခန့်မျှဖြစ်သော ရခိုင်၊ တနင်္သာရီနှင့် မြစ်ဝကျွန်းပေါ် ဒေသတို့မှာ ၁၈၅၂ ခုနှစ်တွင် ဗြိတိသျှတို့လက်အောက်သို့ ကျရောက်သွားခဲ့သည်။ မင်းတုန်းမင်းနန်းတက်လာသောအချိန်တွင် မြန်မာနိုင်ငံသည် ချင်း၊ ကချင်၊ ရှမ်းတောင်တန်းဒေသများနှင့် ဧရာဝတီမြစ်အလယ်ပိုင်း သရက်မြို့နယ်ခြား ကျောက်တိုင်အထိမျှသာ ကျယ်ဝန်းတော့သည်။ ဆန်ရေစပါးပေါများသော မြစ်ဝကျွန်းပေါ်ဒေသသည်လည်းကောင်း၊ ပြည်ပနှင့် ဆက်သွယ်နိုင်သော ဆိပ်ကမ်းမြို့များသည်လည်းကောင်း ဗြိတိသျှတို့ပိုင်နက် ဖြစ်သွားခဲ့သည်။ ရတနာပုံခေတ် မြန်မာနိုင်ငံသည် ကုန်းတွင်းပိုင်းဒေသမျှသာဖြစ်နေပြီး အထက်အောက် စုန်ဆန်ကူးသန်းသွားလာနိုင်သည့် တစ်ခုတည်းသော ရေကြောင်းလမ်းဖြစ်သည့် ဧရာဝတီမြစ်ကြောင်းကိုပင် တစ်ဝက်မျှသာ ပိုင်ဆိုင်တော့သည်။

ဗြိတိသျှတို့လက်အောက် ကျရောက်ပြီးနောက် အောက်မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးရေးက များစွာတိုးတက်လာကာ နိုင်ငံခြားသို့ ဆန်စပါးနှင့် ကျွန်းသစ်တင်ပို့ရောင်းချရေးလုပ်ငန်းက ကြီးထွားလာခဲ့သည်။ ထိုရောင်းဝယ်ရေးလုပ်ငန်းများကို စတီးဘရားသား၊ မက္ကရေးကား၊ ဘီဘီတီစီ၊ တော့ဖင်ဒလေ စသော နိုင်ငံခြားသား အရင်းရှင်ကုမ္ပဏီများက ချုပ်ကိုင်လုပ်ဆောင်ကြတော့သည်။ ဆန်စက်နှင့် သစ်စက်များကိုလည်း တည်ထောင်ကာ ကြိတ်ခွဲသည့် လုပ်ငန်းကို လုပ်ဆောင်ခဲ့ကြသည်။

**စတင်ထူထောင်**

ဤတွင် မြန်မာဘုရင်ပိုင် အထက်မြန်မာနိုင်ငံသည်လည်း သမားရိုးကျစီးပွားရေးစနစ်၊ သမားရိုးကျ လုပ်ငန်းများနှင့် တင်းတိမ်နေ၍ မရနိုင်တော့ပေ။ ခေတ်မီတိုးတက်သော နိုင်ငံတစ်ခုဖြစ်အောင် စတင်ကြိုးပမ်းရတော့သည်။ သို့ဖြစ်ရကား ရတနာပုံ နေပြည်တော်ကို တည်ထောင်စိုးစံသော မင်းတုန်းမင်းနှင့် ထီးနန်းဆက်ခံသော သားတော် သီပေါမင်းတို့၏ နန်းစံကာလ နှစ်ပေါင်း ၃၀ ကျော်ကို ရတနာပုံခေတ်၊ တိုးတက်ပြောင်းလဲရန် ကြိုးပမ်းသောခေတ်၊ စက်မှုလုပ်ငန်းများ စတင်ထူထောင်သောခေတ်ဟု သတ်မှတ်ကြသည်။

ရတနာပုံခေတ်တွင် စက်မှုလုပ်ငန်းများကို မြေစမ်းခရမ်းပျိုး စတင်ထူထောင်စဉ်ကခေတ်မီနိုင်ငံတော် ဖြစ်လာရေးကိုရှေးရှုသည်ဟု ယေဘုယျအားဖြင့် ဆိုရသော်လည်း အဓိကအားဖြင့် အချုပ်အခြာအာဏာပိုင်လွတ်လပ်သော နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် အလွန်နီးကပ်နေသော နယ်ချဲ့ရန်မှ ခုခံကာကွယ်ထိန်းသိမ်းနိုင်ရေးကို ဦးတည်ခဲ့သည်။ ထို့ကြောင့်ပင် စက်မှုလုပ်ငန်းများ ထူထောင်ရေးကို ဦးတည်ဆောင်ရွက်ခဲ့သော အိမ်ရှေ့စံ ကနောင်မင်းသားသည် ခေတ်မီလက်နက်စက်ရုံများ တည်ထောင်ရေးကို ဦးစားပေးခဲ့သည်။

ရတနာပုံခေတ်တွင် တည်ထောင်ခဲ့သော စက်ရုံအရေအတွက် ၅၀ ကျော်မျှ ရှိခဲ့သည်။ ဒင်္ဂါးစက်ရုံ၊ ရက်ကန်းစက်ရုံ၊ ဆန်ကြိတ်စက်ရုံ၊ လွှစက်ရုံ၊ သဘော်စက်ရုံ၊ သကြားစက်ရုံ၊ မဲနယ်စက်ရုံနှင့် အမြောက်သေနတ်လုပ်စက်ရုံများ ပါဝင်ခဲ့သည်။ ထိုစဉ်က စက်မှုထွန်းကားနေပြီဖြစ်သော နိုင်ငံများတွင် ဆန်စက်၊ ရက်ကန်းစက်၊ လွှစက်၊ သကြားစက် စသည်တို့မှာ ပြည်သူတို့၏ စားဝတ်နေရေးဆိုင်ရာ ကုန်ပစ္စည်းများကိုပါ ပေါပေါများများ ထုတ်လုပ်ပေးနိုင်ရေးနှင့် စီးပွားဖြစ်ရောင်းချနိုင်ရေးတို့အတွက် တည်ထောင်သော စက်များဖြစ်ကြသည်။ ရတနာပုံခေတ်တွင် တည်ထောင်ခဲ့သော စက်များသည်ကား ထိုအဆင့်သို့ မရောက်ခဲ့ကြပေ။

**အကျိုးအမြတ်များစွာရှိ**

အောက်မြန်မာနိုင်ငံတွင် ဆန်စပါးရောင်းဝယ်ရေးက တိုးတက်လာသဖြင့် ဥရောပတိုက်သားနှင့် တရုတ်၊ အိန္ဒိယကုန်သည်ကြီးများက ဆန်စက်၊ သစ်စက်များကို တည်ထောင်ခဲ့ကြသည်။ ၁၈၈၀ ခုနှစ်က ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံတွင် ဆန်စက်ပေါင်း ၄၉ လုံး ရှိနေပြီဖြစ်ပြီး နိုင်ငံခြားသို့ ဆန်တင်ပို့ရောင်းချမှု အလွန်ဖြစ်ထွန်းကာ အကျိုးအမြတ်များစွာ ရရှိချိန်ဖြစ်သဖြင့် အချို့ ဆန်စက်များတွင် လျှပ်စစ်မီးများထွန်းပြီး ၂၄ နာရီပတ်လုံးလည်ပတ်ကာ ကြိတ်ခွဲနေကြပြီ ဖြစ်သည်။

ရတနာပုံနေပြည်တော်၌ တည်ထောင်ခဲ့သော ဆန်စက်မှာကား အများပြည်သူသုံး မဟုတ်သကဲ့သို့ စီးပွားရေးလုပ်ငန်းလည်း မဟုတ်ပေ။ မင်းတုန်းမင်းသည် ရတနာပုံနေပြည်တော်တွင် အခြားခေတ်မီစက်များနှင့်အတူ ဆန်စက်တစ်လုံးကိုပါ တည်ထောင်ခဲ့ပြီး ထိုဆန်စက်တွင် ဘုရင်၏စပါးများကိုသာ ကြိတ်ခွဲရသည်။ ထိုစဉ်က မန္တလေးနှင့် အမရပူရတို့တွင် ဘုရင်ကဆန်လှူဒါန်းသော ကျောင်းတိုက်ပေါင်း ၂၁၇ တိုက်ရှိခဲ့သည်။ ကျောင်းတိုက်များအတွင်းရှိ ကျောင်းပေါင်း ၁၄၄၂ ကျောင်းတွင် ရဟန်းသာမဏေစုစုပေါင်း ၁၅၃၆၆ ပါး ရှိရာ လစဉ်ဆန်တင်းပေါင်း ၂၀၄၅၂ တင်းကို လှူဒါန်းခဲ့သည်။ ထိုသို့ လှူဒါန်းရန်အတွက် ဆန်များကို ဘုရင့်ဆန်စက်မှ ကြိတ်ခွဲပေးရခြင်း ဖြစ်သည်။ တိုင်းသူ ပြည်သားတို့မှာ သမားရိုးကျနည်းဖြင့်သာ ကြိတ်ခွဲထောင်းဖွပ်မြဲအတိုင်း လုပ်ဆောင်ကြရပြီး ဆန်စက်တည်ထောင်မှုကြောင့် ထူးခြားသောပြောင်းလဲမှု တစ်စုံတစ်ရာမရှိခဲ့ပေ။

> “ ရတနာပုံခေတ်တွင် တည်ထောင်ခဲ့သော စက်ရုံအရေအတွက် ၅၀ ကျော်မျှ ရှိခဲ့သည်။ ဒင်္ဂါးစက်ရုံ၊ ရက်ကန်းစက်ရုံ၊ ဆန်ကြိတ်စက်ရုံ၊ လွှစက်ရုံ၊ သဘော်စက်ရုံ၊ သကြားစက်ရုံ၊ မဲနယ်စက်ရုံနှင့် အမြောက်သေနတ်လုပ်စက်ရုံများ ပါဝင်ခဲ့သည်။ ထိုစဉ်က စက်မှုထွန်းကားနေပြီဖြစ်သော နိုင်ငံများတွင် ဆန်စက်၊ ရက်ကန်းစက်၊ လွှစက်၊ သကြားစက် စသည်တို့မှာ ပြည်သူတို့၏ စားဝတ်နေရေးဆိုင်ရာ ကုန်ပစ္စည်းများကိုပါ ပေါပေါများများ ထုတ်လုပ်ပေးနိုင်ရေးနှင့် စီးပွားဖြစ်ရောင်းချနိုင်ရေးတို့အတွက် တည်ထောင်သော စက်များဖြစ်ကြသည်”

**ပြည်ပသို့တင်ပို့ရောင်းချ**

မြန်မာနိုင်ငံသည် အဖိုးတန်သစ်များထွက်သော နိုင်ငံဖြစ်သည်။ ဗြိတိသျှတို့ပိုင်သော အောက်မြန်မာနိုင်ငံတွင် ၁၈၈၀ ပြည့်နှစ်ခန့်က သစ်ထုတ်လုပ်တင်ပို့ ရောင်းချမှုလုပ်ငန်းက လွန်စွာတိုးတက်ကြီးထွားလာသည်။ နိုင်ငံခြားသား အရင်းရှင်ကြီးများက သစ်လုပ်ငန်းကိုချုပ်ကိုင်ကာ ရန်ကုန်နှင့်မော်လမြိုင် ဆိပ်ကမ်းများမှတစ်ဆင့် ပြည်ပသို့တင်ပို့ရောင်းချခဲ့ကြသည်။ ရန်ကုန်၊ မော်လမြိုင်နှင့် ဆိပ်ကမ်းမြို့ကြီးများ၌ သစ်စက်များကို တည်ထောင်ခဲ့ကြသည်။ ၁၈၈၄-၈၅ ခုနှစ်က ရန်ကုန်နှင့် မော်လမြိုင်ဆိပ်ကမ်းတို့မှ တစ်ဆင့် သစ် ၁၄၇၉၈၇ တန်ကို ကျပ်ငွေ ၁၃၄၁၈၇၈၀ ဖြင့် ထုတ်ရောင်းခဲ့သည်။

မြန်မာဘုရင်ပိုင် အထက်မြန်မာနိုင်ငံရှိ သစ်တောများကိုမူ မင်းတုန်းမင်းက ဦးမွန်ထော်၊ မစ္စတာဝေါကာ၊ ဘီဘီတီစီကုမ္ပဏီ၊ မက္ကရေးကားကုမ္ပဏီ စသည်တို့အား အငှားချထားခဲ့သည်။ နောက်ပိုင်းတွင် သစ်လုပ်ငန်းမှရရှိမည့် အကျိုးအမြတ်များကို သိမြင်သဖြင့် ၁၈၇၂ ခုနှစ်ခန့်တွင် မန္တလေးမြို့တော် အနောက်မျက်နှာ ပုဏ္ဏားကုန်းသုသာန် အနောက်မြောက်ယွန်းယွန်း သင်္ဂဇာချောင်း အရှေ့ဘက်ကမ်း၊ ယခုစီလမ်းအဆုံးနေရာတွင် ဘုရင်ကလွှစက်တစ်ခုကို တည်ထောင်ခဲ့သည်။ လွှစက်ရုံ၌ လွှထောင်၊ လွှဝိုင်းနှင့် လွှစက်အမျိုးမျိုးအပြည့်အစုံရှိသည့်အပြင် လွှသွေးစက်ကိုလည်း အရန်သင့် ထားရှိပေးထားသည်။ ဆလင်ဒါနှစ်လုံးပါသော မြင်းကောင်ရေ ၄၀ အား အင်ဂျင်စက်တပ်ဆင်ထားရာ ထိုအင်ဂျင်မှာ နယူးကပ်စတယ်မြို့ အက်ဘော့အင်ကုမ္ပဏီကထုတ်လုပ်သောစက် ဖြစ်သည်။ စက်ရုံ၏ ကုန်ထုတ်လုပ်မှုစွမ်းရည်နှင့် အခြေအနေကို မသိရှိရသော်လည်း သစ်ရောင်းဝယ်ရေးမှာ အလွန်အရေးပါချိန်ဖြစ်သဖြင့် အကျိုးဖြစ်ထွန်းခဲ့သည်ဟု ယူဆရသည်။ မင်းတုန်းမင်းသည် ၁၈၇၃ ခုနှစ်တွင် ရန်ကုန်မြို့ရှိ ပဲခူးလွှစက်ကို အဖိုးငွေကျပ် ၉၀၀၀၀ ပေး၍ ထပ်မံဝယ်ယူခဲ့သည်ကို ထောက်ရှု၍ လွှစက်လုပ်ငန်းအောင်မြင်ခဲ့သည်ဟု ဆိုရမည် ဖြစ်သည်။

**စားသုံးမှုများလာ**

မြန်မာတို့သည် ရှေးအစဉ်အဆက်ကပင် ထန်းရည်မှ ထန်းလျက်ချက်လုပ်တတ်ပြီး ကြံရည်မှ ကြံသကာကိုလည်း ချက်လုပ်တတ်ခဲ့ကြသည်။ ပြည်ပနိုင်ငံများနှင့် ဆက်သွယ်မှုများလာသော ကုန်းဘောင်ခေတ်လယ်ခန့်တွင် သကြားဖြူကို သိလာသကဲ့သို့ မင်းစိုးရာဇာပိုင်းက သကြားဖြူစားသုံးမှု များလာခဲ့သည်။ ဗဒုံမင်းလက်ထက်က အမရပူရတွင် အခြေစိုက်နေထိုင်ခဲ့ကြသော တရုတ်လူမျိုးများက သကြားချက်လုပ်ကြရာ မြန်မာတို့ကလည်း အတုယူလုပ်ကိုင်ခဲ့ကြကြောင်း၊ ဘင်္ဂလားမှလာသော သကြားကဲ့သို့ပင် ဖြူဖွေးနေကြောင်း စသည်ဖြင့် နိုင်ငံခြားသားမှတ်တမ်းတချို့တွင် တွေ့ရှိခဲ့ရသည်။

ရတနာပုံခေတ်တွင်မူ မန္တလေးမြို့ အနောက်မျက်နှာ မြို့ကြီးပြင် ပိုက်ကျိုးတံခါးအထွက် လက်ဝဲဘက်၊ ယခု သစ်တောရုံးရှိသော နေရာတွင် သကြားစက်တစ်လုံးကို တည်ဆောက်ခဲ့သည်။ သကြားချက်စက်၊ သကြားဖြူချွတ်စက်များကို အင်္ဂလန်နိုင်ငံမှ မှာကြားဝယ်ယူခဲ့ရာ ၁၈၇၁ ခုနှစ် ဇန်ဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်းက ရောက်ရှိလာသဖြင့် ထိုနှစ်တွင်ပင် တည်ထောင်ဆောက်လုပ် ပြီးစီးသည်ဟု ယူဆရသည်။ ၁၈၇၂ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့သည်ဟု ခန့်မှန်းရသော်လည်း မည်မျှထုတ်လုပ်နိုင်စွမ်းရှိခဲ့ကြောင်းကိုမူ မသိရပေ။ ဥရောပတိုက်သားအတတ်ပညာရှင် အာသာကိုးက စက်ရုံကို ဦးစီးလုပ်ကိုင်ခဲ့ရာမှ ၁၈၇၄ ခုနှစ်တွင် ဥရောပတိုက်သား စက်ဆရာများကို တာဝန်မှ ရပ်စဲလိုက်သဖြင့် စက်ရုံလည်ပတ်မှု ထိခိုက်ခဲ့လိမ့်မည်ဟု မှန်းဆရသည်။ ရတနာပုံသကြားစက်သည်လည်း ပြည်သူတို့အတွက် အရေးပါသော၊ ထူးခြား ပြောင်းလဲစေနိုင်သော စက်မှုလုပ်ငန်းတစ်ခု မဟုတ်ခဲ့ဟု ခန့်မှန်းရသည်။

လွှစက်၊ သကြားစက်နှင့် ဆန်စက်များသည် အိမ်ရှေ့စံ ကနောင်မင်းသား လုပ်ကြံခံရပြီးသည့်နောက်ပိုင်း ၁၈၇၂ ခုနှစ်ဝန်းကျင်ခန့်တွင် တည်ထောင်သောစက်များဟု ဆိုရမည်ဖြစ်သည်။ လက်နက်စက်ရုံများ၊ ဒင်္ဂါးစက်ရုံ၊ သဘော်စက်ရုံများကိုမူ ကနောင်မင်းသားက ကိုယ်တိုင်ဉာဏ်စွမ်းရှိသရွေ့ စီစဉ်ဆောင်ရွက်တည်ထောင်ခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေး ဦးတည်ချက်ကလည်းရှိခဲ့သဖြင့် စက်ရုံများမှာ မျှော်မှန်းသည့်အတိုင်း အထိုက်အလျောက် အောင်မြင်ခဲ့ကြသည်။

**ပညာတော်သင်စေလွှတ်**

ခေတ်မီစက်ရုံများကိုတည်ထောင်လည်ပတ် ထုတ်လုပ်နိုင်ရန် ကျွမ်းကျင်သူများနှင့် ပညာရှင်များကို လိုအပ်သည်။ ထို့ကြောင့်ပင် ကနောင်မင်းသားသည် စက်ရုံများကို တည်ထောင်ရန် စတင်ကြိုးပမ်းခြင်းနှင့် တစ်ပြိုင်တည်းမှာပင် မြန်မာလူငယ်များအား အနောက်နိုင်ငံများသို့ ပညာတော် သင်စေလွှတ်ခဲ့သည်။

၁၈၆၃ ခုနှစ်ခန့်မှစတင်၍ ပညာတော်သင်များကို အိန္ဒိယ၊ အီတလီ၊ ပြင်သစ်၊ အင်္ဂလန်နိုင်ငံများသို့ တစ်ဖွဲ့ပြီး တစ်ဖွဲ့ စေလွှတ်ခဲ့သည်။ ၁၈၆၃ ခုနှစ်တွင် မောင်မြူး၊ မောင်ရွှေအိုး၊ မောင်အောင်သူတို့ကို ပြင်သစ်သို့စေလွှတ်ခဲ့သည်။ ထိုအချိန်တွင် ယခင်ကတည်းက ပြင်သစ်သို့ စေလွှတ်ထားခဲ့ဟန်တူသော မောင်ထွန်းအောင်နှင့် မောင်ညွှန့်တို့မှာ နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာကြပြီဖြစ်သည်။ မောင်မြနှင့်မောင်တရုတ်ဖြူ တို့သည် ၁၈၆၉ ခုနှစ်တွင် အင်္ဂလန်သို့သွားရောက်၍ ဝူးလ်ဝိချ်လက်နက်တိုက်တွင် ယမ်းသေနတ်၊ တူဆန်လုပ်နည်းများကို ၁၈၇၄ ခုနှစ်အထိ သင်ယူခဲ့ကြရသည်။ အိန္ဒိယနိုင်ငံ ကာလကတ္တား(ကိုလ်ကတ္တား)မြို့သို့ ၁၈၆၉ ခုနှစ်က စေလွှတ်ခဲ့သော မောင်ကြံသီး၊ မောင်သာထူး အစရှိသော လူငယ် ၂၀ တို့သည် ကော့စီပူရ်သေနတ်လုပ်စက်ရုံနှင့် ဖို့ဒ်ဝီလျံလက်နက်တိုက်တို့တွင် သေနတ်အမြောက်မှစ၍ လက်နက်ကိရိယာနှင့် သက်ဆိုင်သော အလုပ်များကို သင်ယူခဲ့ကြသည်။

ထို့ပြင် ၁၈၇၂ ခုနှစ်က ပညာတော်သင် မောင်သာထား၊ ပန်းပဲခေါင်းမောင်ခက်၊ လက်ဖက်ရည်တော်မောင်ဘိုးခြံ၊ မောင်စီတို့ကိုလည်း အီတလီသို့ စေလွှတ်ခဲ့သည်။ အလားတူပင် မောင်ထွန်းလင်း၊ မောင်အင်းတို့အား ပြင်သစ်သို့လည်းကောင်း၊ မောင်အုန်းပွင့်၊ မောင်ဘအို၊ မောင်ကံထူးနှင့် မောင်ထွန်းဦးတို့အား အီတလီနိုင်ငံ တူရင်းမြို့သို့လည်းကောင်း စေလွှတ်ခဲ့သည်။ ၁၈၇၄ ခုနှစ်နှင့် ၁၈၇၆ ခုနှစ်များတွင် ဘင်္ဂလားသို့လည်းကောင်း၊ အီတလီ သို့ လည်းကောင်း ထပ်မံစေလွှတ်သူများလည်း ရှိသေး သည်။ သီပေါမင်းလက်ထက်ကဟု ယူဆရသော ပညာတော်သင် လူစာရင်းပုရပိုက်တွင် နိုင်ငံခြား၌ ရှိရင်းလူ ၁၆ ဦးနှင့် အသစ်စေလွှတ်သူ ၁၆ ဦးတို့ကို မိဘအမည်၊ အသက်တို့နှင့်တကွ တွေ့ရှိရသည်။ လူသစ် ၁၆ ဦးမှာ အလွန်ငယ်ရွယ်သူများဖြစ်ကြပြီး အငယ်ဆုံးက ၁၀ နှစ်၊ အကြီးဆုံးက ၁၇ နှစ် ဖြစ်ကြသည်။

**စေလွှတ်ခဲ့**

မြန်မာနိုင်ငံတော်အတွင်း၌ စက်မှုလုပ်ငန်းများ တည်ထောင်နိုင်ရန်အတွက် ကျွမ်းကျင်သူပညာရှင်များ လိုအပ်ကြောင်းကို မင်းမျိုးမတ်တို့ကပါ သဘောပေါက်ခဲ့ကြသောကြောင့် ပညာတော်သင်များကို ၁၈၆၃ ခုနှစ်ခန့်ကတည်းကပင် စေလွှတ်ခဲ့သည်။ စတင်ပျိုးထောင်သော အိမ်ရှေ့စံကနောင်မင်းသား နတ်ရွာစံပြီးသည့်နောက်ပိုင်းတွင်လည်း စေလွှတ်မှုက ရပ်ဆိုင်းမသွားဘဲ သီပေါမင်းလက်ထက်အထိ စေလွှတ်ခဲ့သည်ဟု ယူဆရသည်။ အများစုကိုမူ မင်းတုန်းမင်းနန်းစံသည့် နှစ်များအတွင်းက စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ထိုခေတ်အခါ၏ အခက်အခဲများကြားကပင် မြန်မာပညာတော်သင် အချို့သည် နိုင်ငံခြားသိပ္ပံကျောင်းများ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည်။ ပြင်သစ်ပညာတော်သင် မောင်ရွှေအိုးနှင့် မောင်မြူးတို့မှာ ဖန်ချက်အတတ်၊ မဲနယ်ချက်လုပ်နည်းအတတ်နှင့် ဓာတုဗေဒကျမ်းထွက် ဓာတ်ရည်အမျိုးမျိုး ချက်လုပ်နည်းအတတ်များကို ထူးချွန်စွာတတ်မြောက်ခဲ့ကြသည်။ ကာလကတ္တား (ကိုလ်ကတ္တား)ရှိ ကော့စီပူရ်နှင့် ဖို့ဒ်ဝီလျံ လက်နက်တိုက်တို့တွင် ပညာသင်ယူခဲ့သူ လူငယ်များကလည်း အင်ဖီးရိုင်ဖယ် လုပ်တတ်သည်အထိ တတ်မြောက်ခဲ့ကြသည်။ ၁၈၇၄ ခုနှစ်တွင် ဘင်္ဂလားသို့စေလွှတ်ခဲ့သူ ပညာတော်သင်များသည် စံဖေဘီရကျောင်း၌ အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားများကို ရေးတတ်၊ ဖတ်တတ်၊ ပြောတတ်အောင် သင်ကြားကြပြီးနောက် စက်မှုကျောင်း၌ စက်မှုအတတ်ပညာ၊ စစ်ဘက်ဆိုင်ရာအတတ်ပညာ၊ တရားဓမ္မသတ် ဥပဒေပညာများကို သင်ယူတတ်မြောက်ခဲ့ကြသည်။

ရတနာပုံစက်ရုံများကို ၁၈၅၈ ခုခန့်က စတင်တည်ဆောက်ခဲ့သည်ဟု ခန့်မှန်းရပြီး စက်ရုံများ တည်ဆောက်ရန်နှင့် စက်ပစ္စည်းကိရိယာများ ဝယ်ယူရန်တို့ကိုမူ အိမ်ရှေ့စံကနောင်မင်းသားအနေဖြင့် ၁၈၅၄ ခုနှစ်ခန့်ကတည်းက စတင်စိုင်းပြင်းခဲ့သည်ဟု ဆိုနိုင်သည်။ ၁၈၅၄ ခုနှစ်တွင် ဘင်္ဂလားသို့ မဟာမိတ်အဖြစ် စေလွှတ်သော သံအဖွဲ့ခေါင်းဆောင်အား သင်္ဘောရလျှင် ဝယ်ခဲ့ရန်၊ မရလျှင် စက်များနှင့် စက်ပစ္စည်းများ ဝယ်ခဲ့ရန်နှင့် စက်ဆရာများအား ငှားရမ်းခဲ့ရန် မှာကြားလိုက်သည်။ ထို့နောက် ၁၈၆၃- ၆၄ ခုနှစ်တွင် ပွတ်စက်နှင့် ဖောက်စက်စသည့် စက်ကိရိယာများ ဝယ်ယူရန်အတွက် သံတော်ဆင့် ဦးရွှေဘင်နှင့် စက်ဆရာဦးထွန်းတို့အား ဘင်္ဂလားသို့စေလွှတ်ခဲ့ပြန်သည်။ ။

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း
ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ
ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (ဘင်းမ်စတက်)
Bay of Bengal Initiative for Multi-Sectoral Technical and
Economic Cooperation (BIMSTEC)

**ဘင်းမ်စတက် အလံနှင့် Logo ဒီဇိုင်းပြိုင်ပွဲအတွက်**
**ပြိုင်ပွဲဝင်ကာလ တိုးမြှင့်သတ်မှတ်ခြင်း**

❖ ဘင်းမ်စတက်အလံနှင့် Logo ဒီဇိုင်းပြိုင်ပွဲကာလကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်မှ မေလ ၁၅ ရက်အထိ သတ်မှတ်ထားရာမှ လျှောက်လွှာနောက်ဆုံးထားပေးပို့ရမည့်နေ့ရက်ကို **၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်အထိ** တိုးမြှင့်လိုက်ကြောင်း ကြေညာအပ်ပါသည်။

❖ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန တယ်လီဖုန်းနံပါတ် ၀၆၇၃၄၁၂၄၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

# ဆည်ရေစနစ်တကျသုံးစွဲနိုင်ရေး ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်း

**ရေတာရှည် ဇွန် ၁၂**
ကျေးလက်ဒေသနေ တောင်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ဆည်ရေကို စနစ်ကျစွာသုံးစွဲနိုင်ရေးအတွက် တောင်သူများပါဝင်သည့် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းရေးကို ဇွန်လပထမပတ်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဂကျေးရွာအုပ်စု ကျွန်းပင်ဆိပ်ကျေးရွာအနီး ဆွာချောင်းရေလှောင်တမံ ရှင်းလင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆)မှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ဆွာချောင်းရေလှောင်တမံ၊ ဆည်ရေသောက်စနစ်ရှိ တူးမြောင်းမကြီး၊ လက်တံမြောင်း အမှတ်(၁)ရှိ တိုက်ရိုက်ရေပေးမြောင်းများတွင် ဆည်ရေကို စနစ်တကျအသုံးပြုနိုင်ရေး၊ ပူးပေါင်းပါဝင်သည့် ဆည်မြောင်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သိုင်းဂကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဆည်ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

လက်ထောက်ညွှန်ကြားရေးမှူးက ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်၊ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများနှင့် ဆည်မြောင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော တောင်သူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**သန်းလွင်**

# မိုးနှောင်းချည်မျှင်ရှည်ဝါ အထူးဇုန်ဧက ၁၀၀ အတွက် ရမည်းသင်းမြို့နယ်၌ မျိုးစေ့နှင့်ဆေးများ ထောက်ပံ့

**ရမည်းသင်း ဇွန် ၁၂**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးနှောင်းချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၁၀၀ စိုက်ပျိုးရန် ရွှေတောင် ၁၀ ဝါမျိုးသန့်မျိုးစေ့နှင့် လူးနယ်ဆေးများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၀ ရက်က သိမ်ကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းချိုက မိုးနှောင်းချည်မျှင်ရှည်ဝါ အထူးဇုန်ဧက ၁၀၀ ဖော်ဆောင်ပြီး ရွှေတောင် ၁၀ ဝါမျိုးသန့်မျိုးစေ့နှင့် လူးနယ်ဆေး ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် မျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများကို ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဝင်းက မျိုးကောင်းမျိုးသန့် ချည်မျှင်ရှည်ဝါ စိုက်ပျိုးခြင်းဖြင့် အရည်အသွေးမြင့် ဝါမျိုးများ ရရှိခြင်းနှင့် စိုက်ပျိုးမှုနည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် တောင်သူများပူးပေါင်းကာ နည်းပညာများမျှဝေပြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အထူးဇုန် ဝါမျိုးသန့် စိုက်ပျိုးမည့် တောင်သူ ၄၉ ဦးအား ရွှေတောင် ၁၀ မိုးနှောင်းချည်မျှင်ရှည်ဝါ မျိုးသန့်မျိုးစေ့သုံးပိဿာဝင်အိတ် ၁၀၀ နှင့် လူးနယ်ဆေးထုပ် ၁၀၀ ကို တောင်သူတစ်ဦးချင်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**




မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးကာလအတွင်း နေရပ်ပြန်ပြည်သူများ ထားရှိသည့် အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိရာ နေရာများအဖြစ် ဆောင်ရွက်ခဲ့သော အခြေခံပညာကျောင်းများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယမန်နေ့က စတင်ဆောင်ရွက်စဉ်။

(ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ စာသင်ဆောင်များ၊ စာသင်ခန်းများ၊ စာသင်ခုံ၊ ရေလောင်းအိမ်သာ၊ ရေချိုးရာနေရာများ စသည့်အသွားအလာကန့်သတ်ထားရှိသူများ အသုံးပြုရာနေရာများကို နေရာအနှံ့ ပိုးသတ်ဆေးပက်ဖျန်းခဲ့ကြသည်။)

**ကျော်ဇေယျဝင်း(ကံမ)**

# ပြင်ဦးလွင်မြို့တွင် ကျောင်းဖွင့်ချိန်အမီ ကျောင်းများ၌ ဆေးဖျန်းခြင်းများဆောင်ရွက်

**ပြင်ဦးလွင် ဇွန် ၁၂**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ကျောင်းဖွင့်ချိန်အမီ ကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားခြင်းမှ ကင်းဝေးရန် စာသင်ခန်းများ၊ မုန့်ဈေးတန်းများ၊ ကျောင်းစာကြည့်တိုက်များ၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးပြုလုပ်ခြင်းများကို ယမန်နေ့ကစ၍ ဆောင်ရွက်လျက်ရှိသည်။

ပြင်ဦးလွင်မြို့တွင် အထက ၁၊ အထက ၂၊ အထက ၃၊ အထက ၄၊ အလက ၁၊ အလက ၂၊ အလက ၃၊ အလက ၄ အစရှိသော ကျောင်းများတွင် ဆောင်ရွက်ပြီး အခြေခံပညာ မူလတန်းကျောင်းပေါင်း ၂၃ ကျောင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းများကို မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမိုးဆွေနှင့် မီးသတ်တပ်ဖွဲ့ဝင်များက တစ်နေ့လျှင် နှစ်ကျောင်းနှုန်းစီဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဇော်**

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့်ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါး၊ ပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များ ဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားရန်၊
❖ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားရန်၊
❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များ ဖို့ထားရန်၊
❖ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားရန်၊
❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်၊
❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားရန်၊
❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေရန်၊
❖ ထူးခြားသည့် အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားရန်၊
❖ အစိုးရပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့်သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြရန်၊
❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ထန်ပါခွေမြို့နယ်၌ မြေလွတ်မြေရိုင်း ၅၀ ဧက ဖော်ထုတ်ရေးကွင်းဆင်းဆောင်ရွက်

**ထန်ပါခွေ ဇွန် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်၊ ထန်ပါခွေမြို့၌ ဇွန် ၁၀ ရက်က မြေလွတ်မြေရိုင်းဧက ၅၀ ဖော်ထုတ်ရေးအတွက် လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီအဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ မြေလွတ်မြေရိုင်းဧက ၅၀ ကို စစ်ကိုင်းတိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည်ဖြစ်ကာ လယ်ယာမြေဧက ၅၀ ဖော်ထုတ်မည့်မြေနေရာအား ကွင်းဆင်းတိုင်းတာဆောင်ရွက်ခြင်းဖြစ်ကြောင်း လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး စိုက်ပျိုးရေး ဦးစီးမှူး ဦးဝေမင်းဦးက ပြောကြားသည်။

ထန်ပါခွေမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ဝမ်းစာဖူလုံရေးအတွက် မြေလွတ်မြေရိုင်းဧက ၅၀ အား ပထမတစ်နေရာအဖြစ် ထန်ပါခွေမြို့နယ်အတွင်းရှိ နန်စလိန်ချောင်းအနီးနှင့် ဒုတိယနှင့် တတိယနေရာအဖြစ် ထန်ပါခွေမြို့နှင့် တိုင်မောင်ချောင်းကြားအား ရွေးချယ်ခဲ့ကြောင်း လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီထံမှ သိရသည်။

**ဟန်ထွန်း(အင်း၀)**

## မိဘအမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်လှူး အုပ်စု၊ ကျောင်းစုကျေးရွာနေ မောင်လွင်ဖူး၏ မိဘအမည်မှန်မှာ ဦးစောအောင် ၉/တကန(နိုင်)၀၇၆၇၁၇ - ဒေါ်ညွန့်တင် ၉/တကန(နိုင်)၀၇၆၉၈၄ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့နယ်၊ လှာကာကျေးရွာ အုပ်စု၊ တန်(၄၀၀၀) ဘိလပ်မြေ စက်ရုံနေ မသူသူလွင် ၈/မမန(နိုင်)၂၄၂၉၉၁၏ဖခင် ဦးစိုးလွင် (ခ)ဦးစိုးလှ ၈/မမန(နိုင်) ၁၀၄၁၅၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးစိုးလွင်(ခ)ဦးစိုးလှ

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ဆိကွဝ ကျေးရွာနေ ဒေါ်ရီရီနွဲ့၏ အမည်မှန်မှာ ဒေါ်ရီနွဲ့ ၈/ပခက(နိုင်) ၁၂၅၅၃၀ ဖြစ်ပါကြောင်း။

ဒေါ်ရီနွဲ့

## ကန့်ကွက်နိုင်ပါကြောင်း

Dessert Bar HANDMADE BAKERY 0943007398

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ၃၃ လမ်း၊ အိမ်အမှတ် (၂၄၁)နေ (ဘ)ဦးအောင်ခင်၏သမီး ဖြစ်သူ မထွေးစုစုချစ် ၇/ပခန (နိုင်)၂၇၁၄၅၃မှ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်နှင့် အမှတ်အသားကို မုန့်မျိုးစုံထုတ်လုပ်သည့်လုပ်ငန်းတွင် အသုံးပြုရန်အတွက် ပဲခူးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြီး ကြေညာမည်ဖြစ်ပါကြောင်းနှင့် ကန့်ကွက်လိုသူတို့မှ ဤကြော်ငြာပါရှိသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးအောင်ခင်
တရားလွှတ်တော်ရှေ့နေ
(စဉ်-၂၅၈၁/၁၉၈၄)
အမှတ်(၂၄၁)၊ ၃၃လမ်း၊ ပဲခူးမြို့
ဖုန်း-၀၉-၅၃၀၁၇၂၇

## ကန့်ကွက်နိုင်ပါကြောင်း




ပဲခူးမြို့၊ ဈေးပိုင်းရပ်ကွက်၊ ၁၉လမ်း၊ အိမ်အမှတ်(၆၀)နေ (ဘ)ဦးတင်ဝင်း ၏သား ဦးထွန်းလင်းစိုး ၁၂/လမန(နိုင်)၁၂၉၁၅၄ မှ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်နှင့် အမှတ်အသားကို ဟင်းချိုမှုန့်နှင့် ဟင်းခတ်မှုန့်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ဖြန့်ချီရောင်းချသည့်လုပ်ငန်းတွင် အသုံးပြုရန်အတွက် ပဲခူးမြို့စာရွက်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်း ကြေညာမည်ဖြစ်ပါသည်။

ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် ဟင်းချိုမှုန့်နှင့် ဟင်းခတ်မှုန့်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်သည့်လုပ်ငန်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူတို့မှ ဤကြော်ငြာပါရှိသည့်ရက်မှ ၁၀ ရက်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးထွန်းလင်းစိုး
ဖုန်း-၀၉-၇၅၉၅၁၁၆၆၀
၀၉-၇၅၉၅၁၁၆၆၁

ဦးအောင်ခင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၅၈၁/၁၉၈၄)
အမှတ်(၂၄၁)၊ ၃၃လမ်း၊ ရှင်စောပုရပ်ကွက်၊
ပဲခူးမြို့၊ ဖုန်း-၀၉-၅၃၀၁၇၂၇

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (ဒ-၆၀၂၁)၊ မြေ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်မြတ်ဆုတင်(ဘ)ဦးမြင့်သန်း ၇/ပခန(နိုင်)၁၃၂၆၉၁ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား ဒေါ်မြတ်စုတင်ထံမှ အထူးကိုယ်စားလှယ်လွှဲအပ်စာရရှိသူ ဦးတိုးလွင်(ဘ)ဦးဆွေချစ် ၁၂/စခန(နိုင်)၀၁၅၆၉၃ မှ မြေငှားစာချုပ်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၃၄၈၉/၂၀၂၀) မူရင်းများတင်ပြ၍ ဒေါ်ယဉ်ယဉ်ဝင်းကျော် ၆/ထဝန(နိုင်)၀၆၉၈၁၅နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/8156 Ame OTC AMA03 P/U(၄ x ၂) ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ချစ် ၁၃/လရန(နိုင်)၁၃၆၀၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၅၅၃၅၇ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းအောင် ၉/မရတ(နိုင်)၀၀၁၁၆၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

## သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ (၇)လမ်းနေ(ဘ) ဦးအောင်နိုင် ၁၂/ကမရ(နိုင်)၀၃၇၄၅၉၊ အမိ ဒေါ်စန်းစန်းအေး ၁၂/ကမရ(နိုင်)၀၀၁၃၄၇ တို့၏သား မောင်ချမ်းမြေ့အောင် ၁၂/ကမရ(နိုင်)၀၅၈၃၉၆ သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း သိစေအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ
ဦးအောင်နိုင်-ဒေါ်စန်းစန်းအေး

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

### (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ -၁၄)
### စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်
### ၂၀၁၉ ခုနှစ် တရားမ ပထမ အယူခံမှုအမှတ် -၉၈

ဒေါ်တုတ် နှင့် ကိုခြံကြီး
အယူခံတရားလို အယူခံတရားပြိုင်

၂၀၁၉ခုနှစ်၊ စက်တင်ဘာ ၁၉ရက်စွဲပါ ရွှေဘိုခရိုင်တရားရုံးမှ တရားမကြီးမှု အမှတ် ၃၉/၂၀၁၈၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု၊ အယူခံတရားပြိုင်ကို ခြံကြီး(ဘ-ဦးကျော်မောင်)၊ ကျွန်းပင်သာရပ်၊ မြစ်ကြီးနားမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရွှေဘိုခရိုင်တရားရုံးတော်ကချပေးသည့် ဒီကရီကို အယူခံတရားလိုကအယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၀ရက်(၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၆ရက်)တွင်ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၀ ပြည့် နှစ် ဇွန် ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-
(အေးအိခိုင်)
လက်ထောက် ညွှန်ကြားရေးမှူး
စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ ဗေဒါလမ်း၊ အမှတ် (၁၃၈/ခ)၊ ပေ (၂၀x၆၀) အကျယ်အဝန်းရှိ မြေအကျိုးခံစားခွင့်အားလုံးတို့ကို ပါမစ်မိတ္တူပိုင်ရှင် ဦးအောင်နိုင်ဝင်း ၉/ရမသ(နိုင်)၀၈၅၁၀၆ထံမှ ကျွန်ုပ် ဦးအောင်ဇော်မျိုး ၇/တငန(နိုင်)၁၀၄၃၀၁ မှဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ဇော်မျိုး ၇/တငန(နိုင်)၁၀၄၃၀၁
မြို့မ (၃)ရပ်ကွက်၊ အနောက်စု၊ ပြွန်တန်ဆာမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊
ဖုန်း-၀၉-၂၅၀၃၉၄၆၆၃

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမိုး ၁၀/မလမ(နိုင်)၀၆၇၉၃၈၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်းကြေညာပါသည်။

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ် (၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၅/၅၀၄) တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးစိုးဝင်း ၃/ဘအန(နိုင်)၁၁၃၈၁၀တို့၌ သားသမီး သုံးဦးမွေးဖွားခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေနှင့် ဦးစိုးဝင်းတို့မှာ ၂၁-၇-၂၀၁၉ ရက်တွင် မိသားစုစီမံမှုကတိစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ ၁၉-၈-၂၀၁၉ရက်တွင် နှစ်ဦးသဘောတူလင်မယားကွာရှင်းပြတ်စဲခဲ့ကြပြီး ယင်းနေ့တွင်ပင် နှစ်ဦးသဘောတူပစ္စည်းခွဲဝေခြင်းကတိစာချုပ် ချုပ်ဆိုခဲ့ခြင်းများရှိခဲ့ကြပါသည်။

၂၁-၇-၂၀၁၉အရ (က) မခိုင်မို့မို့ဝင်း(သမီးကြီး)အား ဘားအံမြို့၊ ဥယျာဉ် (၁)လမ်း၊ (၅)ရပ်ကွက်၊ အမှတ် (၅/၅၈၂)၊ ကွင်းအမှတ် (၂၈)၊ မာန်အောင်အကွက်၊ ဦးပိုင်အမှတ် (၆/၂)၊ (၂၅x၁၀၅)ပေရှိ အိမ်ခြံမြေသည်လည်းကောင်း၊ (ခ) မောင်အောင်ဆန်းဝင်း (သား) အား အမှတ် (၅/၅၀၄)၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၅)ရပ်ကွက်၊ ကွင်းအမှတ် (၂၈)၊ မာန်အောင်အကွက်၊ ဦးပိုင်အမှတ် (၆/၁)၊ နှစ်ထပ်ခွဲတိုက်နှင့် (၂၅x၁၀၀)ပေရှိ အိမ်ခြေမြေအားလည်းကောင်း၊ မောင်ထူးခန့်အောင်(သား) ဘားအံမြို့၊ (၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၁/၃၅၆)၊ ကွင်းအမှတ် (၈)၊ ဈေးတန်းအရှေ့၊ ဦးပိုင်အမှတ် (၅၁/၂)၊ သုံးထပ်တိုက်နှင့် အိမ်ခြေမြေအားလည်းကောင်း အသီးသီးခွဲဝေရရှိ ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အဆိုပါ သားသမီးသုံးဦးတို့သည် မိခင်နှင့်အတူတကွ နေထိုင်ကြလျက်ရှိကြပြီး၊ အထက်ပါမရွှေ့မပြောင်းနိုင်သောပစ္စည်းများအား မိခင် ဒေါ်အေးအေးမိုးနှင့် သားသမီးသုံးဦးလုံး၏ခွင့်ပြုချက်မရရှိဘဲ/မသိရှိဘဲ မည်သူတစ်စုံတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံထားခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းဆောင်ရွက်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အစရှိသည်များမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်အေးအေးမိုး
၁၀/မလမ(နိုင်)၀၆၇၉၃၈

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကေသီဦး
(LL.B, D.B.L, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၉၃/၂၀၁၀/၁၁)
အမှတ် (၄၄)၊ ပထမထပ်၊ မာလာမြိုင် (၈)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆-B)၊ မြေကွက်အမှတ် ၁၅ အယ်လ် (၁)/၂အေ၊ ဧရိယာ ၀ဒသမ၁၄၉ဧကရှိမြေပိုင်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ကမာရွတ်မြို့နယ်၊ (၉)ရပ်ကွက်၊ စိမ်းလဲ့ကန်သာလမ်း (တက္ကသိုလ်ရိပ်သာလမ်း)၊ အမှတ်-၁၂၇ (A) ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူများဖြစ်သော ဦးသိန်းအောင် ၉/မကန (နိုင်)၀၀၈၇၃၁နှင့် ဒေါ်တင်ရွှေ ၉/မကန(နိုင်)၀၀၈၄၈၆တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာ အကြောင်းရှိနိုင်သူမည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီးခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးလိမ္မော် (LL.B) | ဦးဝေယံဦး (LL.B) | ဦးမျိုးသူရအောင် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၃၁၄) | (စဉ်-၁၄၁၃၆) | (စဉ်-၄၂၂၁၀) |

အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၆၉၂၂၉၉၅၆၃၊ ၀၉-၄၂၈၆၃၀၇၀၄

## အမှတ်တံဆိပ်သတိပေးကြေညာခြင်း

အမှတ် (၁၅၂/၁၅၃)၊ (ဝ-၉)၊ ၆၅ လမ်း၊ သာယာဝတီမင်းကြီးလမ်းနှင့် မြဝတီမင်းကြီးလမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး တွင် တရားဝင် ရုံးစိုက်သော **MYANMAR TEA LEAF COMPANY LIMITED** အနေဖြင့် အောက်ဖော်ပြပါ အမှတ်တံဆိပ်၏ မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်ပိုင်ရှင် ဖြစ်ပါသည်။

Myanmar Tea Leaf

(မှတ်ပုံတင်အမှတ်-၄/၄၈၆၅ / ၂၀၂၀)

အထက်ဖော်ပြပါအမှတ်တံဆိပ်အား (အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ် သတ်မှတ်ချက်-၁၅၊ ၃၀) ဖြင့် လက်ဖက် နှင့် စားသောက်ကုန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း တို့တွင် ကပ်နှိပ်ယှဉ်တွဲဖော်ပြ အသုံးပြုမည်ဖြစ်ပါသည်။

အဆိုပါအမှတ်တံဆိပ်အား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သော သဘောအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ တုပကူးယူခြင်းများနှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**MYANMAR TEA LEAF COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ဆုမွန်အောင်
အထက်တန်းရှေ့နေ(စဉ်-၂၉၉၂၄)

ဒေါ်ရွှေရည်ဝင်း
အထက်တန်းရှေ့နေ(စဉ်-၄၉၆၉၅)

**Partnership in practice between:**
**Bizlaw Consult Myanmar Co.,Ltd & MYANMAR IP PRO Co.,Ltd**
**No.527 (B-4), Zayya 18th Street, (10) Ward,**
**South Okkalapa Township, Yangon 11091, Myanmar.**
**Office Ph: +959 45678 1114, +959 45678 1115.**
**Email: bizlaw4@bizlawmyanmar.com, https://bizlawmyanmar.com**

ရက်စွဲ။ ။၂၀၂၀ခုနှစ်၊ ဇွန် လ၊ ၁၃ ရက်။

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(36-E)၊ မြေကွက်အမှတ် (၈၉ဘီ/၁+၈၉ ဘီ/၂) ဘီ၊ ဧရိယာ ၀ဒသမ ၀၉၂ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀) ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် (၁၀၇/A-1) ဟုခေါ်တွင်သော ရေမီးအစုံ၊ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဦးသန်းဝင်း ၁၂/ပဘတ(နိုင်)၀၀၀၈၄၈နှင့် ဒေါ်ဖြူဖြူသန်း ၇/ပမန(နိုင်)၀၆၉၇၆၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့် အိမ်အပေါ်ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းစာရွက်များနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထွေးထွေးဝင်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၁၁)
အမှတ် ၂၇၆၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်
ဖုန်း-၀၉-၅၁၅၂၆၀၉

## အမည်ပြောင်း

မြိတ်မြို့၊ ဈေးတန်းရပ်နေ ဦးကျော်နိုင်ဦး-ဒေါ်မြဝင်း တို့၏သား၊ အထက(ခွဲ) အလက(၁)စတုတ္ထတန်းနေ မောင်ပြေည့် ဦးအား ယနေ့မှစ၍ မောင်ချမ်းမြေ့အောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ချမ်းမြေ့အောင်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၇၂၈၂ ဟွန်ဒါဝေ့110 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၄၉၃၄ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးရွှေ ၅/ရဘန(နိုင်)၀၃၆၄၇၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)၊
ရွှေဘိုမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၁၄၀၆၉ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းအေး ၆/မအရ (နိုင်)၁၀၀၄၁၁ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

## အမည်ပြောင်း

ဦးအုန်းမြင့် ၏သမီး တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အထက(၂)ထားဝယ်၊ တက္ကသိုလ်ဝင်တန်းမှ မစကာဝါလှိုင်အား ယနေ့မှစ၍ မဆုမြတ်နိုးထက် ၆/ထဝန (နိုင်)၁၅၁၉၃၆ ဟုပြောင်းလဲခေါ်ပါရန်။

မဆုမြတ်နိုးထက်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/ 90620 Zong Shen -110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသန်း ၁၄/ပတန(နိုင်)၀၀၅၆၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် -၅၆၀ နှင့် ဆက်နွှယ်သည့် ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၆၁

ဦးမောင်မောင်ဝင်း နှင့် ၁။ ဦးကြည်စိန်
၂။ဒေါ်အုန်းတင်(ခ) ဒေါ်ခင်တင့်

ဒီကရီအနိုင်ရသူ တရားရှုံးများ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၃/၂)၊ စစ်ကိုင်းမြို့၊ ဇေယျာတိုးချဲ့မြို့သစ်၊ အမှတ် ၂လမ်းနေ (၁) ဦးကြည်စိန်၊ (၂) ဒေါ်အုန်းတင်(ခ)ဒေါ်ခင်တင့်(အတူနေ လင်မယား) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် -၅၆၀ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၃၀ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်ကျော်မိုး)
ဒုတိယခရိုင်တရားသူကြီး (၉)
မန္တလေးခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း)၊ ဒေါ်နွဲ့လေးနောင် အမည်ပေါက် မြေကွက်အမှတ် (၃၆၉)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို အမည်ပေါက်သူ ဒေါ်နွဲ့လေးနောင်မှ ဦးကျော်နိုင်(ဘ)ဦးထွန်းရင် ၁၃/နခတ(နိုင်)၀၉၉၇၉၅၊ ဒေါ်သွယ်သွယ်အောင်(ဘ)ဦးခင်မောင်သင်း ၉/ခအဇ(နိုင်) ၀၂၄၆၃၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၊ သံကူကွန်ကရစ် (၁၀၀'x၄၀'x၁၂') တစ်ထပ်ဆောက်လုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များကို ၁၂-၆-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၁၂-၇-၂၀၂၀ ရက် ၁၆:၃၀ နာရီဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်းနံပါတ်-၀၆၃-၂၈၅၆၃၊ ၀၆၃-၂၈၁၄၁ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၂/ရုံးရပ်)မင်္ဂလာ ဒီပရပ်ကွက်၊ မြေရေိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးအောင်ခင် ၁၄/ဝခမ(နိုင်) ၀၀၈၀၆၆ (ဘ) ဦးမှန်ရောင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၁၇၇၃)ကိုနေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၇၇/၂၀၁၇ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးခိုင်သန်းဇော် ၇/ပခန(နိုင်)၁၈၅၄၃၃ (ဘ)ဦးမောင်သိန်းမှ ဦးမြင့်စိုး ၁၂/ဗဟန(နိုင်)၀၀၈၅၅၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ် ဇဝနဒီပရပ်ကွက်၊ မြေရေိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဒေါ်စန်းစန်းထွေး ၁၂/မဘန(နိုင်) ၀၇၄၃၈၁(ဘ)ဦးပြော့ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၁၂၂၁) ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၀၆/ ၂၀၁၈ ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးမြတ်ညာဏစိုး ၁၂/ကတတ(နိုင်)၀၀၀၈၇၀(ဘ)ဦးမြင့်စိုးမှ Drဝတ်မှုံ ၁၀/ကထန(နိုင်)၀၀၀၃၆၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ ဥတ္တရသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဥ-၇၀၄၄)၊ မြေရေိယာ ၀ ဒသမ ၀၅၅ ဧက၏ အမည်ပေါက် ဦးကျော်သိန်းထွန်း (ဘ) ဦးကျော်ငွေ ၉/မထလ(နိုင်)၂၉၉၁၃၈ ကွယ်လွန်သွားပါသဖြင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်စောထွေး ၉/ပမန(နိုင်)၁၃၀၂၄၂ (ဘ) ဦးစိုး ညွှန့်မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ သေဆုံးမှုလက်မှတ်မိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကတိဝန်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှု မရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်ထုတ်ယူခွင့် လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၈၆၉၃၉ Honda Scoopy-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေ ၉/မဟမ(နိုင်)၀၀၉၈၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၁၄၃၁၉ KAMAX 110 M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိခိုင် ၁၃/ကမန(နိုင်)၁၂၉၆၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4L/9407 Suzuki Carry DA63T Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်သူမြ ၉/ခအဇ(နိုင်) ၀၂၂၄၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/2990 AUMARK BOX TRUCK Van (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဆန်ချီ ၁၃/လရန(နိုင်)၀၉၄၅၇၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ကွင်းအမှတ်(၁၁၇၆-ခ) ရေကျော်ရွာကွင်း၊ ဦးပိုင်အမှတ်(၃၅/၄၅)ရှိ မြေဧရိယာ ၀ဒသမ၂၁၄ဧက အား စက်မှု/စီးပွားလုပ်ငန်းသုံးမြေ အဖြစ် အသုံးပြုရန်အတွက် စက်မှု/ စီးပွားမြေငှားဂရန် ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားခြင်းကိစ္စအား ကန့်ကွက်သူရှိပါက ကန့်ကွက်ကြေညာစာပါသည့်ရက်မှ ရက်သတ္တပတ် (၁)လအတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**ဒေါ်နော်နော်အေး(ခ)နန်းအေးသင်းကြည်**
**၃/ဘအန(နိုင်)၁၇၂၆၁၉**
**ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း**
**ဖုန်း-၀၉-၇၉၁၅၈၉၈၀၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၇)ရပ်ကွက်၊ ကွင်းအမှတ်(၁၁၈၁) ရွာသစ်ကွင်း၊ မြေကွက်အမှတ်(၁၂၆၈-က)၊ မြေဧရိယာ ၀ဒသမ၀၄၁ဧကရှိ မြေနေရာအား ကျွန်မ ဒေါ်ခိုင်စံပယ်အောင် ၁၀/မဒန(နိုင်)၁၆၃၄၀၈ မှ ၎င်းမြေကွက်အား မြေငှားဂရန်ရရှိရေးအတွက် မြေပေးမိန့်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားခြင်းကိစ္စအား ကန့်ကွက်သူရှိပါက ကန့်ကွက်ကြေညာစာပါသည့်ရက်မှ ရက်သတ္တပတ် (၁)လအတွင်း ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာလိုက်သည်။

**ဒေါ်ခိုင်စံပယ်အောင် ၁၀/မဒန(နိုင်)၁၆၃၄၀၈**
**ဘားအံမြို့၊ အမှတ်(၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း**
**ဖုန်း-၀၉-၇၉၆၇၁၁၈၅၅**

## ဒေါ်တင်ယုယုဝင်းနှင့်အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်စည်ပင်အိမ်ရာနေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်မိုးဃ်းကြွေ၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းနှင့်အများသိစေရန်ကြေညာအပ်ပါသည်။

လူကြီးမင်းအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေထံပေးဆပ်ရန်ရှိသည့်ငွေကျပ်များအား ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပြန်လည်ပေးဆပ်ပါရန် ပေးဆပ်ခြင်းမရှိပါက တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်မိုးဃ်းကြွေ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုန်းမောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၅၀)**
**တိုက်(၂)၊ အခန်း(၈)၊ ပထမထပ်၊ ဥပုသ်တော်စည်ပင်အိမ်ရာ**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၄၁၃၀၇၃၃၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၂/မြို့ကွက်သစ်)၊ ဦးပိုင်အမှတ်(၂၉၇-ခ+၃၁၀-ခ)၊ ဧရိယာ ၀ဒသမ၁၁၀ ဧကရှိမြေအား ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်းနေ ဒေါ်ဝေဝေထွန်း ၁၄/ပတန(နိုင်)၀၀၅၃၈၇ မှ မြေငှားဂရန်အမည်ပြောင်းရရှိရေး အတွက် မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ည/ရပ်ကွက်၊ ဘုမ္မာ (၁၁) လမ်း၊အမှတ်(၃၅၇)မြေငှားဂရန် အမည်ပေါက်ဒေါ်နွဲ့ရီ(CE-023482)၊မြေငှားစာချုပ်အမှတ်-မဥ/ည-၅၄၇/၉၃၊ အမှုတွဲအမှတ်-ရကစ/မြေရာ(မဥ/ည-၅၄၇/၉၃)၏ အလျား ၄၀ ပေ x အနံ ၆၀ ပေ အနက် အလျား ၂၀ ပေ x ၆၀ ပေမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အပါအဝင်ပိုင်ရေးဆိုင်ခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ရီရီလွင် ၁၃/လရန(နိုင်)၀၃၀၈၅၁ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေများက စရန်ငွေအချို့အဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးမြင့် LL.B,D.B.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၆၁)**
**အမှတ်(၃)၊သမာဓိလမ်း၊ဆ/ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၁၀၃၉၄**

## အများသိစေရန်ကြေညာခြင်း

ဦးစိုင်းမြတ်မင်း ၁၂/ဗဟန(နိုင်)၀၈၆၂၆၀၊ ဒေါ်စုစုလှိုင် ၇/ရကန(နိုင်) ၀၄၃၁၅၆ တို့ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ကုန်းတလပေါင် ကျေးရွာ(တောင်ပိုင်း)၊ နှယ်နီလမ်း၊ အမှတ်(၆၃/က)ရှိ အလျား(၄၀)ပေxအနံ(၁၅)ပေ အကျယ်အဝန်းရှိ ခြံမြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးဖြိုးစည်သူ ၈/ခမန(နိုင်) ၁၄၄၁၂၂၊ ဒေါ်အိမွန်ဆွေ ၈/စလန(နိုင်)၁၄၆၀၃၂ အမှတ်(၅)၊ ကန်ဦးကျောင်းလမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူတို့မှ ဦးစိုင်းမြတ်မင်း၊ ဒေါ်စုစုလှိုင်တို့ထံက ၁၁-၆-၂၀၂၀ ရက်တွင် အပြီးအပိုင်ဝယ်ယူပြီး လက်ရောက်ရယူထားပါကြောင်းနှင့် အဆိုပါဝယ်ယူထားသည့်ခြံမြေနှင့်အဆောက်အအုံတို့၏ ပိုင်ရှင်မှာ ဦးဖြိုးစည်သူ၊ ဒေါ်အိမွန်ဆွေတို့သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖြိုးစည်သူ၊ဒေါ်အိမွန်ဆွေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှသက်ထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၅၀/၂၀၁၆)**
**ရုံး-ရှေ့နေများနားနေခန်း၊မင်္ဂလာဒုံမြို့နယ်၊တရားရုံးဝင်း**
**ဖုန်း-၀၉-၇၉၀၉၂၀၀၄၇**

## တံဆိပ်အမည်အမှတ်အသားအားအသိပေးကြေညာခြင်း

GENIUS STARS တံဆိပ်အမည်အမှတ်အသားအား ဒေါ်စန္ဒာဝင်း(ဘ)ဦးစန်းဝင်း(ခ) ဦးဆန်းဝင်းအောင် ၅/စကန(နိုင်)၂၃၆၇၆၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**တံဆိပ်မှတ်ပုံတင်နံပါတ်-၄/၁၀၀/၂၀၂၀**

အထက်ဖော်ပြပါ GENIUS STARS တံဆိပ်အမည်အမှတ်အသားကိုအသုံးပြု၍ စစ်ကိုင်းမြို့၊ ချင်းစုရပ်တွင် PRE-SCHOOL နှင့် LANGUAGE CENTER သင်တန်းများထူထောင်၍ ရက်တို၊ ရက်ရှည်အတန်းစဉ်အနေဖြင့် သင်ကြားပို့ချမည့်သင်တန်းများကိုလည်းကောင်း၊ ပညာရေးနှင့်သက်ဆိုင်သောဝန်ဆောင်မှုလုပ်ငန်းများကို တည်ဆဲတရားဥပဒေများနှင့်အညီ ထူထောင်ဖွင့်လှစ်လုပ်ကိုင်လျက်ရှိရာ ကောင်းသောသတင်းများဖြင့် ကျော်ကြား၍ အောင်မြင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆို တစ်ဦးတစ်ယောက်မျှ အထက်ဖော်ပြပါ GENIUS STARS တံဆိပ်အမည်အမှတ်အသားကို အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန်ရည်ရွယ်၍ တိုက်ရိုက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တုပသုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲနေကြောင်းတွေ့ရှိပါက တည်ဆဲတရားဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဆန်းဦး(စဉ်-၁၃၁၈၀)၊ ဒေါ်ညိုဇင်ထွန်း(စဉ်-၁၃၃၁၃)**
**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း-၀၉-၄၃၁၈၃၈၉၉၊ ၀၉-၉၇၄၈၂၆၂၆၈**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

တောင်သာမြို့နယ်၊ အောင်သာကျေးရွာနေ ဒေါ်မိုးဝေ၏ အမည်မှန်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ ဒေါ်မိုးမိုးဝေဖြစ်ပြီး၊ မွေးသက္ကရာဇ်အမှန်မှာ ၈-၄-၁၉၇၆ ဖြစ်ပါကြောင်း။

**ဒေါ်မိုးမိုးဝေ ၈-၄-၁၉၇၆**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ရေးမြို့၊ သီရိမာလာရပ်ကွက်၊ (၁) လမ်း၊ အိမ်အမှတ် (၁၁) နေ မိဘများဖြစ်ကြသော ဦးညာဏ်သိန်း ၁၀/ရမန(နိုင်)၀၁၅၄၁၆-ဒေါ်ခင်သန်းစိုး ၁၀/ရမန(နိုင်)၀၁၃၇၅၅ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

သမီးဖြစ်သူ မစိုးသူဇာသိန်း ၁၀/ရမန(နိုင်)၁၉၇၉၀၀ သည်မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘနှစ်ပါးစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုမူဆောင်ရွက်ခဲ့သဖြင့် မိဘများမှ သမီးအရင်းအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

မစိုးသူဇာသိန်းနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်မှာ မိဘနှစ်ပါး၊ မိသားစုနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ဦးညာဏ်သိန်းနှင့် မိသားစုများအပေါ် ဂုဏ်သရေပျက်စေသည့် ပြုလုပ်မှု (သို့) သတင်း (သို့) စကားများပြောဆိုခြင်း၊ ဖြန့်ဝေခြင်းများပြုလုပ်ခဲ့ပါက ထိုသို့ပြုလုပ်သူများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နီဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၄၇)**
**အမှတ် (၇၃)၊ မင်းခေါင်လမ်း၊ သီရိမာလာရပ်ကွက်၊ ရေးမြို့**
**ဖုန်း-၀၉-၄၂၅၃၅၄၃၆၂**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ (၂)ရပ် ကွက်၊ မင်းကျောင်းလမ်းနေ ဦးအောင်ချစ် ၇/ကတခ(နိုင်)၀၆၁၈၃၃၊ ဒေါ်ကျင်စိန် ၇/ကတခ(နိုင်)၀၆၁၈၃၂တို့၏သမီး မမေနှင်းဖြူ (ခ)မဖြူ ၇/ကတခ(နိုင်)၀၉၂၆၅၈ သည်မိဘ၊ ညီအစ်ကိုမောင်နှမများအား ဂုဏ်သိက္ခာထိပါးအောင်ပြုမူခဲ့ပါသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောင်တွင် ၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စကိုမဆို မိသားစုမှ လုံးဝဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးအောင်ချစ်-ဒေါ်ကျင်စိန်**

## အများသိစေရန်ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ (ရပ်-၉)ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ် (၄၉က) မြေကွက်အမှတ်(၉၃၊ ၉၄) မြေဧရိယာ ၀ ဒသမ ၀၄၇၅ ဧကခန့်ရှိသောမြေကို ဦးမင်းနိုင်အမည်ဖြင့် အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ညောင်လေးပင်မြို့**

## အများသိစေရန်ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ (ရပ်-၉)ဈေးပိုင်းရပ်၊ဦးပိုင်အမှတ်(၅၀) မြေကွက်အမှတ်(၉၁) မြေဧရိယာ ၀ ဒသမ ၀၆၃၆ ဧကခန့်ရှိသောမြေကို ဒေါ်အေးအေးနိုင်အမည်ဖြင့် အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန်လျှောက်ထား လာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ညောင်လေးပင်မြို့**

## မှတ်ပုံတင်နံပါတ်အမှန်

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ နယ်မြေ (၈) နေ မဆိုင်းဂျာဘရိမ်၏ မိခင် ဒေါ်ထုဆမ်၏ မှတ်ပုံတင်နံပါတ်အမှန်မှာ ၁/မကန(နိုင်)၂၂၉၅၀၇ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ဦးမောင်မောင်လွင် ပိုင်ဆိုင်သော Yar Zar Arr Man Co,Ltd ၏ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းရှင်ကတ် Registration No;49670(10-04-18) ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၂၄၁၂၀၈၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/6300 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျယ်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကော့ကရိတ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/8277 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အများသိစေရန်ကြေညာခြင်း

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာကျေးရွာအုပ်စု၊ တံတားဦးကျေးရွာ၊ ကွင်းအမှတ်(၁၆၈၉ ᪲)၊ သစ်ဖြူပင်ကွင်း၊ မြေကွက်အမှတ်(၁၄၈/၃၅၆)ရှိ ရွာမြေဧရိယာ ၀ ဒသမ ၃၉ ဧကခန့်ရှိမြေကို ဦးမြင့်လွင် ၁၃/တကန(နိုင်)၀၀၈၆၁၆ မှ မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

၂။ ထိုသို့လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်လာမှုမရှိပါက ဦးမြင့်လွင် ၁၃/တကန(နိုင်)၀၀၈၆၁၆အား မြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုဗ္ဗသီရိမြို့**

## ဗမ္မာစရိယစာသင်သား သီလရှင်များကို ဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း ရပ်ကွက်၊ မြကန်သာကျောင်းလမ်း " **လင်းမနောဟရ စာသင်တိုက်** " တွင် ၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်(၁၆-၇-၂၀၂၀)မှစ၍ စာပေကျွမ်းကျင် ဆရာတော်များက ဓမ္မာစရိယ ကျမ်းရင်းသုံးကျမ်းကို ပို့ချပါမည်။

သို့ဖြစ်ပါ၍ စာသင်ကြားလိုသော သီလရှင် (ဆရာလေးသိက္ခာရှင်) များကို ၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၅ ရက် (၉-၇-၂၀၂၀)မှစ၍ လက်ခံပါမည်။

စာပေသင်ကြားစဉ် ဆွမ်းဆန်မရပ်ရဘဲ စားစရာ နေစရာ ပြည့်စုံစွာ စီစဉ်ပေးပါမည်။

ဦးရေကန့်သတ်ချက်ကြောင့် ဆောလျင်စွာ လျှောက်ထားနိုင်ပါပြီ။

**ဆက်သွယ်ရန်ဖုန်း-**

**ဆရာကြီး ဒေါ်အညေသီ ဖုန်း - ၀၉-၅၁၉၃၈၈၆**

**ဆရာကြီး ဒေါ်ပညာစာရီ ဖုန်း- ၀၉-၄၂၁၁၁၈၆၉၈**

## Myat Myint Mo Oo Co.,Ltd ၏ ID/ED ပျောက်ဆုံးကြောင်းကြေညာခြင်း

မြတ်မြင့်မိုရ်ဦးကုမ္ပဏီအား အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးထားသော ID/ED စာရွက်စာတမ်းများပျောက်သွားသည်မှာ မှန်ကန်သည်ဖြစ်ကြောင်းနှင့် ပြန်လည်လျှောက်ထားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## Saung Hnin Wai Travel & Tours Co.,Ltd၏ ID/ED ပျောက်ဆုံးကြောင်းကြေညာခြင်း

ဆောင်းနှင်းဝေကုမ္ပဏီအား အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးထားသော ID/ED စာရွက်စာတမ်းများပျောက်သွားသည်မှာ မှန်ကန်သည်ဖြစ်ကြောင်းနှင့် ပြန်လည်လျှောက်ထားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ အောင်ရတနာရပ်ကွက်နေ ဒေါ်စိုးစိုးနိုင်မှ အကွက်အမှတ်(၃/ရန်ပယ်တောင်)၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ ၀ဒသမ၀၆၀ဧကရှိ မြေကွက်ကို ၎င်းအမည်ဖြင့် ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကော်လိတ္တော်အရာရှိ)ထံမြေငှားဂရန်အသစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားဖြင့် မကွေးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ သီတာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၉)၊ ဦးပိုင်အမှတ်(၆)၊ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေကွက်အား မူလက ဦးအာဆီးအမည်ဖြင့် ၃၀-၆-၂၀၀၉ထိ ၁၅နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါမြေငှားဂရန် အမည်ပေါက် သူဦးအာဆီးသည် ၁၄-၇-၂၀၀၀ရက်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်း၏ဇနီး ဒေါ်လမိုင်ရွှယ်မှ အမွေဆက်ခံကာ ဒေါ်လမိုင်ရွှယ်၏ အထူးကိုယ်စားလှယ် ဒေါ်ခေါန်မိုင်မှ ရောင်းချသူအဖြစ် ဆောင်ရွက်၍ ဦးထိန်နိုင်လနန် ၁/ကမန(နိုင်) ၀၁၁၅၄၅ -ဒေါ်နန်ရှန် ၁/ကမန(နိုင်)၀၁၁၅၄၆အမည်ဖြင့် ဝယ်ယူကာမြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ ကွင်းအမှတ်(၄၉၅-အေ)၊ မြေကွက်အမှတ်-၉၇၃၊ အလျားxအနံ(၁၀၀'x၁၂၀')ပေခန့်ရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက် ဒေါ်ကျင်စန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဒေါ်ဥမ္မာသန်း ၁၂/သဃက(နိုင်)၀၀၆၁၉၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ချို(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၁၁၃)**
**အမှတ်-၂၄၆၊ ၅လမ်း၊ ၁/ကရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၀၅၂၁၄၇၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ် (၉)၊ (၇) ရပ်ကွက်၊ အဝေရာလမ်း၊ မြေကွက်အမှတ် (၂၉၁/က) ဟုခေါ်တွင်သော အလျား (၂၀)ပေ x အနံ (၆၀)ပေ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တစ်လုံး၊ လျှပ်စစ်မီတာ၊ ရေအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းကြည် ၁၂/ကမရ(နိုင်)၀၀၄၄၉၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်မြင့် ၁၁/ရဗန(နိုင်)၀၂၀၀၅၈ ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိမ့်သန္တာအောင် (LL.B,D.I.L)**
**အထက်တန်းရှေ့နေ**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး (အပေါ်ထပ်)၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၇၉၉၇၂၃၂၈၁**

## CLAIMS DAY NOTICE
## M.V MODERN LINK VOY:NO(083)

Consignees of cargo carried by M.V MODERN LINK 1 VOY:NO(083) are here by notified that the vessel will arrive on about 15-6-2020 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from (08:00)AM to (11:20)AM and (12:00)NOON to (4:00)PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## CLAIMS DAY NOTICE
## M.V-WHITE TOMONY

Consignees of cargo carried by M.V-WHITE TOMONY are here by notified that the vessel will arrive on about 14-6-2020 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from (08:00)AM to (11:20)AM and (12:00)NOON to (4:00)PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ခြံနှင့်အိမ်ရောင်းမည်

သုဝဏ္ဏ၊ စုပေါင်း၊ (၂၃)ရပ်ကွက်၊ ကန့်ကော်မြိုင်လမ်းရှိ ခြံနှင့် နေအိမ်ကို ရောင်းမည်။ ဆိတ်ငြိမ်ရပ်ကွက်၊ မြေကွက်(၂)ကွက်တွဲ၊ ဧရိယာစတုရန်းပေ ၈၀၀၀၊ ဂရန်မြေ၊ ပိုင်ရှင်ကိုယ်တိုင်နေသည်။ ညှိနှိုင်းဈေးဖြင့်ရောင်းမည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၇၆၂၆၉၈၅၇၀၊**
**၀၉-၄၃၀၄၂၆၆၁၊**
**၀၉-၇၈၃၀၄၇၇၈၃**

## ကန့်ကွက်နိုင်ကြောင်း အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ် (၁)၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ ဗိုလ်စိန်မှန်လမ်း၊ မြေကွက်အမှတ် (၃၈၃) အကျယ်အဝန်း (၆၀x၄၀) ပေဧရိယာ ၀ ဒသမ ၀၅၅ဧက ရှိနှစ်(၆၀)ဂရန်မြေကွက်၏ အမည်ပေါက်မှာ ဒေါ်အေးနွယ် ၁၂/ဥကမ(နိုင်)၀၄၄၃၈ဖြစ်ပြီး ဒေါ်အေးနွယ်မှ မြေကွက် အရောင်းအဝယ် သဘောတူစာချုပ်ဖြင့် ၁၈-၁၂-၁၉၉၆ရက်တွင် ဒေါ်သန်းသန်းဌေး (TME-၀၁၄၀၇၇) ထံ ရောင်းချခဲ့ပြီး ဒေါ်သန်းသန်းဌေးမှ ၃၁-၃-၁၉၉၇ရက်တွင် ဦးသာစိန် (ISN-၅၆၆၄၇၀) ထံရောင်းချခဲ့ပါသည်။ ဦးသာစိန်ထံမှ ဒေါက်တာချိုမာလှိုင် ၉/လဝန (နိုင်)၀၀၇၂၁၈ အမှတ်(၂၈/ခ)၊ ဈေးကြီးလမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ၇-၁၂-၂၀၁၈ ရက်တွင် ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူခဲ့ပါသည်။

ယခုအထက်အမည်ပါ ဝယ်ယူထားသူ ဒေါက်တာချိုမာလှိုင်မှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ပြုလုပ်ရန် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အထက်အမည်ပါ ဆက်စပ်စာချုပ်ပါ ပုဂ္ဂိုလ်များသည် ယခုအသိပေး ကြေညာစာပါရှိပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းနိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၈၉) ၂၉-၇-၁၉၈၈**
**တိုက်(၅)၊ အခန်း (၁၀၁)၊**
**အောင်ဇေယျအိမ်ရာ၊ ကမ်းနားအလယ်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ဖုန်း-၀၉-၅၀၈၁၆၅၈**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၉/တောင်ရပ်ကွက်၊ ဝေဇယန္တာ ဥယျာဉ်အိမ်ရာ၊ တိုက်အမှတ်(၁)၊ အခန်း(၂၀၇)၊ ဒုတိယထပ်ဟုခေါ်တွင်သော တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ဆက်စပ်ပစ္စည်းများ အားလုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ကျော်လင်း(ဘ) ဦးသိန်းရင် ၁၂/သလန(နိုင်)၀၂၁၀၇၆ထံမှ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဦးသက်လှိုင်ဝင်း(ဘ)ဦးဝင်းရွှေ ၁၂/သဃက(နိုင်)၀၃၉၄၂၁က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှစ၍ ၁၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးနေမျိုးထွဋ်** | **ဦးရန်နိုင်** |
| **အထက်တန်းရှေ့နေ(စဉ်-၂၉၄၃)** | **အထက်တန်းရှေ့နေ(စဉ်-၄၆၁၆)** |
| **(LL.B,Diploma in Business Law)** | **(LL.B,Diploma in Business Law)** |

**Pioneer Law Firm**
**ဖုန်း-၀၉-၄၂၀၀၄၆၂၁၆၊ ၀၉-၇၉၆၂၈၂၀၄၄**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၉နှင့် ဆက်နွှယ်သည့် ၂၀၁၉ခုနှစ် တရားမဇာရီမှုအမှတ်-၅၃၀

| | | |
|---|---|---|
| ဒေါ်မျိုးမမ | **နှင့်** | ဒေါ်အိဆွေဇင်မြင့် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး၊ အမှတ်(၁) (မေခအိမ်ရာ)နေ တရားရှုံးဖြစ်သော ဒေါ်အိဆွေဇင်မြင့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၉/၂၀၁၇ တွင် ၃-၆-၂၀၁၉ရက်က ချမှတ်ထားခဲ့သော အမိန့်ဒီကရီကိုအတည်ပြုဆောင်ရွက်ပေးရန် ဤရုံးတော်သို့ တရားနိုင် ဒေါ်မျိုးမမက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီအတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်၏အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇူလိုင် ၇ရက် (၁၃၈၂ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၃ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၀ပြည့်နှစ် ဇွန် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်နေမျိုး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၇၂နှင့် ဆက်နွှယ်သည့် ၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ်-၂၅

| | | |
|---|---|---|
| ဦးခင်မောင်လတ် | **နှင့်** | ၁။ ဦးနေဝင်းနိုင်(ခ)ကိုဖိုးခွား |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် | | ၂။ ဦးအောင်ဝင်းစိုး |
| ဦးရဲထွဋ်) | | |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်(၁၉၅)၊ ၅လွှာ၊ (ဝဲ)ဘက်၊ ခေါင်းရင်းခန်းနေ ဦးနေဝင်းနိုင်(ခ)ကိုဖိုးခွား(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇၂တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇွန်၃၀ ရက် ၁၃၈၂ခုနှစ် ပထမဝါဆိုလဆန်း ၁၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ပြည့်နှစ် ဇွန် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ချိုထက်)**
**ဒုတိယခရိုင်တရားသူကြီး(၁၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/5672 SUZUKI CARRY (pick up) 4x4 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း ၁၂/လကန(နိုင်)၁၇၇၉၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/1589 CHANGHE P/U(4x2)Double Cab ယာဉ်လက်ဝယ်ရှိသူ ဦးအကျန်၁၂/လမတ(နိုင်) ၀၂၃၈၈၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊**
**အင်းစိန်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၄)မဉ္ဇူသက္ကလမ်း၊ အိမ်အမှတ်(၇၄)၊ အလျား ၆၃'xအနံ ၃၈'မြေနှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဘိုးဘွားပိုင်မြေအမျိုးအစားဖြစ်ပြီး ဒေါ်အေးသက်ထက်မွန် ၁၂/မဂဒ(နိုင်)၁၂၂၇၉ မှပိုင်ဆိုင်ကာ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နုနုဆွေ ၁၂/ဥကတ(နိုင်)၁၃၁၈၆၃၊ အမှတ်(၁၈၇)၊ ၂(က)ရပ်ကွက်နေထိုင်သူမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း စာရွက်စာတမ်းအခိုင်အမာနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာအပ်ပါသည်။

**ဒေါ်နုနုဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင် LL.B**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၇၈၆၇**
**အမှတ်-၁၇၆(က)၊ ဗဟိုလမ်း၊**
**၁က ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်**
**ဖုန်း-၀၉-၅၄၁၂၅၆၇**

## မိဘအမည်မှန်

တောင်ကြီးမြို့၊ အလက(၇)၊ အဌမတန်းအောင်မှ မောင်ကျော်သီဟနောင်၏ မိဘအမည်မှန်မှာ ဦးမောင်မောင်ဦး ၁၃/တကန(နိုင်)၀၇၃၉၃၁-ဒေါ်ခင်ဌေး ၁၃/တကန(နိုင်)၀၀၁၀၇၁ ဖြစ်ပါကြောင်း။ **ဦးမောင်မောင်ဦး-ဒေါ်ခင်ဌေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ ကရင်မရေထွက်၊ ဇလဲလမ်းနေ မအိအိခိုင် ၁၃/တကန(နိုင်)၂၇၈၂၈၄နှင့် မထွေးထွေးအောင် ၁၃/တကန(နိုင်)၂၆၉၂၇၈တို့၏ ဖခင် ဦးသောင်းမြင့်(ခ) ဦးသောင်းမြင့်ခိုင် ၉/တသန(နိုင်)၁၀၅၀၆၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်ခင်နွယ်ဝင်းနှင့် ဒေါ်ခင်မာကြည် ၁၃/ရစန(နိုင်)၀၀၁၁၅၅သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ခင်နွယ်ဝင်း(ခ)ဒေါ်ခင်မာကြည်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမက(၁၀)မှ ဒေါ်လုံတွန်း ၄/မတပ(နိုင်)၀၀၃၅၇၀ (မူပြ)၏ဖခင် ဦးဆာပင်းနှင့် ဦးဆပင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**Air Con**
**အဟောင်း/အပျက်များ**
**ဈေးကောင်းပေးဝယ်သည်**
**ကိုမောင်မောင်တင်**
**Ph: 09-5085850**
**09-73095950**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/8856 Daihatsu Hijet Pickup ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်းအောင် ၇/ပတန(နိုင်)၁၀၈၇၃၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/2662၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/9873 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊**
**အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/6634 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊**
**အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/8587 To Mark II Blit S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရှောက်မိန်၁၃/လရန(နိုင်) ၁၀၃၆၈၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး

## ဒေါ်အေးအေး

### မိုးကုတ်

### အသက်(၉၉)နှစ်

မိုးကုတ်မြို့၊ မြို့မရပ်နေ ကျောင်းအမကြီး(ဒေါ်ပုံ)၏သမီး၊ (ဦးအောင်ကျော်-ဒေါ်စိန်စိန်)၊ (ဦးမြင့်-ဒေါ်သန်းသန်း)ဦးလှရွှေ-ဒေါ်လှလှ တို့၏ အစ်မ၊ ရန်ကုန်မြို့၊ အမှတ် ၁၀၁၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးသိန်းလွင်)၏ဇနီး၊ ဦးသိန်းဇော်လွင်-ဒေါ်မေသီခNY ၊ ဒေါက်တာဒေါ်အေးအေးလွင်၊ ဦးမြင့်ဇော်လွင်-(ဒေါ်နွဲ့နွဲ့ရီ)တို့၏မိခင်၊ မယုယုဝေလွင် NY ၊ (ကိုဝေဖြိုး လွင်)၊ ကိုခန့်ဖြိုးလွင်NY ၊ မစိုးစန်းထက် San Fransisco ၊ မစန်းသီတာအောင်-ကိုကျော်မင်းသူ San Fransisco ၊ ဒေါက်တာ နှင်းနုအေး၊ မဆွေဆွေအောင်- ကိုကျော်သူဝင်း၊ ကိုအောင်မြင့်ဇော်-(မရတနာ)၊ ကိုရဲမင်းဇော်-မကျော့ကျော့ခိုင်၊ ကိုအောင်ကိုဇော်တို့၏အဘွားသည် ၁၁-၆-၂၀၂၀ ရက် (ကြာသပတေးနေ့) ည ၇:၁၅ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သိန်းတင်

### အသက်(၈၈)နှစ်

ကမ္ဘောဇဘဏ် တည်ထောင်သူ နာယကနှင့် ကမ္ဘောဇအုပ်စု နာယကကြီး ဦးအောင်ကိုဝင်း၏ မိခင်ကြီးဖြစ်သူ ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Noriyuki Hara,President,Chief Executive Officer**

**Mitsui Sumitomo Insurance Co.,Ltd, Tokyo, Japan**

---

## ဒေါ်အေးသာ

### ဟုမ္မလင်းမြို့

### အသက်(၉၆)နှစ်

ဟုမ္မလင်းမြို့ နောင်ပကျစ်ရပ်ကွက်နေ (ဦးဖိုးသောင်-ဒေါ်သက်စု)တို့၏ သမီး၊ (ဦးသိန်းအောင်)၏ဇနီး၊ ဦးထွန်းလွင်-(ဒေါ်မေရှင်)၊(ဦးအောင်ဝင်း)-ဒေါ်စန်းစန်း၊ ဒေါ်ခင်သန်းကြည်၊ စိုင်းချစ်ညွန့်-ဒေါ်နန်းခင်သန်းမြင့်တို့၏ မိခင်၊ ကိုဇော်မျိုးအောင်-နန်းယေခမ်းအွန်၊ နန်းအေးမွန်ခမ်း၊ စိုင်းအောင်ခမ်း၊ ဒေါက်တာ စိုင်းသုတတို့၏ အဘွား၊ နန်းခမ်းနွမ်၏ချစ်လှစွာသောဘွားဘွားကြီးသည် ၁၁-၆-၂၀၂၀ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၀ရက်တွင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်လေးမြင့်

### (B.Econ-1979)(DS)

### အသက်(၆၅)နှစ်

ပဲခူးမြို့နေ (ဦးစိုး-ဒေါ်ကျင်သန်း)တို့၏သမီး၊ (ဦးတင့်-ဒေါ်သန်းကြည်)တို့၏သမီးချွေးမ၊ ဦးတင်မောင်ဗိုလ်(တိုင်းဂျာ-ငြိမ်း-ဝါ/ပိုး)၏ ဇနီး၊ ဦးမျိုးဇင်-(ဒေါ်ဌေးဌေးမြင့်)၊ ဦးသန်းထွန်းဦး-ဒေါ်မူမူသန်း၊ ဦးဝင်းကို-ဒေါက်တာဒေါ် မူမူမြင့်တို့၏အစ်မသည် ၁၁-၆-၂၀၂၀ ရက်ည ၉:၄၅ နာရီတွင် အမှတ် ၉၅ အင်းလျားလမ်း(တက္ကသိုလ်)ဝင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၂၀ရက်တွင် သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းတင်

### အသက်(၈၈)နှစ်

COVID-19 ကာလအတွင်း ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီ၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်းအနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုအတွက် နေ့စဉ်စိတ်ရောကိုယ်ပါ ငွေအား၊ လူအားဖြင့် အားကြိုးမာန်တက် နေ့ညမနားကြိုးပမ်းဆောင်ရွက်လှူဒါန်း လျက်ရှိနေချိန်တွင် နာယကကြီး၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်သိန်းတင် အသက် (၈၈)နှစ် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခွန်ရဲထွေး နှင့် ဇနီး ဒေါ်မြတ်ခင်မော်
လမ်းပန်းဆက်သွယ်ရေးဝန်ကြီး
ရှမ်းပြည်နယ်အစိုးရအဖွဲ့

---

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းတင်

### အသက်(၈၈)နှစ်

COVID-19 ကာလအတွင်း ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီ၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်းအနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုအတွက် နေ့စဉ်စိတ်ရောကိုယ်ပါ ငွေအား၊ လူအားဖြင့် အားကြိုးမာန်တက် နေ့ညမနားကြိုးပမ်းဆောင်ရွက် လှူဒါန်းလျက်ရှိနေချိန်တွင် နာယကကြီး၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်သိန်းတင် အသက် (၈၈)နှစ် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုင်းလျှံတစ်လုံ နှင့်ဇနီး ဒေါ်နန်းကိန်ဟွမ်
လျှပ်စစ်ဝန်ကြီး
ရှမ်းပြည်နယ်အစိုးရအဖွဲ့

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁) ရပ်ကွက်၊ သရဖီလမ်း၊ မြေကွက်အမှတ်(၁၅၆၄+၁၅၆၅)၊ တစ်ကွက်လျှင် အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)စီရှိ ဒေါ်လန်ဝေါ် (၁၃/လရန (နိုင်)၀၈၆၇၂၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်လန်ဝေါ် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L, D.I.L, D.M.L,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်း မြို့နယ် ၊ အမှတ် (၇) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၅-ကံဘဲ့)၊ စိမ်းလဲ့မေရိပ်သာလမ်း၊ မြေကွက်အမှတ်(၅ B/9-8)ပေါ်တွင်ဆောက်လုပ်ထားသော တိုက်အမှတ် (၁၈) မှ အခန်းအမှတ် (4-A)(၄လွှာ)၊ အကျယ်အဝန်း(၁၆၈၀-စတုရန်းပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မာကြူ (၁၂/ ရကန(နိုင်)၀၂၈၀၂၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန် ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L, D.I.L, D.M.L,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

---

### မွေးသက္ကရာဇ်အမှန်

ဖောင်းပြင်မြို့နယ်၊ မင်းယားကျေးရွာနေ ဦးအောင်ခ၏သမီး မရည်ရည်ဌေး ၅/ဖပန(နိုင်)၀၀၆၂၂၈၏ နိုင်ငံသားစိစစ်ရေး ကတ်ပြားပါ မွေးသက္ကရာဇ် ၈-၁၂-၁၃၃၃ မှာ အမှားဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၈-၂-၁၉၇၂ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မပန်းအိဝေ၏ဖခင် ဦးမင်းသူနှင့် ဦးမျိုးမင်းထွန်း ၅/ခဥတ(နိုင်) ၀၇၈၀၂၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### မိဘအမည်မှန်

အထက(၄) စမ်းချောင်း တက္ကသိုလ်ဝင်တန်း တက်ရောက်မည့် မယမင်းဦး၏မိဘအမည်မှန်မှာ ကျော်နိုင်ဦး ၁၄/ ပစလ(နိုင်) ၀၂၂၄၀၈ နှင့် မကျင်သောင်း ၁၄/ ပစလ(နိုင်) ၀၀၈ ၈၇၃ တို့ဖြစ်ပါကြောင်း။

**ဦးကျော်နိုင်ဦး-ဒေါ်ကျင်သောင်း**

### အမည်ပြောင်း

ပျဉ်းမနားမြို့၊ ၃/၅၂ ဦးရန်ကျော်လမ်းနေ ရွှေချီရပ်ကွက် (ဘ) ဦးအောင်မြင့် ၉/ပမန(နိုင်) ၀၁၀၆၆၁ ၏သမီး ပျဉ်းမနားမြို့ အထက (၂) ဆဋ္ဌမတန်း (A) မှ မချယ်ရီအောင်အား မငွေဇင်ယော်မောင်မောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်ရှိ ဦးသန်းထိုက် ၉/ပမန(နိုင်) ၂၅၇၅၅၂၊ (ဘ) ဦးဇော်ဝင်း အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၁၄၁၀)၊ ၀ဒသမ ၁၁၀ဧကကို အမည်ပေါက် (ကွယ်လွန်)၏ညီမများဖြစ်ကြသူ ဒေါ်စပါယ်ဝင်း ၉/ပမန(နိုင်)၀၃၄၇၅၂နှင့် ဒေါ်အာကာစံ ၉/ပမန(နိုင်)၁၄၄၂၆၄၊ (ဘ) ဦးဇော်ဝင်း တို့မှ မှတ်ပုံတင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက် မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ**

---

### ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၃)၊ အကွက်အမှတ် (၂-ဟော်ကုန်းရပ်)၊ ဦးပိုင်အမှတ် (၂၅-ခ)၊ မြေယာနံပါတ် (12/97)၊ ဧရိယာ ၀ဒသမ၁၈၀ဧကရှိမြေနှင့်ပတ်သက်၍ ဒေါ်ခင်သန်း ၉/မမန(နိုင်)၀၄၁၆၃၅မှ အမည်ပြောင်းသက်တမ်းတိုးခြင်းကို လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မြေယာပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅/ပဒေသာ)၊ ဦးပိုင်အမှတ်(၉၉)၊ မြေယာအမှတ်(99)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေကွက်ကို ဒေါ်ဝေမာလွင် ၉/မမန(နိုင်)၀၇၉၃၄၈ အမည်ဖြင့် ဂရန်(သက်တမ်းတိုး) လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက် အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၁၆)၊ မြေယာအမှတ်(116)၊ မြေဧရိယာ(၀ဒသမ၀၄၆)ဧကရှိ မြေကွက်ကို ဒေါ်ရင်ရင်မြင့်(MMO-၂၉၁၆၄၇)အမည်ဖြင့် ဂရန်(သက်တမ်းတိုး)လျှောက်ထား မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက် အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

---

## သွေးသည် အသက်

## ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးကျော်ညွန့်မှန်

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ ၅၃၁(ဘီ)၊ မာလာမြိုင်ရိပ်သာလမ်းနေ (ဦးတင်မှန်–ဒေါ်မြဆက်)တို့၏ဒုတိယသား၊ ဒေါ်မေအုံးညွန့်ဝေ၏ခင်ပွန်း၊ (ဦးကျော်ဝင်းမှန်–ဒေါ်မြင့်မြင့်)တို့၏ညီ၊ ဒေါ်လွင်လွင်မှန်–ဦးကျော်တင်၊ ဒေါ်အေးအေးမှန်–ဦးကျော်တင်(Kenneth)၊ ဦးကျော်သန်းမှန်–ဒေါ်ခင်ဆွေဦး၊ ဒေါ်ဖြူဖြူမှန်–ဦးလှိုင်ဘုန်းမြင့်၊ ဦးကျော်မြင့်မှန်–ဒေါ်မြင့်မြင့်ခိုင်တို့၏ အစ်ကို၊ တူ၊တူမ ၁၃ ယောက်တို့ ၏ ဘကြီး၊ မြေး ငါး ယောက်တို့၏ အဘိုးလေးသည် ၁၁–၆–၂၀၂၀ ရက် (ကြာသပတေးနေ့) ည ၁၁:၁၇ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃–၆– ၂၀၂၀ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုကိုးကွယ်၍ မီးသင်္ဂြိုဟ်ပြီး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းမည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူညီအစ်ကိုမောင်နှမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သိန်းတင်

**မန္တလေး**

**အသက်(၈၈)နှစ်**

KBZ Bank/KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း–ဒေါ်နန်းသန်းထွေးတို့၏မိခင် ဒေါ်သိန်းတင် သည် ၇–၆–၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စိန်ဝတ်မှုန် ကုမ္ပဏီ လီမိတက် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သိန်းတင်

**မန္တလေး**

**အသက်(၈၈)နှစ်**

KBZ Bank/KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း–ဒေါ်နန်းသန်းထွေးတို့၏မိခင် ဒေါ်သိန်းတင် သည် ၇–၆–၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရဲမှူးချုပ် ဝင်းနိုင်နှင့် ဇနီး ဒေါ်မွှေးမွှေး မိသားစု**

## ဒေါ်ဥမ္မာမောင် အသက်(၆၀)

**LL.B (ဗဟိုတရားလွှတ်တော်ရှေ့နေ)**

**(ဆရာမောင်ဆေးတိုက်)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးထွန်းငြိမ်းလမ်း၊ အမှတ် ၃–ခနေ (သမားတော်ကြီး ဆရာမောင်–ဒေါ်မှန်)တို့၏မြေး၊ (ဦးမောင်မောင်–ဒေါ်အေးကြင်)တို့၏သမီး၊ (ဒေါက်တာ ရှိန်ဝင်း)–ဒေါက်တာခင်ဆွေဝင်း၊ ဒေါ်စိန်စိန်ဝင်း၊ (ဦးမောင်မောင်)–ဒေါ်မြင့်မြင့်ဝင်း၊ ဦးမြတ်ထူး–ဒေါ်နှင်းမောင်မောင်၊ ဒေါက်တာဇော်သန်းမောင်–(ဒေါ်အေးမောင်မောင်)၊ ဒေါ်ဝင်းမောင်မောင်၊ ဒေါ်ချူမောင်မောင်တို့၏ညီမသည် ၁၁–၆–၂၀၂၀ ရက် (ကြာသပတေးနေ့) ည၁၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၃–၆–၂၀၂၀ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ညွန့်မှန်**

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အသက်(၇၃နှစ်)**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်–ဒေါ်လွင်လွင်မှန်တို့၏အစ်ကို ဦးကျော်ညွန့်မှန် ညွှန်ကြားရေးမှူး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ၁၁–၆–၂၀၂၀ရက်(ကြာသပတေးနေ့) ည ၁၁:၁၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေး/အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန**
**ဝန်ထမ်းမိသားစုများ**

## ဒေါ်စောနန်းမြင့်(စိန်ဂျွန်း)B.A(DIPED)

**အငြိမ်းစားကျောင်းအုပ်ဆရာမကြီး**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့နေ (ဦးစောဂွါလ–ဒေါ်စိန်မြ)တို့၏သမီး၊ [ဗိုလ်မှူးမြသောင်း(ငြိမ်း)]၏ဇနီး၊ ဒေါ်စောနန်းစိန်၏ညီမ၊ ဦးဘိုစောဖြူ–(ဒေါ် စောနန်းကြွေ)တို့၏အစ်မ၊ ဦးသောင်းစောဦး–ဒေါ်အမလေး၊ ဒုတိယဗိုလ်မှူးကြီး သောင်းဇော်(ငြိမ်း)–ဒေါ်လွင်လွင်ညွန့်၊ (ကပ္ပတိန်အောင် ကြီး)–ဒေါ်လီမြသောင်း၊ ကပ္ပတိန်တေဇာမျိုးဝင်း–မော်လီမြသောင်း၊ ဦးကျော်ရွှေ–ဒေါ်မမသူဇာမြသောင်း တို့၏မိခင်၊ မြေး၁၂ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွား သည် ၁၂–၆–၂၀၂၀ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၆–၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၈–၆–၂၀၂၀ရက်(ကြာသပတေးနေ့) တွင် အမှတ်၃၉/လ၄၁၊ဗိုလ်တထောင်လမ်းနေအိမ်၌ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ထပ်တူဝမ်းနည်းခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သိန်းတင်(မန္တလေး)

**အသက်(၈၈)နှစ်**

KBZ Group နာယကကြီး သရေစည်သူ၊ ဝဏ္ဏကျော်ထင်စည်သူ ဦးအောင်ကိုဝင်းနှင့်ဇနီး ဒေါ်နန်းသန်းထွေး(အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ၊ လူမှုထူးချွန်ပထမဆင့်)တို့၏မိခင်ကြီး၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏အဘွား ဒေါ်သိန်းတင် အသက်(၈၈)နှစ် သည် ၇–၆–၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းပါကြောင်း။ အဘွား ဒေါ်သိန်းတင်သည် ကောင်းမှုစွမ်းအားကြောင့် ချမ်းသာမြင့်မြတ်မှုများသော သုဂတိဘဝသို့ လားရောက်ပါစေကြောင်း။

**အောက်စဖို့ ဆရာတော်နှင့်**
**ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ဥပတ္ထမ္ဘကအဖွဲ့**
**တောင်ကြီးမြို့၊ ရှမ်းပြည်နယ်**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စန်းမြင့်

**ဆရာမ(ငြိမ်း)၊အထက–သုဝဏ္ဏ၊ အထက – ဓနုဖြူ၊**

**အလက(၂)သာကေတ**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၅)ရပ်ကွက်၊ မဟော်ဂနီလမ်း၊ တိုက် ၂၀၃၊ အခန်း ၇နေ (ဦးထွန်းအုံ–ဒေါ်ခေင်)တို့၏သမီး၊ (ဦး ဟုတ်စန်း)၏ဇနီး၊ ဦးမျိုးမြင့်သောင်း–ဒေါ်ခင်အေးနွယ်၊ ဦးမြင့်သိန်း (ရွှေဘုန်းကုမ္ပဏီ)–ဒေါ်ခင်အေးသူတို့၏မိခင်၊ မောင်ဥဘဏ်လင်း–မနေခြည်မျိုးသစ်၊ မမေမြင့်သူခိုင်၊ မောင်အောင်မြင့်ဦးတို့၏ အဘွား၊ မသွန်းလရောင်လင်း၏ ဘွားဘွားကြီးသည် ၁၂–၆–၂၀၂၀ ရက် (သောကြာနေ့) နံနက် ၂:၄၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၁၄–၆–၂၀၂၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၈–၆–၂၀၂၀ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ငွေးရီ

**ဆည်/မြောင်းဦးစီးဌာန(ငြိမ်း)**

**အသက် (၆၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် (၂၂၆)၊ အခန်း (၉)နေ (ဦးခင်ညို–ဒေါ်ခင်ရွှေ)တို့၏သမီး၊ (ဒေါ်ခင်စောရီ၊ ဒေါ်ခင်စန်း ကြည်)၊ (ဦးစိုးအောင်)–ဒေါ်ခိုင်ခိုင်တို့၏ ညီမ၊ ဒေါ်ခင်မြင့်ဝေ–ဦးမြင့်သိန်း၊ ဒေါ်ခင်မြအေး၊ (ဦးမြင့်စိုး၊ ဦးစိုးသိန်း)၊ ဒေါ်ခင်ထားမော်–ဦးစံ ထွေး၊ ဒေါ်တင်တင်ခိုင်–ဦးကျော်ကျော်လင်း၊ ဒေါ်ထွေးထွေးသိမ့်တို့၏အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၁၂–၆–၂၀၂၀ရက် (သောကြာနေ့) ညနေ ၃:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၆–၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**သာသနာ့ဒါယိကာမကြီး**

## ဒေါ်ခင်လေးမြင့်

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မေခအိမ်ရာဝင်းနေ ဦးတင်မောင်ဗိုလ်(အငြိမ်းစား တိုင်းမန်နေဂျာ၊ မြန်မာ့ဝါလုပ်ငန်း)၏ဇနီး ဒေါ်ခင်လေးမြင့်သည် ၁၁–၆–၂၀၂၀ရက် (ကြာသပတေးနေ့) ည ၉နာရီခန့်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**လက်ပံတန်းမြို့ စိုက်ပျိုးရေးခြံဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယကချုပ် ဇနိတာရာမ မိုးကုတ်ရိပ်သာကြီးများ၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဇနိတာလင်္ကာရ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သိရပါ၍ ဆရာတော်ကြီး၏ တပည့် ဒါယကာ ဒါယိကာမများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ပသာသနာပြု မိုးကုတ်အဖွဲ့ခွဲ(၁)**
**သစ္စာပါရမီဆရာတော်နှင့်**
**တပည့်ဒါယကာ ဒါယိကာမများနှင့်**
**စင်ကာပူနိုင်ငံ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကျင်ဥ

**သုဝဏ္ဏဘူမိ–သထုံအသင်း(ရန်ကုန်)၏ နာယကကြီး**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာ ၃လမ်းနေ (ဦးယုကြည်)၏ဇနီး ဒေါ်ကျင်ဥ(သုဝဏ္ဏဘူမိ–သထုံအသင်း၊ ရန်ကုန်)၏ နာယကကြီး)သည် ၈–၆–၂၀၂၀ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ပြုံး(ဥက္ကဋ္ဌ–သုဝဏ္ဏဘူမိ သထုံအသင်း(ရန်ကုန်)–ဇနီး**
**ဒေါ်လှလှအေး–HOTEL GLORY မိသားစု**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်မြ

**ဝဲလောင်မြို့**

**အသက်(၉၁)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဝဲလောင်မြို့နေ(ဦးယု–ဒေါ်အိမ်မွှေး)တို့၏သမီး၊ (ဦးပု–ဒေါ်စိန်)တို့၏သမီးချွေးမ၊ ဒေါ်ခင်မေဦး၊ ကျောက်ပန်းတောင်းမြို့နေ ဦးကျော်ဝင်း–ဒေါ်ဟန်တင်(စူပါမင်း–ပွဲရုံ)၊ မြင်းခြံမြို့နေ ဦးစိုးမြင့်–ဒေါ်ရီမြသွေး၊ ရန်ကုန်မြို့နေ ဦးမျိုးလွင်–ဒေါ်သူဇာလှိုင်၊ ဦးနေလင်း–ဒေါ်အေးမြင့်ဇော်(ထူးသစ်–ဆန်ပွဲရုံ)၊ ဒေါ်ခင်မေလတ်(အမက–ဆည်ရွာ)တို့၏ ချစ်လှစွာသောမိခင်၊ မသူဇာကျော်ဝင်း၊ မောင်သန့်ဇင်ကျော်ဝင်း၊ မောင်မိုးဟိန်းထွန်း–မလင်းလင်း၊ ကိုဟုန်ဟုန်–ဒေါက်တာမေသူဇာမောင်(USA)၊ မောင်ခန့်ဇင်ကျော်ဝင်း၊ မဥမ္မာမြင့်တို့၏အဘွား၊ ဝဲလောင်မြို့နေ ဦးချစ်၏ချစ်လှစွာသောဇနီး သည် ၁၂–၆–၂၀၂၀ရက် နံနက် ၇:၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃–၆–၂၀၂၀ရက်ညနေ ၅နာရီတွင် ဝဲလောင်မြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကျော်သောင်း(ငြိမ်း)ရေ ၃၃၀၄ ၊ တပ်မတော်(ရေ) အသက်(၈၅)နှစ် သည် ၁၂–၆–၂၀၂၀ရက်(သောကြာနေ့) နံနက် ၇:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(ရေ)၊ စက်မှုလက်မှု အရာရှိများ**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်တင်ဝင်း

**သားဖွားဆရာမ (ငြိမ်း)**

**အသက်(၇၅)နှစ်**

လက်ပံတန်းမြို့၊ ကန်ကြီးလမ်း၊ အမှတ် ၂၇နေ (ဦးစိန်အေး)၏ဇနီး၊ ဦးသိန်းစိုး(ဖျာပုံမြို့နယ် အုပ်ချုပ်ရေးမှူး)–ဒေါ်သိုက်သိုက်ထွန်း၊ ဦး ဥက္ကာ–ဒေါ်ခိုင်ဇာဦး၊ ဦးကျော်ဇေယျ(ဦးစီးမှူး၊ နယ်စပ်ကုန်သွယ်ရေး)–ဒေါ်စန်းစန်းမော်တို့၏မိခင်၊ မြေး သုံးယောက်၏ အဘွားသည် ၁၀–၆–၂၀၂၀ ရက် တွင် ကွယ်လွန် သွားပါသဖြင့် ၁၁–၆–၂၀၂၀ရက်တွင် လက်ပံတန်းမြို့၊ အနောက်ဥယျာဉ်သုသာန်၌ သင်္ဂြိုဟ် ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**အများသိစေရန် ကြေညာချက်**

၁။ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၅၇)တွင် (၁)ခန်းတည်း (၈)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဒေါ်ညွန့်ညွန့်အေး (SP) ဦးသန်းမင်းဆွေ၊ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာဦးဝင်းထွဋ်(RSE-404)၊ လိုင်စင်ရကန်ထရိုက်တာ ဒေါ်ဝင့်မာလာအောင်(LC-1057)တို့အားရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ (၁၄–၅–၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၁၈၆၅/ ၁၈၆၆/ စည်ပင်–ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါအဆိုပါ(၁)ခန်းတည်း(၈)ထပ်တိုက်အဆောက်အဦ ဆောက်လုပ်ခွင့်အား လိုင်စင်ရကန်ထရိုက်တာ ဒေါ်ဝင့်မာလာအောင် (LC-1057)အစားလိုင်စင်ရကန်ထရိုက်တာ ဒေါ်မေဇင်ဦး(LC-1083)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာ (၂)ဦးတို့မှအဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့သို့တင်ပြလျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါကခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သင့်သွေးဖြင့် အသက်ကယ်ပါ

# ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ အမိန့်ထုတ်ပြန်

(စာ-၃)

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၁၂

ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲ၌ ပညာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဦးစားပေးလုပ်ငန်း ၁၂ ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံသားတိုင်း အနည်းဆုံး မူလတန်းပညာကို သင်ယူပြီးမြောက်ပြီး အလယ်တန်းပညာနှင့် အထက်တန်းပညာကို အဆင့်ဆင့် တိုးမြှင့်သင်ယူခွင့်များရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းတို့မှာ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏစွမ်းရည် အားနည်းသော ကလေးများ၊ ဆင်းရဲနွမ်းပါးသည့် ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိ ကလေးများ စသည့်ကလေးများအတွက် အလေးထားသည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ကွဲပြားခြားနားသည့်ဘာသာစကားပြောသော မူလတန်းသင် တိုင်းရင်းသားကလေးငယ်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲခြင်းနှင့် သင်ကြားခြင်းများအပါအဝင်

*စာမျက်နှာ ၈ ကော်လံ ၁* ◆



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပညာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

## ဖိလစ်ပိုင်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့



ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

နေပြည်တော် ဇွန် ၁၂

ပြည်ပမှ COVID-19 ရောဂါကူးစက်ပြန့်ပွားမှုအန္တရာယ်တို့မှ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပျံသန်းသည့် ခရီးစဉ်များ ယာယီရပ်ဆိုင်းမှုကြောင့် ဖိလစ်ပိုင်နိုင်ငံ မနီလာပင်လယ်အော်တွင် ကျောက်ချ ရပ်နားထားသည့် Carnival Cruise Line ကုမ္ပဏီပိုင် သင်္ဘောပေါ်မှ မြန်မာသင်္ဘောသားအမှုထမ်း ၁၂၉ ဦးနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၂၀ ဦး

*စာမျက်နှာ ၁၆ ကော်လံ ၅* ❖

## ဇူလိုင် ၁ ရက်မှစတင်ကာ ခရီးသွားလာခွင့် ပိတ်ပင်ထားမှု ဖယ်ရှားခြင်းကို အီးယူ ထောက်ခံ

(စာ-၁၃)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၂-၆-၂၀၂၀) ရက်နေ့၊ ည(၈:၀၀)နာရီ

(စာ-၁၅)

## ဘယ်လာရင်ကို ကမ်းလှမ်းရန် အင်တာမီလန် စီစဉ်

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသည် အာဆင်နယ်အသင်းမှ ညာခံစစ်ကစားသမား တစ်ဦးဖြစ်သူ ဟက်တာဘယ်လာရင်ကို ပေါင် ၂၇ သန်းဖြင့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ကမ်းလှမ်းသွားရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အင်တာမီလန်အသင်းနည်းပြဖြစ်သူ ကွန်တီသည် ၎င်း၏အသင်းကို အင်အားဖြည့်တင်းလုပ်ဆောင်လိုနေခြင်းကြောင့် ယခုလို ခံစစ်ကစားသမားဖြစ်သူ ဘယ်လာရင်ကို ကမ်းလှမ်းရန်စီစဉ်နေခြင်းဖြစ်သည်။ ထို့အပြင် ချယ်လ်ဆီးအသင်းမှ တိုက်စစ်ကစားသမား အိုလီဗာဂျီရုဒ် ကိုလည်း အသင်းသို့ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ဂျီရုဒ်သည် မကြာသေးမီက ချယ်လ်ဆီးအသင်းနှင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုထားသူဖြစ်သည်။

အသက် ၂၅ နှစ်အရွယ်ရှိ စပိန်ကစားသမား ဘယ်လာရင်သည် အာဆင်နယ်အသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ သုံးနှစ်ကျန်ရှိနေသေးသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

